# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
**Myanma Alinn Daily**

၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက် | ၂၀၁၇ ခုနှစ်၊ ဧပြီ ၂၈ ရက်၊ သောကြာနေ့၊ | အတွဲ (၅၆)၊ အမှတ်(၂၀၇)


### ချမ်းသာကို ဆောင်ရွက်တတ်၏

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

**စိတ္တဝဂ်(ဓမ္မပဒ - ၃၆)**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ မေ ၂၄ ရက်တွင် ကျင်းပမည်
# အောင်မြင်ရေးအတွက် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများက ကြိုးပမ်းဆောင်ရွက်



ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

**နေပြည်တော် ဧပြီ ၂၇**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပရေးဗဟိုကော်မတီအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးကို မေ ၂၄ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း၊ ဗဟိုကော်မတီအနေဖြင့် ပထမအစည်းအဝေးကျင်းပခဲ့ရာတွင် ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများကိုအခြေခံ၍ အားသာချက်၊ အားနည်းချက်များ သိရှိထားပြီးဖြစ်ကြောင်း၊ ယခုတစ်ကြိမ်တွင် ပိုမိုအဆင်ပြေကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အောင်မြင်ရေးအတွက် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများက ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ကြမည့် ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေး၊ တည်းခိုနေထိုင်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ အစည်းအဝေးခန်းမအတွင်း နေရာချထားရေး၊ ဧည့်ခံကျွေးမွေးရေး၊ *စာမျက်နှာ ၃ ကော်လံ ၁* ❁

## YBS ခရီးသည်များ အဆင်ပြေစေရန် စီစဉ်ဆောင်ရွက်
## စီမံချက် ပြစ်ဒဏ်ချမှတ်နိုင်ရန် ပြည်ထောင်စုအဆင့်သို့တင်ပြထား

**ရန်ကုန် ဧပြီ ၂၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသည့် YBS ဘတ်စ်ကားစနစ်ကို ခရီးသည်များ အဆင်ပြေစေရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး စည်းကမ်းဖောက်ဖျက်မှုများကို စီမံချက် ပြစ်ဒဏ်ချမှတ်နိုင်ရန် ပြည်ထောင်စုအဆင့်သို့ တင်ပြထားကြောင်း ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ယနေ့ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးတွင် ပြောကြားသည်။

"ကျွန်မတို့အနေနဲ့ အခု ခရီးစဉ်နှစ်ဆင့်၊ သုံးဆင့်စီးနေရတာတွေကို အတတ်နိုင်ဆုံး လျှော့ချဆောင်ရွက်ပေးနေပါတယ်။ ယာဉ်လိုင်းတွေ ထပ်တိုးလာအောင်မလုပ်ဘဲ ရှိပြီး *စာမျက်နှာ ၄ ကော်လံ ၁* ❖

## ပြည်ထောင်စုလွှတ်တော်နာယက အာဆီယံပါလီမန်ခေါင်းဆောင်များ အကြိုညှိနှိုင်းစည်းဝေးတက်ရောက်ရန် ထွက်ခွာ

စာ »၄

## မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

စာ »၃


KBZ BANK
STRENGTH OF MYANMAR
သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

## ကမ္ဘာ့ ဈေးကွက်သို့ တိုးချဲ့ဝင်ရောက်နေသော မြန်မာ့ပို့ကုန်များ

မကြာသေးသော အတိတ်ကာလကိုသုံးသပ်ပါက မြန်မာနိုင်ငံ၏ပို့ကုန်များတွင် သဘာဝဓာတ်ငွေ့ကဲ့သို့သော သယံဇာတပို့ ကုန်များက အရေးပါသော အခန်းကဏ္ဍကပါဝင်နေသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ သယံဇာတဟူသည် အကန့်အသတ် ဖြင့်သာရရှိနိုင်သော သဘာဝ၏လက်ဆောင်ပစ္စည်းဖြစ်၍ သယံဇာတပို့ကုန်များအပေါ်မှီခိုခြင်းသည် စီးပွားရေးအရ အားပျော့ချက်တစ်ရပ်ဖြစ်သည်ဟု ပညာရှင်များက ထောက်ပြကြပါသည်။ မြန်မာနိုင်ငံ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်သယံဇာတတင်ပို့မှုကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက သဘာဝဓာတ်ငွေ့ တင်ပို့မှုတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံခန့်လျော့နည်းသွား သကဲ့သို့ ကျောက်စိမ်းနှင့် သတ္တုတင်ပို့မှုတွင်လည်း အမေရိကန်ဒေါ်လာသန်း ၂၀၀ ခန့် လျော့နည်းသွားသည်ဟု သိရှိရပါသည်။ တင်ပြလိုသည်မှာ မြန်မာနိုင်ငံ၏ အတွေ့အကြုံများက သယံဇာတပို့ကုန်များအပေါ် အားပြုမှီခိုခြင်း မပြုရန် သတိပေးလျက်ရှိပါသည်။

နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သော သတင်းစာရှင်းလင်းပွဲ၌ အားတက်စရာသတင်းတစ်ရပ်ကို ထုတ်ပြန်ခဲ့ပါသည်။ ဤသည်မှာ လယ်ယာထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်းနှင့်ရေထွက်ပစ္စည်းတို့ကိုပြည်ပသို့တိုးချဲ့တင်ပို့နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ဤသို့တိုးချဲ့တင်ပို့နိုင်မှုကြောင့် အမေရိကန်ဒေါ်လာသန်း ၄၈၀ ခန့်ပိုမိုရရှိခဲ့သည်ဟုလည်း သိရှိရပါသည်။ သယံဇာတပို့ကုန်တို့ တင်ပို့နိုင်မှုလျော့နည်းခဲ့သော်လည်း လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍမှ ပို့ကုန်တို့ကို တိုးချဲ့တင်ပို့နိုင်ခဲ့ခြင်းသည် တိုင်းပြည်၏အနာဂတ်အတွက် ရေရှည်အလားအလာကောင်း တစ်ရပ်ဖြစ်ပါသည်။ ကျေးလက်ပြည်သူတို့က တိုင်းပြည်လူဦးရေ၏ သုံးပုံနှစ်ပုံခန့်ရှိသော မြန်မာနိုင်ငံ၌ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတို့မှ ပြည်ပပို့ကုန်တို့တိုးချဲ့တင်ပို့နိုင်ခဲ့ခြင်းသည် စစ်မှန်သော မင်္ဂလာသတင်းတစ်ရပ်ဖြစ်ပါသည်။

တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက ရွေးချယ်တင်မြှောက်သော လူထုအစိုးရဟူသော ဂုဏ်သိက္ခာကြောင့် မြန်မာနိုင်ငံ၏လယ်ယာထွက်ကုန်တို့ကို ဥရောပသမဂ္ဂအဖွဲ့ဝင် ၂၈ နိုင်ငံအပါအဝင် ဩစတြေးလျ၊ ဘီလာရု၊ ရုရှား၊ ကနေဒါ၊ ဆွစ်ဇာလန်၊ အိုက်စ်လန်၊ တူရကီ၊ ဂျပန်၊ အမေရိကန်နိုင်ငံတို့မှ ကုန်သွယ်မှုဆိုင်ရာ အထူးအခွင့်အရေးများ (GSP) ပေးအပ်ထားပြီးဖြစ်၍ရရှိပြီးအောင်မြင်မှုတို့ကို ရှေ့လာမည့်နှစ်များအတွင်း ပိုမိုအရှိန်အဟုန်မြှင့်တင်နိုင်တော့မည် ဖြစ်ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက (၈) ကြိမ်မြောက် ကမ္ဘာ့ဆန်စပါးညီလာခံသို့တက်ရောက်၍ ကမ္ဘာ့ဆန်ဈေးကွက်နှင့် ပြန်လည်ချိတ်ဆက်နိုင်ရေး ကြိုးပမ်းမှုသည်လည်းအားတက်စရာ ခြေလှမ်းတစ်ရပ်ဖြစ်ပါသည်။ ဤသို့ကြိုးပမ်းမှုကြောင့် အာဖရိကနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၅၃ နိုင်ငံသို့ဆန်တင်ပို့နိုင်ခဲ့ခြင်းသည် အသိအမှတ်ပြုရမည့် ခြေလှမ်းဖြစ်ပါသည်။ မကြာသေးမီကာလများအထိ တိုင်းပြည်၏ပို့ကုန်တို့ကို အိမ်နီးချင်းနိုင်ငံများသို့သာ အဓိကထားတင်ပို့နေရ၍ ကျဉ်းမြောင်းသော ဈေးကွက်ကိုမှီခိုရသော အနေအထားဖြစ်နေခဲ့ပါသည်။ ဤကဲ့သို့သော ကျဉ်းမြောင်းသည့် ဈေးကွက်ကိုမှီခိုနေရသော အခြေအနေမျိုးမှ ကမ္ဘာ့နိုင်ငံများစွာသို့တိုးချဲ့တင်ပို့နိုင်ခဲ့ခြင်းသည် ကျယ်ပြန့်သော ဈေးကွက်ကို ဆုပ်ကိုင်နိုင်ခြင်းဖြစ်၍ ဝမ်းမြောက်ဝမ်းသာကြိုဆိုကြောင်း လေးစားစွာဖော်ပြအပ်ပါသည်။ ။

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ကရင်ပြည်နယ် ပူးတွဲစောင့်ကြည့်ရေးကော်မတီဝင်များနှင့် ပြည်သူများ တွေ့ဆုံ

**ကြာအင်းဆိပ်ကြီး မေ ၂၇**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်၌ ကရင်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီဝင်များနှင့် ပြည်သူများတွေ့ဆုံပွဲ အခမ်းအနားကို မေ ၂၆ ရက်က ကြာအင်းကြီးကျေးရွာ ခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ JMCS ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ် ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်းက အမှာစကား ပြောကြားပြီး JMCS ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းစေးအွာက JMC ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအကြား လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အရ နှစ်ဖက်လေးစားလိုက်နာရမည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် စစ်ဘက်ဆိုင်ရာကျင့်ဝတ်များအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသူများက သိရှိ လိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။



**(မြို့နယ်ပြန်/ဆက်)**

## မျိုးဆက်သစ်ရင်ပြင် လူငယ်စာပေလက်ရာရှင်များသို့ စာမူများဖိတ်ခေါ်ခြင်း

The Global New Light of Myanmar သတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် မေလမှစ၍ အပတ်စဉ်တနင်္ဂနွေနေ့တိုင်း မျိုးဆက်သစ်ရင်ပြင်ကဏ္ဍကို ဖော်ပြသွားမည်ဖြစ်ပါသည်။

အဆိုပါကဏ္ဍအတွက် အတွေးအမြင်၊ ကဗျာ၊ ဆောင်းပါး၊ အက်ဆေး၊ ဝတ္ထုတိုစသည်တို့ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားပေးပို့နိုင်ပါသည်။

အဆိုပါ ကဏ္ဍကို စာမူပေးပို့သူများအနေဖြင့် The Global New Light of Myanmar သတင်းစာတိုက် အမှတ်(၁၅၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ dce@globalnewlightofmyanmar.com သို့ လိပ်မူ၍ (၁)ဖော်ပြလိုသည့်ကဏ္ဍ၊ (၂)အမည်ရင်းနှင့် ကလောင်အမည်၊ (၃) ပညာအရည်အချင်း၊ (၄)ကျောင်း/ကောလိပ်/တက္ကသိုလ်၊ (၅) ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်းနှင့် အခြားသော သတင်းစာတိုက်၊ မဂ္ဂဇင်းတိုက်များသို့ ပေးပို့ထားခြင်း မရှိကြောင်း ဝန်ခံကတိပြုချက်၊ (၆) မိမိနှစ်သက်ရာ ရောင်စုံဓာတ်ပုံတစ်ပုံ၊ (၇) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ (၈)ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်နှင့် လိပ်စာအပြည့်အစုံဖော်ပြ၍ ပေးပို့ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

- **စာတည်းအဖွဲ့**
- **The Global New Light of Myanmar သတင်းစာတိုက်**




## အဆင့်မြင့်ဆန်စပါးစိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆွေးနွေး

**ရန်ကုန် မေ ၂၇**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်တွင် အဆင့်မြင့်ဆန်စပါး စိုက်ပျိုးထုတ်လုပ်နိုင်ရေးဆွေးနွေးပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community-Centre)တွင် မေ ၂၆ ရက်က ကျင်းပရာ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးက ရှင်းလင်းဆွေးနွေးခဲ့ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့်စိုးက လယ်သမားများ အဆင့်မြင့်ဆန်းစပါး စိုက်ပျိုးထုတ်လုပ်နိုင်ရေးကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဒေါ်လဲ့ဝါဦးက မိမိတို့ဌာနအနေဖြင့်လည်း စိုက်ပျိုးနည်းစနစ်များကို နည်း ပညာပေးနိုင်ကြောင်း၊ လယ်သမားများအနေဖြင့်လည်း စိုက်နည်းစနစ်မှန်ကန်စေရေးကို ၎င်းတို့နှင့် ညှိနှိုင်းဆောင်ရွက်သင့်ကြောင်း ဆွေးနွေးပြီးနောက် တက်ရောက်လာသော လယ်သမားများက မိမိတို့သိရှိလိုသည်များကိုမေးမြန်း၍ အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### မီးဖိုမီးအသုံးပြုလျှင်

၁။ လူစောင့်ထားပါ။
၂။ လောင်စာမီးအားကို လိုအပ်သည်ထက်ပိုမသုံးပါနှင့်။
၃။ မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။
၄။ မီးဖိုနှင့်အမိုး၊ နံရံအကြားအပူခံအကာအရံများ ထားပါ။
၅။ ဆီအိုးတည်ပြီးမမေ့ပါနှင့်။

### ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၂၇-၄-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၃၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၇၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၆၉၅/၇၀၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၀၀/၇၂၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၅ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၁၅/၇၂၅ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၂ . ၀ |
| ဥရောပ | တစ်ယူရို | ၁၄၆၈ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၇၃ . ၂၀ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ . ၃၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ . ၁၇ |
| တရုတ် | တစ်ယွမ် | ၁၉၇ . ၀၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၁ . ၉၇ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ပြည်သူနှင့်အတူ

## အပြောင်းအလဲဖြစ်အောင် လုပ်နိုင်

**ကျွန်တော်တို့ရဲ့နောင်လာနောက်သားများ သာယာဝပြောတဲ့ အနာဂတ်ရရှိစေဖို့အတွက် ကမ္ဘာပေါ်ရှိ သက်ရှိအားလုံးကို ထိန်းသိမ်းရေးဆိုတဲ့ ဘုံလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရာမှာ အစိုးရ၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းစုများအပြင် ပြည်သူများအနေနဲ့ ပူးပေါင်းပါဝင်ကြဖို့ လိုအပ်ပါတယ်။ မိမိတို့၏ အနာဂတ်မျိုးဆက်တွေအတွက် သက်ရှိမျိုးစိတ်အားလုံးကို ထိန်းသိမ်းရန် တတ်နိုင်တဲ့ဘက်ကကူညီကြဖို့ အားလုံးကိုတောင်းဆိုပါတယ်။ တောရိုင်းတိရစ္ဆာန်နဲ့ သဘာဝအပင်များ တရားမဝင် ရောင်းဝယ်ဖောက်ကားနေမှုကို လုံးဝလက်မခံဘူးဆိုတာကို ပြသပြီး အပြောင်းအလဲဖြစ်အောင် လုပ်နိုင်ပါတယ်။**

(နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ဇွန် ၅ ရက်တွင်ကျင်းပသော ၂၀၁၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ငြိမ်းချမ်းရေးဟာ အဓိကအရေးကြီး

**ကျွန်မတို့နိုင်ငံအတွက် ငြိမ်းချမ်းရေးဟာ အဓိကအရေးကြီးပါတယ်။ ကျွန်မတို့နိုင်ငံ ငြိမ်းချမ်းရေးမရရှိခြင်းမှာ ကျွန်မတို့ပြည်ထောင်စုသားများအားလုံးရဲ့ ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်၊ စိတ်ပိုင်းဆိုင်ရာလိုအပ်ချက်တွေကို မဖြည့်ဆည်းနိုင်ခြင်းကြောင့် ဖြစ်ပါတယ်။**

(နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ဩဂုတ် ၁၅ ရက်တွင် ကျင်းပသော ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

❀ ***ရှေ့ဖုံးမှ***

အခမ်းအနားပြင်ဆင်ရေး၊ လုံခြုံရေး၊ သတင်းပြန်ကြားရေး၊ ကျန်းမာရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုကော်မတီဝင်များက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပရေး ဗဟိုကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဦးသန့်စင်မောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာဖေမြင့်၊ ဒေါက်တာမြင့်ထွေး၊ ဦးအုန်းမောင်၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ဗိုလ်ချုပ်အောင်စိုး၊ ဗိုလ်ချုပ်သန်းထွဋ်၊ ဦးခင်မောင်တင်၊ ဦးကျော်မျိုး၊ ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပရေး ဗဟိုကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

## မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် မေ ၂၇**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဥရောပသမဂ္ဂသံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီယာ ဦးဆောင်သည့် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများအား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ဓာတ်ပုံ)**

**ဆွေးနွေး**

တွေ့ဆုံစဉ် လွှတ်တော်ရေးရာလုပ်ငန်းများနှင့် ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုလွှတ်တော်နာယက အာဆီယံပါလီမန်ခေါင်းဆောင်များ အကြိုညှိနှိုင်းစည်းဝေး တက်ရောက်ရန် ထွက်ခွာ



**ရန်ကုန် မေ ၂၇**

ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ မေ ၂၇ ရက်မှ ၃၀ ရက်အထိကျင်းပမည့် အာဆီယံပါလီမန် ခေါင်းဆောင်များ၏ အကြိုညှိနှိုင်းအစည်းအဝေးနှင့် 30 th ASEAN SUMMIT အစည်းအဝေးတွင် ပါဝင်သည့် ASEAN – AIPA Interface သို့တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် တာဝန်ရှိသူတို့က ရန်ကုန်ပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့တွင် ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးနှင့် အမျိုးသားလွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသီဟဟန်တို့ လိုက်ပါသွားကြသည်။

**(သတင်းစဉ်)**

**ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ အာဆီယံပါလီမန်ခေါင်းဆောင်များ၏ အကြိုညှိနှိုင်းအစည်းအဝေး တက်ရောက်ရန် ဖိလစ်ပိုင်နိုင်ငံသို့ ထွက်ခွာရာ ရန်ကုန်ပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်စဉ်** (သတင်းစဉ်)

## မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၂၇**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်ညနေအထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**(မိုး/ဇလ)**

## ပြည်ခရိုင် ဥပဒေရုံး ဝန်ထမ်းအိမ်ရာအဆောက်အအုံသစ်ဖွင့်ပွဲကျင်းပ

**ပြည် မေ ၂၇**

ပြည်ခရိုင် ဥပဒေရုံး ဝန်ထမ်းအိမ်ရာအဆောက်အအုံသစ်ဖွင့်ပွဲနှင့်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ပြည်မြို့ရတနာမာန်အောင် ကွက်သစ်၊ ရတနာမာန်အောင်လမ်းရှိ အဆိုပါအဆောက်အအုံသစ်ရှေ့၌ မေ ၂၇ ရက် နံနက် ၇ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဥပဒေအရာရှိချုပ် ဦးအုန်းမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျနှင့် တိုင်းဥပဒေအရာရှိ ဦးအုန်းသန်းတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ယင်းနောက် တိုင်းဒေသကြီး ဥပဒေအရာရှိချုပ်နှင့် တိုင်းဥပဒေအရာရှိတို့က အမှာစကားများ ပြောကြားကာ ပြည်ခရိုင် ဥပဒေအရာရှိ ဒေါ်ခင်မြသီက အခမ်းအနားတက်ရောက်လာကြသူများအား ကျေးဇူးတင်စကားပြောကြားပြီး တာဝန်ရှိသူများကို ဖွင့်ပွဲအထိမ်းအမှတ်အလံများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



❖ ***ရှေ့ဖုံးမှ***

သားယာဉ်လိုင်းတွေကိုပဲ ခရီးသည်တွေ အဆင်ပြေအောင် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ကားများတွင် GPS တပ်ဆင်တာတွေ ပြုလုပ်ကာ Traffic Control Center မှလည်း ထိန်းချုပ်သွားမှာ ဖြစ်ပါတယ်။ မီးပွိုင့်တွေ တပ်ဆင်ခြင်း၊ GPS တွေ တပ်ဆင်ခြင်း၊ Yangon Bus Operator ဆောင်ရွက်ခြင်း လုပ်ငန်းတွေကို မေလလယ်လောက်မှာ ပြီးစီးမှာဖြစ်လို့ လုပ်ငန်းတွေ လည်ပတ်တော့မှာဖြစ်ပါတယ်။ ညကြီးပိုင်း ကားတွေပြေးဆွဲဖို့နဲ့ ဆုပေး ဒဏ်ပေးစနစ် ကျင့်သုံးဖို့လည်း စီစဉ်ထားပါတယ်။ လုံခြုံရေးအားနည်းမှုကြောင့် ဖြစ်ပေါ်နေတဲ့ ပြဿနာတွေကိုလည်း ဖြေရှင်းဖို့ အဖြေရှာထားပြီးဖြစ်ပါတယ်။ မြို့တွင်း ယာဉ်လိုင်းတွေဖြစ်တဲ့ ၅၆၊ ၅၇၊ ၅၈ ယာဉ်လိုင်းတွေရှိ မီနီဘတ်စ်နေရာမှာ စီးတီးဘတ်စ်ယာဉ်တွေ အစားထိုးပြေးဆွဲသွားမှာ ဖြစ်ပါတယ်။ စည်းကမ်းမဲ့ယာဉ်တွေကို ကျွန်မတို့အနေနဲ့ ထိရောက်စွာ အရေးယူဖို့အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဥပဒေ ၁၃၈ ချက်ရှိပါတယ်။ ဒါပေမယ့် အဲဒါတွေဟာ တကယ်အရေးယူတဲ့အချိန်မှာ ထိရောက်မှုမရှိပါဘူး။ နောက်တစ်ခုက အရေးယူနိုင်တဲ့ ဘောင် ကျော်သွားရင်၊ ရဲအရေးပိုင်တဲ့ကိစ္စဆိုရင် ရဲဘက်ကိုလွှဲပေးရပါတယ်။ အဲဒီအတွက် စီမံချက်ပြစ်ဒဏ် ချမှတ်နိုင်ဖို့ ပြည်ထောင်စုအဆင့်ကို တင်ပြထားပါတယ်”ဟု ဒေါ်နီလာကျော်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန် တင်သွင်းခဲ့သည့် “ရန်ကုန်တိုင်းဒေသကြီးအတွင်း အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်အား ယခုထက်ပိုမိုကောင်းမွန်လာစေရေးနှင့် ထိရောက်သော စည်းမျဉ်း စည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်ပြီး လုပ်ငန်းဆောင်ရွက်ချက်များအား အများပြည်သူသိရှိနိုင်ရေး ပွင့်လင်းမြင်သာမှုရှိစွာ ချပြနိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း” အဆိုနှင့်ပတ်သက်၍ မေ ၂၄ ရက်က ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၂၆ ဦးက ထောက်ခံဆွေးနွေးခဲ့မှုအပေါ် ယနေ့ပြန်လည်ရှင်းလင်းရာတွင် ၎င်းက ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

YBS စနစ်ကို အဆင့်မြှင့်တင်ရာတွင် မြို့ပတ်ရထားပြေးဆွဲမှုကိုလည်း ယခုထက်ပိုမိုကောင်းမွန်သည့် စနစ်ဖြစ်အောင် ကြံဆနေကြောင်း၊ Water Taxi ကို တင်ဒါအောင်မြင်ထားသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များက ဆောင်ရွက်ရန်စီစဉ်နေကြောင်း၊ လိုအပ်သည့် Jetty များကို ဘတ်စ်ကားဂိတ်များနှင့် ချိတ်ဆက်နိုင်ရန်အတွက်လည်း ယခုဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ပြောသည်။

ဆက်လက်၍ “မူလဖော်ပြထားတဲ့ လမ်းကြောင်းတွေနဲ့ ကွဲလွဲသွားတယ်ဆိုတဲ့အချက်ကတော့ ပြည်သူတွေရဲ့တောင်းဆိုမှုအရ ယာဉ်လိုင်းအုပ်ချုပ်သူတွေနဲ့ ညှိနှိုင်းပြီးတော့ ဆောင်ရွက်ပေးခဲ့ရတာကြောင့်ပဲဖြစ်ပါတယ်။ YBS က မအောင်မြင်ဘူး၊ ကျရှုံးတယ်ဆိုတဲ့ စကားကိုလက်မခံနိုင်ပါဘူး။ ဆောင်ရွက်ဆဲကာလမှာ ဒီလိုမျိုး ဆုံးဖြတ်ချက်စောတဲ့ စကားလုံးမျိုးကို မသုံးစွဲစေချင်ပါဘူး။ ဒါ့ကြောင့် လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့ ပြည်သူစိတ်ပျက် YBS ဆိုတဲ့နိမိတ်ပြ စကားလုံး၊ ရည်ရွယ်ချက်က ဆန့်ကျင်ဘက်ရောက်သွားတဲ့ စကားလုံးမျိုးကို ကျွန်မတို့ လက်မခံနိုင်ပါဘူး။ ဒါတွေကို အချိန်တန်ရင် ပြည်သူက အဆုံးအဖြတ်ပေးပါလိမ့်မယ်၊ ပြည်သူက ဆုံးဖြတ်သွားမှာဖြစ်ပါတယ်” ဟု ပြောကြားသည်။

လတ်တလောကာလတွင် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ YRTA ဥပဒေကိုရေးဆွဲလျက်ရှိပြီး YRTA စီမံကွပ်ကဲမှုအောက်တွင် ဘတ်စ်ကား၊ တက္ကစီ၊ ကုန်တင်ယာဉ်၊ ကိုယ်ပိုင်ယာဉ်၊ မီးရထားတို့အပြင် ရေလမ်းနှင့် လေဆိပ်တို့လည်းပါဝင်သည့်အတွက် သက်ဆိုင်ရာ ဥပဒေများကို ပြည့်ပြည့်စုံစုံဖြစ်အောင် ရေးဆွဲလျက်ရှိကြောင်း သိရသည်။

YBS ဘတ်စ်ကားစနစ်တွင် အရေးယူဆောင်ရွက်မှုများအနေဖြင့် YBS စနစ် စတင်ပြောင်းလဲလိုက်သည့် ဇန်နဝါရီ ၁၆ ရက်မှ စတင်၍ ယနေ့ အထိ အရေးယူမှုပေါင်း ၆၀၀၀ ကျော်ရှိကာ ယာဉ်စီးခ ပိုတောင်းခြင်း၊ ခရီးသည်အား မချေမငံ ဆက်ဆံပြောဆိုခြင်း၊ အရှိန်ပြင်း မဆင်မခြင်မောင်းနှင်ခြင်း၊ ဂိတ်အစအဆုံး မမောင်းခြင်း၊ ကိုယ်ထိလက်ရောက် ကျူးလွန်စော်ကားခြင်း၊ သတ်မှတ်လမ်းကြောင်းအတိုင်း မောင်းနှင်မှုမရှိခြင်းစသည့် အချက်များဖြင့် အရေးယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“အရေးယူတဲ့အခါမှာလည်း ပြစ်မှုရဲ့ အတိမ်အနက်ပေါ် လိုက်ပြီးတော့ ယာဉ်မောင်းကို ယာဉ်မောင်းနှင်ခွင့် မပြုတာမျိုးနဲ့ ယာဉ်နောက်လိုက်ကို ယာဉ်လိုက်ခွင့်မပြုတာမျိုးတွေ လုပ်ပါတယ်။ နောက်ဆုံးမှာ YRTA ကနေထုတ်ပစ်ပြီး ယာဉ်လိုင်းပြေးဆွဲခွင့် မပြုတော့တဲ့ အရေးယူမှုမျိုးအထိ ဆောင်ရွက်နေပါတယ်။ ကျွန်မတို့အနေနဲ့ စည်းကမ်းမဲ့ယာဉ်တွေကို ထိရောက်စွာ အရေးယူနိုင်ဖို့ လိုအပ်တဲ့ပြစ်ဒဏ်တွေ ချမှတ်နိုင်ဖို့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြထားပါတယ်”ဟု ဒေါ်နီလာကျော်က ပြောသည်။

လက်ရှိကာလတွင် YBS ဂိတ်ရင်း၊ ဂိတ်ဖျားများကို ရှေ့လျားအဖွဲ့ ၁၀ ဖွဲ့ဖြင့် လိုက်လံစစ်ဆေးနေသည့်အပြင် ယာဉ်စီးခပိုမိုတောင်းခံခြင်းများကို ဒဏ်ကြေးရိုက်ခြင်း၊ စည်းကမ်းဖောက်ဖျက်သည့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များကို ထိရောက်သည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိကြောင်းသိရသည်။

အလားတူ ကာလတိုအတွင်း မထသလက်ထက်တွင် သေဆုံးသူ ၁၂ ဦးနှင့် ဒဏ်ရာရရှိသူ ၁၃၀ ရှိခဲ့သော်လည်း YBS ကာလတိုအတွင်း သေဆုံးသူ ခုနစ်ဦးနှင့် ဒဏ်ရာရရှိသူ ၁၀၉ ဦးသာရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများကို ဝန်ဆောင်မှုပေးရန် YBS ယာဉ်လိုင်းပေါင်း ၈၀ ကျော်မှ ဘတ်စ်ကား အစီးရေ ၃၇၀၀ ကျော်ဖြင့် ပြေးဆွဲလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း လူဦးရေ ခြောက်သန်းကျော်ရှိသည့် အနက် ပြည်သူ ၂ ဒသမ ၅ သန်းခန့်မှာ ခရီးသွားလာရေးအတွက် ဘတ်စ်ကားများကို နေ့စဉ်အသုံးပြုနေရကြောင်း သိရသည်။



**သတင်း-ဇော်ကြီး(ပဏီတ)၊ ထင်ပေါ်ဝင်း**

**ဓာတ်ပုံ-ဇော်မင်းလတ်**

# နယ်သာလန်နိုင်ငံသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော မိတ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်

**နေပြည်တော် ဧပြီ ၂၇**

နယ်သာလန်နိုင်ငံဘုရင် ဝီလီယမ် အလက်ဇန်းဒါး မွေးနေ့အထိမ်းအမှတ် နယ်သာလန်အမျိုးသားနေ့ အခမ်းအနားနှင့် မြန်မာ-နယ်သာလန် သံတမန်ဆက်သွယ်မှု နှစ်(၇၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ Lake Garden ဟိုတယ်၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလွမ်းတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနှင့် နယ်သာလန်နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများဖြင့် နယ်သာလန်နိုင်ငံဘုရင် ဝီလီယမ် အလက်ဇန်းဒါး မွေးနေ့အထိမ်းအမှတ် နယ်သာလန် အမျိုးသားနေ့အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး နယ်သာလန်နိုင်ငံသံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက မြန်မာနိုင်ငံနှင့် နယ်သာလန်နိုင်ငံတို့သည် မြန်မာနိုင်ငံလွတ်လပ်ရေးမရမီ ၁၉၄၇ ခုနှစ်မှစတင်၍ သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ခြင်းသည် မိမိတို့ နှစ်နိုင်ငံဆက်ဆံရေးသမိုင်းတွင် ထူးခြားသော မှတ်တိုင်တစ်ရပ်ဖြစ်ပါကြောင်း၊ နယ်သာလန်နိုင်ငံသည် မြန်မာနိုင်ငံ၏ မိတ်ဆွေဟောင်းနိုင်ငံ တစ်နိုင်ငံဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော မိတ်ဖက်နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများသည် မကြာသေးမီနှစ်များအတွင်း သိသိသာသာ တိုးတက်လာပါကြောင်း။

မြန်မာနိုင်ငံ၏ ရေအရင်းအမြစ် စီမံခန့်ခွဲမှု၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုကဏ္ဍများ အပါအဝင် ကဏ္ဍအတော်များများ၌ နယ်သာလန်နိုင်ငံမှ ဖွံ့ဖြိုးတိုးတက်မှု အကူအညီများပေးအပ်နေသည်ကို များစွာဝမ်းမြောက်မိပါကြောင်း၊ ဘက်စုံရေအရင်းအမြစ် စီမံခန့်ခွဲမှုကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံနှင့် နယ်သာလန်နိုင်ငံတို့သည် ၂၀၁၃ ခုနှစ်တွင် နားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း၊ အမျိုးသား ရေအရင်းအမြစ်ကော်မတီ (အင်န်ဒဗလျူအာစီ)၏ ဥက္ကဋ္ဌအနေဖြင့် မိတ်ဖက်နိုင်ငံများ၊ နိုင်ငံတကာနှင့် ပြည်တွင်းမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ စိတ်ပါဝင်စားသည့် တစ်သီးပုဂ္ဂလများအနေဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ အကောင်အထည်ဖော်ရာတွင် မိမိတို့၏ ကြိုးပမ်းဆောင်ရွက်မှုများအပေါ် ပူးပေါင်းဆောင်ရွက်ပြီး အကူအညီများ ပေးအပ်သွားမည်ကိုလည်း ကြိုဆိုပါကြောင်း။

နှစ်ဖက် ပူးပေါင်းကြိုးပမ်း အားထုတ်မှုနှင့် မိမိတို့ နှစ်နိုင်ငံအကြား ဆက်ဆံရေးသည် လာမည့်ကာလများတွင် တိုးတက်မြင့်မားလာပြီး ချစ်ကြည်ရင်းနှီးမှုသည်လည်း ပိုမိုခိုင်မာလာမည်ဟု မိမိအနေဖြင့် အခိုင်အမာယုံကြည်ပါကြောင်း။

ပျော်ရွှင်ကြည်နူးဖွယ်ကောင်းသော နယ်သာလန်နိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ်နှင့် မြန်မာ-နယ်သာလန် သံတမန်ဆက်ဆံရေး နှစ်(၇၀)ပြည့် အထိမ်းအမှတ် အခါသမယတွင် သံအမတ်ကြီး မစ္စတာ ဝေါင်တာရာဂန်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နယ်သာလန်နိုင်ငံနှင့် ပြည်သူများအနေဖြင့်လည်း ဆက်လက်ဖွံ့ဖြိုးတိုးတက်ချမ်းသာကြွယ်ဝပါစေကြောင်း ဆုမွန်ကောင်း တောင်းသည်။

ယင်းနောက် ဒုတိယသမ္မတသည် သံအမတ်ကြီး မစ္စတာ ဝေါင်တာရာဂန်၊ တက်ရောက်လာကြသူများနှင့် အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအား နယ်သာလန်နိုင်ငံသံအမတ်ကြီး မစ္စတာ ဝေါင်တာရာဂန်က ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်စဉ်** (သတင်းစဉ်)

*ကျောဖုံးမှ*

လယ်ယာထုတ်ကုန်များ ရောင်းချရာတွင် သင့်တင့်မျှတသည့် ဈေးနှုန်းနှင့် ဈေးကွက်ရရှိရေးတို့အတွက် တောင်သူလယ်သမားများကို ကူညီဆောင်ရွက်ရန်၊ လုပ်ကွက်ငယ် တောင်သူလယ်သမားများ၏ အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးကို ထိရောက်စွာဆောင်ရွက်ရန်၊ သဘာဝဘေးအန္တရာယ် တစ်စုံတစ်ရာကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ထိခိုက်နစ်နာမှုများအတွက် ကူညီထောက်ပံ့မှုများကို အတတ်နိုင်ဆုံး အထောက်အကူပြု ပံ့ပိုးရန်တို့ကို ပြဋ္ဌာန်းထားပါကြောင်း။

**ထောက်ပံ့ကူညီပေးနိုင်ခဲ့**

ဥပဒေ ပြဋ္ဌာန်းချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရေးအတွက် ဥပဒေအခန်း (၃)၊ ပုဒ်မ(၅)တွင် ပြဋ္ဌာန်းထားရှိသည့် ဦးဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များကို မြေပြင်တွင် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရန် အားလုံးဝိုင်းဝန်းဆွေးနွေးဆုံးဖြတ်ခဲ့ကြပြီး ဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးထိခိုက်နစ်နာခဲ့သည့် တောင်သူများအား ပံ့ပိုးကူညီနိုင်ရေး ဆောင်ရွက်ခဲ့ရာ နိုင်ငံတော်သီးသန့်ရန်ပုံငွေမှ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်အတွင်း ပျက်စီးသွားသော သီးနှံများအား ပြန်လည်အစားထိုး စိုက်ပျိုးနိုင်ရန် ငွေကျပ် ၄၆၇၁ သန်း၊ တာတမံများ ပြန်လည်ပြုပြင်နိုင်ရန် ငွေကျပ် သန်း ၄၁၉၀ နှင့် လမ်းတံတားများ ပြန်လည်ပြုပြင်နိုင်ရန် ငွေကျပ် ၂၄၇၁ သန်းကို ထောက်ပံ့ကူညီပေးနိုင်ခဲ့ကြောင်း။

**ပုဂ္ဂလိကလုပ်ငန်းရှင်များပါ ဖိတ်ခေါ်**

တောင်သူလယ်သမားများ စိုက်ပျိုးရာသီ အချိန်မီစိုက်ပျိုးနိုင်ရန် စိုက်ပျိုးစရိတ်ချေးငွေများကို တိုးတက်ထုတ်ချေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိရာ ယခင်က မိုးစပါး တစ်ဧကလျှင် တစ်သိန်းကျပ်နှုန်းမှ ၂၀၁၆-၂၀၁၇ ခုနှစ် မိုးရာသီမှစ၍ တစ်ဧကလျှင် တစ်သိန်းခွဲနှုန်းအထိ တိုးမြှင့်ထုတ်ချေးနိုင်ခဲ့ပြီး အခြားသီးနှံများအတွက် ယခင် တစ်ဧကလျှင် နှစ်သောင်းကျပ်နှုန်းမှ ၂၀၁၇-၂၀၁၈ ခုနှစ်မှစ၍ တစ်ဧကလျှင် ငါးသောင်းကျပ်နှုန်းအထိ တိုးတက်ထုတ်ချေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေ၏ ရည်ရွယ်ချက်များနှင့် ဥပဒေပါပြဋ္ဌာန်းချက်များကို ပြည့်မီထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအဆင့် ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် အစိုးရမဟုတ်သော အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ ပါဝင်သည့် လုပ်ငန်းကော်မတီများ၊ လုပ်ငန်းအဖွဲ့များအနေဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များပါ ဖိတ်ခေါ် ပါဝင်စေလျက် ဝိုင်းဝန်းပူးပေါင်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ကြရန်မှာ အလွန်အရေးကြီးသော လက်ငင်းလိုအပ်ချက်ဖြစ်ကြောင်း။

**တောင်သူများနှင့် အကျိုးတူပူးပေါင်း**

မျိုးစေ့ထုတ်လုပ်ငန်း၊ အရည်အသွေးကောင်းသီးနှံ ထုတ်လုပ်ရေးလုပ်ငန်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဖိတ်ခေါ်၍ တောင်သူများနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့်စနစ် (Contract Farming) ကို ပီပြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်လည်း လိုအပ်လျက်ရှိကြောင်း၊ ထို့ပြင် အကောင်အထည်ဖော်ရာတွင် လိုအပ်သည့် ငွေကြေးအရင်းအနှီး လိုအပ်ချက်များကိုလည်း စိတ်ပါဝင်စားသော ပြည်တွင်း၊ ပြည်ပဘဏ် လုပ်ငန်းရှင်များနှင့် ချိတ်ဆက် ဆောင်ရွက်ပေးရန်လည်း လိုအပ် မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အဓိကအခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်သည့်အပြင် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေ တောင်သူလယ်သမားများသည်သာ လယ်ယာကဏ္ဍတွင် တည်မှီနေကြသည်မဟုတ်ဘဲ မြို့ကြီးပြကြီးများတွင် နေထိုင်သူအများစုမှာလည်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် ဆက်စပ်နေပြီး လယ်ယာနှင့် မွေးမြူရေးကဏ္ဍ ထွက်ကုန်များပေါ်တွင် တည်မှီလျက်ရှိနေကြသည် ဖြစ်သည့်အတွက် တောင်သူလယ်သမားများ၏ အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ လယ်ယာထွက်ကုန်မြင့်မားရေးတို့အတွက် ကဏ္ဍအလိုက် ဆောင်ရွက်နေမှုများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**အကြံပြုဆွေးနွေး**

ယင်းနောက် နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များက တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တောင်သူလယ်သမားများ၊ စိုက်ပျိုးထုတ်လုပ်သူများ၊ မွေးမြူရေးလုပ်ကိုင်သူများ အကျိုးစီးပွားမြှင့်တင်ရေးအတွက် ဒေသအလိုက်ဆောင်ရွက်ပေးရန်လိုအပ်ချက်များ၊ ဆောင်ရွက်သင့်သည့်အချက်များကို ကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဦးဆောင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြသူများက တောင်သူလယ်သမားများ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ရေရှည်၊ ရေတို ဆောင်ရွက်ရမည့်အချက်များ၊ အနာဂတ်ကာလအတွက် မျှော်မှန်းဆောင်ရွက်ရမည့် လိုအပ်ချက်များကို အကြံပြုဆွေးနွေးကြသည်။

ထို့နောက် ဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ယခု အစည်းအဝေးရလဒ်များကို လက်တွေ့နယ်ပယ်တွင် ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်သွားစေလိုကြောင်း၊ အစည်းအဝေးကိုလည်း လိုအပ်ချက်အပေါ် မူတည်ပြီး ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ နေပြည်တော်ကောင်စီဝင်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# အရှေ့တောင်အာရှနိုင်ငံများ၏ ပညာရေးဝန်ကြီးများကောင်စီဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့ ရောက်ရှိ

**နေပြည်တော် ဧပြီ ၂၇**

ထိုင်းနိုင်ငံအခြေစိုက် အရှေ့တောင်အာရှနိုင်ငံများ၏ ပညာရေးဝန်ကြီးများကောင်စီဥက္ကဋ္ဌ H.E. Dr. Teerakiat Jareon Settasin ဦးဆောင်သော အဖွဲ့ဝင် ကိုးဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

ပညာရေးဝန်ကြီးများကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့အား ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မြင့်နှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ဂျတ်ခ်ဘွန်လုံတို့က လေဆိပ်၌ ကြိုဆိုကြသည်။

**(သတင်းစဉ်)**

**အရှေ့တောင်အာရှနိုင်ငံများ၏ ပညာရေးဝန်ကြီးများကောင်စီဥက္ကဋ္ဌ H.E. Dr. Teerakiat Jareon Settasin ဦးဆောင်သောအဖွဲ့ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြစဉ်**

# ထူးချွန်သတင်းသမားများနှင့် အမျိုးသားသတင်းဆု

**ကျော်စွာမင်း**

မြန်မာနိုင်ငံတွင် စာပေနှင့် ပတ်သက်ပြီး စာပေပညာရပ်ဖြင့် ထူးချွန်သူများအတွက် နိုင်ငံတော်အဆင့် ပေးအပ်ချီးမြှင့်သော အမျိုးသားစာပေဆုရှိပါသည်။ သို့ရာတွင် သတင်းနှင့် ဆက်စပ်ပတ်သက်ပြီး သတင်းပညာရပ်ဖြင့် ထူးချွန်သူများအတွက် နိုင်ငံတော်အဆင့် ပေးအပ်ချီးမြှင့်သောဆုမှာ ၂၀၁၀ခုနှစ်အထိ မရှိခဲ့ပါ။ ထို့ကြောင့် မြန်မာနိုင်ငံရှိ သတင်းမီဒီယာနယ်ပယ်မှ ထင်ရှားသည့် သတင်းစာဆရာကြီးများက သတင်းနှင့် ပတ်သက်ပြီး သတင်းပညာရပ်ဖြင့် ထူးချွန်သူများအား နိုင်ငံတော်အဆင့် ဆုပေးအပ်ချီးမြှင့်နိုင်ရန် ၂၀၁၁ ခုနှစ်တွင် စတင်ကြိုးပမ်းခဲ့ကြပါသည်။

ယင်းအတွက်ကြောင့် မြန်မာနိုင်ငံတွင် ပထမဆုံးအနေဖြင့် သတင်းသမားများအား ချီးမြှင့်ပေးအပ်သည့် အမျိုးသားသတင်းဆု(National Press Award) ကို ၂၀၁၂ ခုနှစ်တွင် စတင်ချီးမြှင့်နိုင်ခဲ့ပါသည်။ အမျိုးသားသတင်းဆု (National Press Award)ကို နိုင်ငံတော်အဆင့်၊ အမျိုးသားအဆင့်သတ်မှတ်ပြီး ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ (World Press Freedom Day)နေ့ဖြစ်သော မေလ ၃ ရက်နေ့တွင် ချီးမြှင့်နိုင်ရန် သတ်မှတ်ခဲ့ကြပါသည်။

**ရည်ရွယ်ချက်**

မြန်မာနိုင်ငံတွင် စတုတ္ထမဏ္ဍိုင်ဖြစ်သော သတင်းမီဒီယာလောက ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ အရည်အသွေးမီသတင်းသမားကောင်းများ ပေါ်ထွက်လာစေရန်နှင့် ထူးချွန်သော သတင်းသမားများအား ဂုဏ်ပြုရန်တို့ဖြစ်ပါသည်။

**အမျိုးသားသတင်းဆုသမိုင်းအကျဉ်း**

မြန်မာနိုင်ငံတွင် ပထမဆုံးအနေဖြင့် အမျိုးသားသတင်းဆု (National Press Award)ကို ချီးမြှင့်ပေးအပ်နိုင်ရန်အတွက် အမျိုးသားသတင်းဆု ရွေးချယ်ရေးကော်မတီကို ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့က ရန်ကုန်မြို့၌ စတင်ဖွဲ့စည်းခဲ့သည်။ အမျိုးသားသတင်းဆု ရွေးချယ်ရေးကော်မတီတွင် ဝါရင့်သတင်းစာဆရာကြီးများဖြစ်သည့် လူထုဦးစိန်ဝင်း၊ ဦးမိုးသူ၊ ဦးခင်မောင်လေး(ဖိုးသောကြာ-ခေတ်+မိုး)၊ ဦးကိုကိုကြီး (ကြေးမုံ)၊ ဦးမြင့်သိန်းဖေ (ဓာတ်ပုံပညာရှင်)၊ ဦးစိုးသိမ်း (မောင်ဝံသ)၊ ဦးဝင်းငြိမ်း ၊ ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)၊ ဦးမြတ်ခိုင် စသည့်ပုဂ္ဂိုလ်များအပါအဝင် ၂၀ ဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ အမျိုးသားသတင်းဆု ရွေးချယ်ရေးကော်မတီနာယကအဖြစ် ဦးမိုးသူ၊ ဦးခင်မောင်လေး (ဖိုးသောကြာ-ခေတ်+မိုး)၊ လယ်တွင်းသားစောချစ်တို့ ပါဝင်သည်။ ဥက္ကဋ္ဌအဖြစ် ဦးစိုးသိမ်း(မောင်ဝံသ)၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဦးကိုကိုကြီး (ကြေးမုံ)၊ အတွင်းရေးမှူး ဦးဝင်းငြိမ်းတို့ဖြစ်ပြီး တွဲဖက်အတွင်းရေးမှူးများအဖြစ် ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)၊ ဦးမြတ်ခိုင်၊ ဦးကျော်မင်းဆွေတို့ ပါဝင်ခဲ့ကြသည်။

၂၀၁၃ ခုနှစ် မတ်လ ၁၆ ရက်နေ့တွင် အမျိုးသားသတင်းဆုကော်မတီကို ပြန်လည်ဖွဲ့စည်းခဲ့ပြီး နာယကများအဖြစ် ဦးဝင်းတင်(ဟံသာဝတီ)၊ ဦးခင်မောင်လေး( ဖိုးသောကြာ-ခေတ်+မိုး)၊ ဦးစိုးသိမ်း( မောင်ဝံသ)၊ ဥက္ကဋ္ဌ ဦးဝင်းငြိမ်း(MJA)၊ ဒုတိယဥက္ကဋ္ဌ (၁) ဦးကျော်မင်းဆွေ၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးသီဟစော(MJA)၊ ဒုတိယဥက္ကဋ္ဌ ( ၃) ဦးကိုကို (MJA)၊ အတွင်းရေးမှူး ဦးမြတ်ခိုင်(MJA)၊ တွဲဖက်အတွင်းရေးမှူး-ဦးမြင့်ကျော် (MJN)၊ အမျိုးသားသတင်းဆုကော်မတီအဖွဲ့ဝင်များအဖြစ် ဦးခင်မောင်ဌေး (MRTV)၊ ဦးဖိုးနိုင်လင်း (MJA)၊ ဦးမျိုးမင်းထိုက် (MJA)၊ ဦးကျော်စွာမင်း (MJA)၊ ဦးရဲမင်းဦး (MJA)၊ ဒေါ်မေသကြိန်ဟိန်(MJA)၊ ဦးသန်းဌေး (MJN) ၊ ဦးကျော်ဇေယျာထွန်း (MJN)၊ ဦးနိုင်မင်းဝေ (MJN)၊ ဦးတိုးဇော်လတ်(DVB)၊ ဦးအောင်ရဲမောင်မောင် (MJA)၊ ဒေါ်နန်းကလျာဝင်း၊ ဒေါ်ဆင့်ဆင့်အောင် (MJA)၊ ဒေါ်အိအိမြတ် (MJA)၊ ဒေါ်တင်ဇာဇော် (MJN)၊ ဦးစောလင်းအောင် (MJA)၊ ဦးနေဘုန်းလတ်၊ ဦးဇေယျာမြတ်ခိုင် (MJA)၊ ဦးယဉ်ကျော် (MJA)တို့ဖြင့် ပါဝင်ပါသည်။

၂၀၁၅ ခုနှစ် ဧပြီလ ၁၁ ရက်နေ့တွင် အမျိုးသားသတင်းဆုကော်မတီကို ပြန်လည်ဖွဲ့စည်းခဲ့ရာ နာယကများအဖြစ် ဦးခင်မောင်လေး(ဖိုးသောကြာ-ခေတ်+မိုး)၊ ဦးကိုကို( ကိုကိုစက်မှုတက္ကသိုလ်)၊ ဥက္ကဋ္ဌဦးဝင်းငြိမ်း ၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးသီဟစော၊ ဒုတိယဥက္ကဋ္ဌ( ၂) ဦးမြတ်ခိုင်၊ အတွင်းရေးမှူး ဦးကျော်စွာမင်း၊ တွဲဖက်အတွင်းရေးမှူး ဦးရဲမင်းဦး ၊ ကော်မတီအဖွဲ့ဝင်များအဖြစ် ဦးအောင်သူမြိုင်၊ ဒေါက်တာဇော်သန်း၊ ဒေါ်အိအိတင်၊ ဦးဇေယျာမြတ်ခိုင်တို့ ပါဝင်ပါသည်။

(မှတ်ချက်- တတိယအကြိမ် အမျိုးသားသတင်းဆု ချီးမြှင့်သည့်အကြိမ်မှစတင်ပြီး အမျိုးသားသတင်းဆု ကော်မတီကို မြန်မာနိုင်ငံသတင်းစာဆရာအသင်း ဗဟိုအလုပ်အမှုဆောင်များဖြင့်သာ စတင်ဖွဲ့စည်းခဲ့သည်)။

၂၀၁၆ ခုနှစ်တွင် အမျိုးသားသတင်းဆုကော်မတီကို နာယကများအဖြစ် ဦးခင်မောင်လေး (ဖိုးသောကြာ-ခေတ်+မိုး)၊ ဦးကိုကို (ကိုကိုစက်မှုတက္ကသိုလ်)၊ ဥက္ကဋ္ဌ ဦးဝင်းငြိမ်း၊ ဒုတိယဥက္ကဋ္ဌ (၁) ဦးသီဟစော၊ ဒုတိယဥက္ကဋ္ဌ( ၂) ဦးမြတ်ခိုင်၊ အတွင်းရေးမှူး ဦးကျော်စွာမင်း၊ တွဲဖက်အတွင်းရေးမှူး ဦးရဲမင်းဦး၊ ဒေါ်လွတ်လပ်စိုး၊ ကော်မတီအဖွဲ့ဝင်များအဖြစ် ဒေါက်တာဇော်သန်း၊ ဦးအောင်သူမြိုင်၊ ဦးအောင်သူရ၊ ဦးလှကြည်၊ ဦးတင်လှိုင်၊ ဦးဇေယျာမြတ်ခိုင်၊ ဦးသာဇော်၊ ဒေါ်အိအိတင်၊ ဒေါ်ခင်သန်းနွဲ့၊ ဒေါ်နွေဦးလင်း၊ ဦးယဉ်ကျော်တို့ဖြင့် ဖွဲ့စည်းခဲ့သည်။

**အမျိုးသားသတင်းဆု ချီးမြှင့်ခြင်း**

ပထမအကြိမ် အမျိုးသားသတင်းဆု ချီးမြှင့်ခြင်းအခမ်းအနားကို ၂၀၁၂ ခုနှစ် မတ်လ ၁၈ ရက်နေ့တွင် လည်းကောင်း၊ ဒုတိယအကြိမ်ကို ၂၀၁၃ ခုနှစ် မေလ ၃ ရက်နေ့တွင် လည်းကောင်း၊ တတိယအကြိမ်ကို ၂၀၁၅ ခုနှစ် မေလ ၃၁ ရက်နေ့တွင် လည်းကောင်း၊ စတုတ္ထအကြိမ်ကို ၂၀၁၆ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် လည်းကောင်း၊ ပဉ္စမအကြိမ်ကို ၂၀၁၇ ခုနှစ် မေလ ၃ ရက်နေ့တွင် လည်းကောင်း ချီးမြှင့်ပေးအပ်နိုင်ခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် အကြောင်းအမျိုးမျိုးကြောင့် အမျိုးသားသတင်းဆု ပေးအပ်ချီးမြှင့်နိုင်ခဲ့ခြင်း မရှိခဲ့ပါ။

**မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့မှခွဲထွက်ခဲ့ပြီးနောက် ၂၀၁၂ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့တွင် မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (MJA) ကို စတင်တည်ထောင်ခဲ့ပြီး အမျိုးသားသတင်းဆု ချီးမြှင့်ခြင်းကို မြန်မာနိုင်ငံ သတင်းစာဆရာအသင်း(MJA)က တာဝန်ယူကျင်းပခဲ့**

**ချီးမြှင့်သည့်ဆုအမျိုးအစားများ**

ပထမအကြိမ်တွင် အကောင်းဆုံးသတင်းဆု၊ အကောင်းဆုံးသတင်းဆောင်းပါးဆု၊ အကောင်းဆုံး သတင်းဓာတ်ပုံဆု၊ အကောင်းဆုံး သတင်းကာတွန်းဆုများကို စတင်ချီးမြှင့်ပေးအပ်နိုင်ခဲ့ပြီး ဒုတိယအကြိမ်တွင် အကောင်းဆုံးအယ်ဒီတာ့အာဘော်ဆု၊ အကောင်းဆုံး ရုပ်သံသတင်းဆုတို့ကို ဖြည့်စွက်ချီးမြှင့်နိုင်ခဲ့သည်။ တတိယအကြိမ် အမျိုးသားသတင်းဆုပေးပွဲတွင် အမျိုးသားသတင်း သူရဲကောင်းဆုကိုပါ ထပ်မံဖြည့်စွက်၍ ချီးမြှင့်ရန် အမျိုးသားသတင်းဆုကော်မတီက ၂၀၁၅ ခုနှစ် ဧပြီလ ၁၁ ရက်နေ့က ဆုံးဖြတ်ခဲ့ပါသည်။

**ပထမအကြိမ်အမျိုးသားသတင်းဆု**

ပထမအကြိမ် အမျိုးသားသတင်းဆု ချီးမြှင့်ခြင်းအခမ်းအနားကို၂၀၁၂ ခုနှစ် မတ်လ ၁၈ ရက်နေ့က ရန်ကုန်မြို့ရှိ အမျိုးသားဇာတ်ရုံ (ရန်ကုန်)တွင် ကျင်းပခဲ့ပြီး ဆုအမျိုးအစား လေးဆုကို ချီးမြှင့်နိုင်ခဲ့သည်။ အကောင်းဆုံးသတင်းဆုကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့ထုတ် ကုမုဒြာဂျာနယ်ပါ "နိုင်ငံ့အနာဂတ်အတွက် အစပျိုးခြင်း" သတင်းဖြင့် သတင်းရေးသားသည့် မနန်းလွင်၊ မနှင်းရတနာဇော်၊ မအေးသီရိဝင်း၊ မဝင့်ဝဒီတို့ ကုမုဒြာသတင်းအဖွဲ့တွေက ရရှိခဲ့ပါသည်။

ဒေါ်အောင်ဆန်းစုကြည်(ယခု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် )နှင့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်တို့ တွေ့ဆုံခဲ့မှုအပေါ် အခြေခံပြီး ရေးသားခဲ့သော သတင်းဖြစ်ပါသည်။

အကောင်းဆုံး သတင်းဆောင်းပါးဆုကို ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့ထုတ် ဆဲဗင်းဒေးနယူးစ် ဂျာနယ်တွင်ပါရှိခဲ့သည့် "လက်နက်ကိုင်အရေးစားပွဲဝိုင်းပေါ် ရောက်ပြီလား" ဆောင်းပါးဖြင့် မငြိမ်းငြိမ်းနိုင်က ရရှိခဲ့ပါသည်။ အကောင်းဆုံးသတင်းဓာတ်ပုံဆုကို ၂၀၁၁ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့ထုတ်တဲ့ ပေါ်ပြူလာနယူးစ်ဂျာနယ်ပါ အငြိမ်းစားပင်စင်စားများ သတင်းဓာတ်ပုံဖြင့် ကိုအောင်နိုင်စိုးက ရရှိခဲ့ပါသည်။ အကောင်းဆုံးသတင်းကာတွန်းဆုကို ၂၀၁၁ ဇူလိုင်လ ၂၆ ရက်နေ့ True News ဂျာနယ်မှာ လာဘ်ပေးလာဘ်ယူအကြောင်း သရော်ပြီး ရေးထားသည့် ပုံပြင်ထဲကလိုတော့ သတင်းကာတွန်းဖြင့် ကိုသီဟ(စခန်းသစ်)က ရရှိခဲ့သည်။

အကောင်းဆုံး အယ်ဒီတာ့အာဘော် ဆောင်းပါးဆုကို ဆုရွေးချယ်နိုင်ခြင်း မရှိခဲ့ပါ။

သို့ရာတွင်၂၀၁၁ ခုနှစ်အတွက် ဖြည့်စွက်ဆု တစ်ဆုဖြစ်သည့် တစ်နှစ်အတွင်း ထူးခြားသည့် အမျိုးသားသတင်းဓာတ်ပုံဆုကို ၂၀၁၁ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့က နိုင်ငံပိုင်သတင်းစာများပါ မျက်နှာဖုံးသတင်းဓာတ်ပုံအဖြစ် ဖော်ပြခဲ့သည့် အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းပုံအောက်၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် (ယခုနိုင်ငံတော်သမ္မတဟောင်း)နှင့် ဒေါ်အောင်ဆန်းစုကြည် (ယခုနိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်)တို့ တွဲပြီးရိုက်ထားသည့် သတင်းဓာတ်ပုံရိုက်ကူးသူ မြန်မာ့သတင်းစဉ်မှ မောင်မောင်သန်း (ကော့မှူး) က ရရှိခဲ့ပါသည်။

ယင်းနှစ်တွင် ဒေါ်အောင်ဆန်းစုကြည် News Watch ဂျာနယ်တွင် ရေးသားခဲ့သော ဒေါ်အောင်ဆန်းစုကြည် ပြောသော ရာမယနဆောင်းပါးမှာ ဆုရဆန်ခါတင်စာရင်းတွင် ပါဝင်ခဲ့သော်လည်း ၂၀၁၁ ခုနှစ် မတိုင်မီက ရေးသားခဲ့သော ဆောင်းပါးဖြစ်သည့်အတွက် ရွေးချယ်ခြင်းမရှိခဲ့ပါ။

**ဒုတိယအကြိမ် အမျိုးသားသတင်းဆု**

ဒုတိယအကြိမ် အမျိုးသားသတင်းဆု ချီးမြှင့်ခြင်း အခမ်းအနားကို ၂၀၁၃ ခုနှစ် မေလ ၃ ရက်နေ့တွင် ရန်ကုန်မြို့ရှိ အမျိုးသားဇာတ်ရုံတွင် ပြုလုပ်ခဲ့ပါသည်။ အကောင်းဆုံးသတင်းဆု၊ အကောင်းဆုံး အယ်ဒီတာ့အာဘော်ဆု၊ အကောင်းဆုံး သတင်းဆောင်းပါးဆု၊ အကောင်းဆုံး သတင်းကာတွန်းဆု၊ အကောင်းဆုံး သတင်းဓာတ်ပုံဆုနှင့် အကောင်းဆုံး ရုပ်သံသတင်းဆု ဆုအမျိုးအစား ခြောက်မျိုး ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

အကောင်းဆုံး သတင်းဆုကို The Voice Weekly ၏ "ဝန်ကြီးဌာနအချို့၏ ကျပ်သိန်းထောင်ချီ အလွဲသုံးစားမှုများ စစ်ဆေးတွေ့ရှိ" သတင်းဖြင့်ရရှိခဲ့ပြီး အကောင်းဆုံးအယ်ဒီတာ့အာဘော်ဆုကို The Myanmar Independent News Journal တွင် မသီတာ (စမ်းချောင်း) ရေးသားသည့် "အသွင်မတူမှုနှင့် ပဋိပက္ခ အသွင်ပြောင်းခြင်း" အယ်ဒီတာ့အာဘော်က ရရှိခဲ့သည်။ အကောင်းဆုံးသတင်းဆောင်းပါးဆုကို The Voice Weekly ဂျာနယ်တွင် ဖော်ပြခဲ့သည့် ကိုအောင်ဘိုဘိုရှိန်နှင့် ကိုကျော်စွာစိုး ရေးသားသည့် "မြစ်ဆုံ ပြန်စမည်လော" ဆောင်းပါးက ရရှိခဲ့သည်။ အကောင်းဆုံး သတင်းကာတွန်းဆုကို TheVoice Weekly ဂျာနယ်တွင် ဖော်ပြခဲ့သည့် ကိုကျော်သူရှိန်က ရရှိခဲ့သည်။ အကောင်းဆုံး သတင်းဓာတ်ပုံဆုကို မော်နီတာဂျာနယ်တွင် ဖော်ပြခဲ့သည့် ကို ဇော်မင်းနိုင်၏ ကယားပြည်နယ် ငြိမ်းချမ်းရေးဖော်ဆောင်ရေး ဆွေးနွေးပွဲဓာတ်ပုံက ရရှိခဲ့သည်။ အကောင်းဆုံး ရုပ်သံသတင်းဆုကို MNTV မှ "မီဒီယာဖိနှိပ်မှုနှင့် လူငယ်သတင်းသမားများ" အကြောင်း ရိုက်ကူးထားသော သတင်းရုပ်သံဖြင့် ရရှိခဲ့သည်။

**တတိယအကြိမ် အမျိုးသားသတင်းဆု**

တတိယအကြိမ် အမျိုးသားသတင်းဆု ချီးမြှင့်ခြင်း အခမ်းအနားကို ၂၀၁၅ ခုနှစ် မေလ ၃၁ ရက်နေ့တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မြရိပ်ညိုဟိုတယ်၌ ကျင်းပခဲ့သည်။ သတင်းသူရဲကောင်းဆု၊ အကောင်းဆုံး သတင်းကာတွန်းဆု၊ အကောင်းဆုံး သတင်းဓာတ်ပုံဆုနှင့် အကောင်းဆုံး သတင်းရုပ် / သံဆု စုစုပေါင်း လေးမျိုးကို ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ပထမဆုံးအကြိမ်စတင်ပေးအပ်သည့် သတင်းသူရဲကောင်းဆုကို သတင်းစာဆရာကြီး ဦးခင်မောင်လေး (ဖိုးသောကြာ-ခေတ်+မိုး) က ရရှိခဲ့သည်။ သတင်းကာတွန်းဆုကို ဦးရွှေထူး (ပြည်)က လည်းကောင်း၊ သတင်းဓာတ်ပုံဆုကို ဦးစိုးဇေယျာထွန်း(ရိုက်တာသတင်းဌာန)ကလည်းကောင်း၊ သတင်းရုပ်သံဆု DVB သတင်းဌာနမှလည်းကောင်း ရရှိခဲ့သည်။ ယခုအကြိမ်တွင် အမျိုးသားသတင်းသူရဲကောင်းဆု (National News Hero Award) ကို ထပ်မံဖြည့်စွက်၍ ချီးမြှင့်ရန်ဆုံးဖြတ်ခဲ့သည်။ သို့ရာတွင် သတင်းဆောင်းပါးဆုနှင့် အယ်ဒီတာ့အာဘော်ဆုများကိုမူ မချီးမြှင့်နိုင်ခဲ့ပါ။

**စတုတ္ထအကြိမ်အမျိုးသားသတင်းဆု**

စတုတ္ထအကြိမ် အမျိုးသားသတင်းဆု ချီးမြှင့်ပေးအပ်ပွဲအခမ်းအနားကို ၂၀၁၆ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့က ရန်ကုန်မြို့ရှိ Sky Star ဟိုတယ်၌ ကျင်းပခဲ့ပါသည်။ အဆိုပါ အမျိုးသားသတင်းဆု ချီးမြှင့်ပေးအပ်ပွဲအခမ်းအနားတွင် သတင်းဆုခြောက်ဆုအနက် ငါးဆုချီးမြှင့်နိုင်ခဲ့ပါသည်။ သတင်းသူရဲကောင်းဆုကို ဒေါ်အေးအေးဝင်း (အေပီသတင်းထောက်)က ရရှိခဲ့သည်။ အကောင်းဆုံး သတင်းဆောင်းပါးဆုကို (ကုမုဒြာ၊ မော်ဒန်)မှ ကိုစစ်ထက်အောင်က ကုမုဒြာဂျာနယ်တွင် ဖော်ပြခဲ့သည့် စကားလုံးများစွာ ဖွင့်အံခဲ့တဲ့ သက်မဲ့အရေးတော်ပုံတပ်သားဆောင်းပါးဖြင့် အကောင်းဆုံး သတင်းဆောင်းပါးဆုကို ရရှိခဲ့သည်။

အကောင်းဆုံးဓာတ်ပုံဆုကို ဓာတ်ပုံသတင်းထောက်ရဲအောင်သူ၏ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့အနီးရေလွှမ်းနေသော ကျောက်ရဲရွာတွင် ရွာခံမိန်းကလေးငယ်တစ်ဦး ရေသန့်ဘူးများကို အသက်ကယ်ဝတ်စုံသဖွယ် သုံးကာရေကူးနေပုံဖြင့် အကောင်းဆုံးသတင်းဓာတ်ပုံဆုကို ရရှိခဲ့သည်။ အကောင်းဆုံးသတင်းကာတွန်းဆုကို ဆဲဗင်းဒေးဂျာနယ်တွင် ဖော်ပြခဲ့သော ကာတွန်းဆရာ ကာတွန်းအဂ္ဂ၏ လုံခြုံရေးနှင့် ကာကွယ်ရေးမှာ ထိရောက်သည့်အဖြစ်အပျက်ကို ထင်ဟပ်အောင်ဖော်ပြနိုင်မှုဖြင့် ရရှိခဲ့သည်။ အကောင်းဆုံးရုပ်သံသတင်းဆုကို ၂၀၁၅ ရွေးကောက်ပွဲတွင် ပြည်ပရောက်မြန်မာနိုင်ငံသားများ ကြိုတင်မဲပေးရာ၌ အခက်အခဲများနှင့် ကြုံတွေ့နေရသော သတင်းဖြင့် MNTV က အကောင်းဆုံးရုပ်သံသတင်းဆုကို ရရှိခဲ့သည်။

ထိုနှစ်တွင် အကောင်းဆုံးသတင်းဆုကို ချီးမြှင့်နိုင်ခြင်းမရှိပါ။

**ပဉ္စမအကြိမ်အမျိုးသားသတင်းဆု**

ပဉ္စမအကြိမ် အမျိုးသားသတင်းဆု ချီးမြှင့်ပေးအပ်ပွဲအခမ်းအနားကို ၂၀၁၇ ခုနှစ် မေလ ၃ ရက်နေ့တွင် ရန်ကုန်မြို့ရှိ Sky Star ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါ အမျိုးသားသတင်းဆု ချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားတွင် သတင်းသူရဲ ကောင်းဆု၊ အကောင်းဆုံး သတင်းဆောင်းပါးဆု၊ အကောင်း ဆုံး ဓာတ်ပုံဆု၊ အကောင်းဆုံးသတင်းကာတွန်းဆု၊ အကောင်း ဆုံး ရုပ်သံသတင်းဆု စသည့် သတင်းဆုခြောက်ဆုကို ဆက်ချီးမြှင့်မည်ဖြစ်သည်။ ယခုနှစ်တွင် အကောင်းဆုံး သတင်းဆုကိုမူ ချီးမြှင့်နိုင်ခြင်းမရှိကြောင်း သိရသည်။

**နိဂုံး**

မြန်မာနိုင်ငံတွင် ပထမဆုံးအနေဖြင့် သတင်းသမားများအား ချီးမြှင့်ပေးအပ်သည့် အမျိုးသားသတင်းဆု(National Press Award) ကို ၂၀၁၂ ခုနှစ်တွင် စတင်ပြီး ချီးမြှင့်နိုင်ခဲ့သည်မှာ ယခု ၂၀၁၇ ခုနှစ်တွင် ပဉ္စမအကြိမ် ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ ၂၀၁၄ ခုနှစ်မှလွဲပြီး နှစ်စဉ်မပြတ် ချီးမြှင့်ပေးအပ်နိုင်ခဲ့သည်။ အမျိုးသားသတင်းဆုကို ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ဖြစ်သော မေလ ၃ ရက်နေ့တွင် ချီးမြှင့်နိုင်ရန် သတ်မှတ်ခဲ့သော်လည်း အချို့နှစ်များတွင် အကြောင်းအမျိုးမျိုးကြောင့် မေလ ၃ ရက်နေ့တွင် မကျင်းပနိုင်ခဲ့ပါ။ သို့သော်လည်း ယခုပဉ္စမအကြိမ်တွင် ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ဖြစ်သော မေလ ၃ ရက်နေ့တွင် ချီးမြှင့်ပေးအပ်နိုင်ပြီဖြစ်သည်။

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့မှ ခွဲထွက်ခဲ့ပြီးနောက် ၂၀၁၂ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့တွင် မြန်မာနိုင်ငံသတင်းစာဆရာအသင်း(MJA)ကို စတင်တည်ထောင်ခဲ့ပြီး အမျိုးသားသတင်းဆုချီးမြှင့်ခြင်းကို မြန်မာနိုင်ငံသတင်းစာဆရာအသင်း(MJA)က တာဝန်ယူ ကျင်းပခဲ့ပါသည်။ မြန်မာနိုင်ငံတွင် စတုတ္ထမဏ္ဍိုင်ဖြစ်သော သတင်းမီဒီယာလောက ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ အရည်အသွေးမီ သတင်းသမားကောင်းများ ပေါ်ထွက်လာစေရန်နှင့် ထူးချွန်သော သတင်းသမားများအား ဂုဏ်ပြုရန် ရည်ရွယ်ချက်ဖြင့် စတင်ပေးအပ်ခဲ့သော အမျိုးသားသတင်းဆု(National Press Award) ကို နှစ်စဉ်မပြတ် ပေးအပ်သွားနိုင်ရန် မြန်မာနိုင်ငံသတင်းစာဆရာအသင်းက ကြိုးပမ်းဆောင်ရွက်လျက် ရှိနေပါသည်။

# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဂျာမနီတပ်မတော်စစ်ဦးစီးချုပ်က ဂုဏ်ပြုတပ်ဖွဲ့ဖြင့်ကြိုဆို

**နေပြည်တော် မေ ၂၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဂျာမနီတပ်မတော် စစ်ဦးစီးချုပ် General Volker Wieker ၏ ဖိတ်ကြားချက်အရ တရားဝင်ချစ်ကြည်ရေး ခရီးစဉ်အဖြစ် မေ ၂၆ ရက်က ဂျာမနီနိုင်ငံ Tegel အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂျာမနီနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် အောင်ကျော်မိုးနှင့် ဇနီးတို့က ကြိုဆိုကြပြီး ဂျာမနီတပ်မတော်မှ Commandant of the Engineers Training Center and Director of the Engineer Corps, Brigadier General Lutz NIEMANN နှင့်ဇနီးတို့က ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုကြသည်။

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား မြူးနစ်မြို့ အခြေစိုက် G & D Security Printing ကုမ္ပဏီမှ ညစာဖြင့်တည်ခင်းဧည့်ခံသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ယနေ့ နံနက် ဒေသစံတော်ချိန် ၁၀ နာရီတွင် ဂျာမနီတပ်မတော်စစ်ဦးစီးချုပ် General Volker Wieker က ဂျာမနီနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဂျာမနီတပ်မတော်စစ်ဦးစီးချုပ်နှင့်အတူ ဂျာမနီတပ်မတော်၏ ကျဆုံးစစ်သည်ဗိမာန် Bundeswehr Memorial သို့သွားရောက်၍ ပန်းခွေချအလေးပြုသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဂျာမနီတပ်မတော် စစ်ဦးစီးချုပ်တို့သည် ကာကွယ်ရေးဝန်ကြီးဌာနအတွင်းရှိ စစ်ဦးစီးချုပ်ရုံးခန်းတွင် တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့ဆွေးနွေးစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အကြမ်းဖက်မှု နှိမ်နင်းရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ သတင်းအချက်အလက် ဖလှယ်ခြင်းများကို ဆောင်ရွက်သွားလိုကြောင်း၊ ဂျာမနီတပ်မတော်စစ်ဦးစီးချုပ်ကိုလည်း မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ်လာရောက်ရန် ဖိတ်ကြားအပ်ပါကြောင်း ပြောကြားခဲ့သည်။

ဂျာမနီတပ်မတော်စစ်ဦးစီးချုပ်က ယခုခရီးစဉ်မှစ၍ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုများကို မူလကထက် ပိုမို၍ ဆက်လက်တိုးမြှင့်



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဂျာမနီတပ်မတော် စစ်ဦးစီးချုပ် General Volker Wieker တို့က ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်**

တည်ဆောက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ မြန်မာ့တပ်မတော် အရာရှိများအား ဂျာမနီနိုင်ငံသို့ သင်တန်းများ စေလွှတ်တက်ရောက်ခြင်း၊ နယ်ပယ်များအလိုက် လေ့လာရေးကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန်စေလွှတ်ရေးများကို ဆောင်ရွက်သွားလိုပါကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီအဖွဲ့ ဘူးသီးတောင်အကျဉ်းထောင် သွားရောက်လေ့လာ

**နေပြည်တော် မေ ၂၇**

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)အဖွဲ့မှ Mr.Jacque Ducros De Lafarga De Romefort ဦးဆောင်သောအဖွဲ့ဝင် ၁၀ ဦးတို့ သည် ယမန်နေ့ နံနက်ပိုင်းက အကျဉ်းဦးစီးဌာန ဘူးသီးတောင်အကျဉ်းထောင်သို့ သွားရောက်လေ့လာကြသည်။

အဆိုပါအဖွဲ့သည် တာဝန်ခံအရာရှိရုံးခန်း၌ တာဝန်ခံအရာရှိ ဦးချမ်းအေးကျော်နှင့် တွေ့ဆုံ၍ အကျဉ်းထောင်တွင် အကျဉ်းသား၊ အကျဉ်းသူများထားရှိမှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ထောင်ဝင်စာတွေ့ဆုံပေးမှု၊ အိမ်နှင့်စာဆက်သွယ်ရေးသားပေးပို့မှု၊ နိုင်ငံခြားသားအကျဉ်းသား၊ အကျဉ်းသူနှင့်(ဧည့်အချုပ်သား) ထိန်းသိမ်းထားရှိမှု၊ သက်ငယ်အချုပ်သားများအား ထိန်းသိမ်းထားမှုတို့နှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

ထို့နောက် ICRC အဖွဲ့သည် အကျဉ်းထောင်အတွင်းရှိ အကျဉ်းသား အိပ်ဆောင် (၁၊၂၊၃၊၄)၊ ဆေးရုံဆောင်၊ စားဖိုကြီး၊ အမျိုးသမီးအိပ်ဆောင် ပြစ်ဒဏ်တိုက်နှင့် သီးသန့်တိုက်တို့အား လှည့်လည်ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် ICRC အဖွဲ့သည် အဖွဲ့လေးဖွဲ့ခွဲ၍ အကျဉ်းထောင်အတွင်း ဝင်ရောက်လေ့လာကြပြီး အဖွဲ့(၁)သည် အကျဉ်းသား အိုဖ်နာတာ(ခ)ရှော်ဖီအူလာနှင့် အာလီအာမောက်တို့ကိုလည်းကောင်း၊ အဖွဲ့(၂)သည် အကျဉ်းသား တင်မျိုးဆွေနှင့် အကျဉ်းသား အိပ်ဆောင်မှူး ချစ်ကိုကို တို့ကိုလည်းကောင်း တွေ့ဆုံခဲ့သည်။

အလားတူ အဖွဲ့(၃)သည် အကျဉ်းသားအိပ်ဆောင် (၁၊ ၂၊ ၃၊ ၄)ရှိ အကျဉ်းသား အချုပ်သားများအား ICRC နှင့် ပတ်သက်၍ သိကောင်းစရာများအား ရှင်းလင်းပြောကြားခဲ့ကြပြီး အဖွဲ့(၄)သည် အကျဉ်းသားအချုပ်သား အိပ်ဆောင် တာဝန်ကျ အကျဉ်းထောင်တပ်သား ဆန်းဝင်းထွန်း၊ အချုပ်သား ဆာဒက်ဟုဆိန်း၊ ဆွေယော့နု၊ ဇူအာလောင်၊ အီမာန်ဟူဆောင်းနှင့် အာမိန်ဟူဆောင်းတို့ ငါးဦးအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

○ *ကျောဖုံးမှ*

ဒုတိယ ဂိုးသွင်းယူခဲ့သည်။ နှစ်ဂိုးဆက်ရပြီးနောက်ပိုင်းတွင် ဇွဲကပင်အသင်း စိတ်ကြိုက်ဖိကစားသွားခဲ့ပြီး ၂၃ မိနစ်တွင် ဝါရင့်လက်ရွေးစင်ဟောင်း ကွင်းလယ်လူ သန်းသန်းထွေးက အဝေးကန်ချက်ဖြင့် တတိယဂိုး သွင်းယူခဲ့သည်။

၂၆ မိနစ်တွင် နွယ်နီဝင်းက YREO အသင်းအတွက် ချေပဂိုး တစ်ဂိုး ပြန်သွင်းခဲ့သော်လည်း မိနစ် ၃၀ တွင် စန်းသော်သော်က စတုတ္ထဂိုး သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် YREO အသင်းက ချေပဂိုးရရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး မိနစ် ၆၀ တွင် နွယ်နီဝင်းက ဒုတိယချေပဂိုးသွင်းယူခဲ့သည်။ ဇွဲကပင်အသင်းအတွက် အနိုင်သေချာစေမည့် ပဉ္စမဂိုးကို ၈၄ မိနစ်တွင် နန်းကြေးငုံက သွင်းယူပေးခဲ့သည်။

ပွဲစဉ် (၂) အပြီးတွင် အားကစား / ပညာရေးအသင်းက ခြောက်မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိပြီး သစ္စာအားမာန်အသင်းက လေးမှတ်ဖြင့် ဒုတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

# စစ်တွေ အဝေးပြေးကားကွင်းကြီးကို ကျယ်ဝန်းပြီးအဆင်ပြေသည့်နေရာသို့ ပြောင်းရွှေ့ပေးမည်

**စစ်တွေ မေ ၂၇**

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုကြောင့် ကုန်သွယ်စီးဆင်းမှုနှင့် ခရီးသည်သွားလာမှုပိုမိုများပြားလာသော ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ အဝေးပြေးကားကွင်းကြီးသည် ကျဉ်းမြောင်းပြီး ခေတ်နှင့်လျော်ညီမှုမရှိတော့ခြင်းကြောင့် ယခုအခါ ကျယ်ဝန်းပြီး အဆင်ပြေသည့်နေရာသို့ ပြောင်းရွှေ့ပေးမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကော်မတီ(အဝေးပြေး)ဌာနမှ သိရသည်။

"ကျွန်တော်တို့ ပြေးဆွဲပေးနေတဲ့ အဝေးပြေးကားကွင်းကြီးက လက်ရှိအခြေအနေမှာ တော်တော်လေးကျဉ်းမြောင်းနေပါတယ်။ ကားအဝင် / အထွက်လည်း အဆင်မပြေ၊ ခရီးသည်နားနေဆောင်တွေလည်း မရှိ ၊ မိုးတွင်းဆို တော်တော်လေး အခက်အခဲကြုံတွေ့ရပါတယ်။ အဓိကကတော့ အခုနောက်ပိုင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုကြောင့် ကုန်သွယ်စီးဆင်းမှု၊ ခရီးသွားလာမှုတွေဟာ အရင်နဲ့မတူ ပိုများလာပါတယ်။ ပြီးတော့ ဂိတ်တွေကလည်းတိုးလာပြီး အဝေးပြေးဝင်းထဲမှာ ဖွင့်လို့မရဘဲ ဝန်းကျင်နီးစပ်ရာ အဆင်ပြေတဲ့နေရာတွေမှာ ဖြစ်သလိုဖွင့်နေရတယ်။ အခန်းခတွေကလည်း ဈေးမြင့်တော့ အဝေးပြေးယာဉ်လိုင်းတွေ အခက်အခဲဖြစ်သလို၊ ခရီးသွားပြည်သူတွေလည်း အဆင်မပြေကြဘူး။ ဒါကြောင့် အဝေးပြေးယာဉ်လိုင်းဂိတ်တွေ ရဲ့ တောင်းဆိုမှုနဲ့ ကျွန်တော်တို့ ကော်မတီ



**လက်ရှိအသုံးပြုနေသော စစ်တွေအဝေးပြေးယာဉ်ရပ်နားစခန်းကို တွေ့ရစဉ်**

ကနေတစ်ဆင့် ပြည်နယ်အစိုးရကို ကျယ်ကျယ်ဝန်းဝန်းနဲ့ ခေတ်နဲ့လျော်ညီပြီး ရေ၊ မီးကအစ အဆင်ပြေမယ့်နေရာသို့ ပြောင်းရွှေ့ပေးဖို့ တင်ပြထားပါတယ်။ အနေးနဲ့အမြန်တော့ ပြောင်းတော့ ပြောင်းဖြစ်မှာပါ"ဟု ရခိုင်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(အဝေးပြေး)ဥက္ကဋ္ဌ ဦးချမ်းအေးက ပြောသည်။

ရခိုင်ပြည်နယ် စစ်တွေမြို့ အဝေးပြေးယာဉ်ရပ်နားစခန်းသည် စစ်တွေမြို့နှင့် နှစ်မိုင်ဝန်းကျင်ကွာဝေးသည့် မေယုလမ်းမကြီးဘေး စက်ရုံစုရပ်ကွက်၌တည်ရှိပြီး အကျယ်အဝန်းအားဖြင့် ငါးကေကျော်ကျော်ရှိကာ အဆိုပါစစ်တွေအဝေးပြေးကားကွင်းကြီးကို လွန်ခဲ့သော ၂၀၀၀ ပြည့်နှစ်က စတည်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ စတည်ချိန်တွင် လမ်းပန်းဆက်သွယ်ရေးအခြေအနေကြောင့် အဝေးပြေးယာဉ်လိုင်းများမှာ ယခုကဲ့သို့ များများစားစား မရှိခဲ့သော်လည်း ယခုအခါ ယာဉ်လိုင်းပေါင်း ၄၁ လိုင်းရှိပြီး ဂိတ်အရေအတွက်မှာ ၃၀ ဝန်းကျင်ရှိခြင်းကြောင့် ကားကွင်းအတွင်းသာမက ကားကွင်းနီးစပ်ရာ ဝန်းကျင်ဒေသများကိုပါ အဝေးပြေးယာဉ်ဂိတ်များ အဆင်ပြေသလို တိုးချဲ့ဖွင့်လှစ်နေရကြောင်း သိရသည်။

ယခုအခါ ပြည်နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီသည် ခေတ်နှင့်လျော်ညီပြီး ရေ၊ မီး လမ်းပန်းဆက်သွယ်ရေးမှအစ အဆင်ပြေမည့် စစ်တွေမြို့နှင့် သုံးမိုင်ဝန်းကျင် ဝေးကွာသော ရေချမ်းပြင်လမ်းဘေးရှိ အောင်မင်္ဂလာရပ်ကွက်သို့ ပြောင်းရွှေ့ပေးရန် ပြီးခဲ့သော ၂၀၁၆ ခုနှစ်က ပြည်နယ်အစိုးရအဖွဲ့ရုံးသို့ တင်ပြခဲ့သည်။ ပြောင်းရွှေ့ပေးရန် တောင်းဆိုထားသော အောင်မင်္ဂလာရပ်ကွက်ရှိ မြေကွက်လပ်သည် ဧကအားဖြင့် ၁၅ ဧက ဝန်းကျင်ရှိပြီး ရေခံမြေခံကောင်းမွန်သဖြင့် ရေအခက်အခဲလည်း အဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။ လက်ရှိပြေးဆွဲပေးနေသော စစ်တွေအဝေးပြေး ယာဉ်ရပ်နားစခန်းတွင် စစ်တွေ-ရန်ကုန်၊ စစ်တွေ-မန္တလေး၊ စစ်တွေ- နေပြည်တော် မြို့များသို့ ရိုးရိုး Express၊ အဆင့်မြင့်လေအိပ် ယာဉ်ကြီး၊ ယာဉ်ငယ် စသည်ဖြင့် နေ့စဉ်နံနက် ၅ နာရီခွဲတွင် တစ်ပြိုင်တည်းထွက်ခွာလေ့ရှိပြီး ပြည်နယ်တွင်း လမ်းကြောင်းများအနေဖြင့် စစ်တွေ- တောင်ကုတ်- သံတွဲနှင့် ကျောက်တော်-မြောက်ဦး လမ်းပိုင်းတို့ကိုလည်း ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**

**ဓာတ်ပုံ- မောင်မောင်သန့်(ကြေးမုံ)**

# ပြည်သူ့ဝန်ဆောင်မှု မီဒီယာသို့အရွေ့ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မေ ၂၇**

အများပြည်သူ့ဝန်ဆောင်မှု မီဒီယာဥပဒေကြမ်းအား ဆက်လက်အကောင်အထည်ဖော်နိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်းနှင့် အာတီကယ် ၁၉ တို့ ပူးပေါင်းစီစဉ်သည့် ပြည်သူ့ဝန်ဆောင်မှုမီဒီယာသို့ အရွေ့ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အလုပ်ရုံဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေနှင့် အာတီကယ် ၁၉ စီမံကိန်းမန်နေဂျာ မယဉ်ရတနာသိန်းတို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် အများပြည်သူ့ဝန်ဆောင်မှု မီဒီယာနှင့် နိုင်ငံတကာ စံချိန်စံညွှန်းများ၊ တိုင်းရင်းသားမီဒီယာများ ရှင်သန်ဖွံ့ဖြိုးရေးအတွက် PSM အပေါ် တည်မှီနေမှု၊ မြန်မာနိုင်ငံ ကျင့်သုံးသင့်သော PSM အမျိုးအစားများ၊ နိုင်ငံပိုင်မီဒီယာမှ အများပြည်သူ့ဝန်ဆောင်မှု မီဒီယာသို့ ကူးပြောင်းသင့်သည့်ပုံစံများ၊ PSM အမျိုးအစားများနှင့် ပတ်သက်သည့် ဆွေးနွေးမှုအပေါ် ပါဝင်ပတ်သက်သူများ၏ အခန်းကဏ္ဍ၊ ဘဏ္ဍာရေးနှင့် ကြော်ငြာကဏ္ဍဆိုင်ရာ အရင်းအမြစ်များကဏ္ဍတို့ကို အကျယ်တဝင့် ဆွေးနွေးကြသည်။

မြန်မာနိုင်ငံ၏ အများပြည်သူ့ဝန်ဆောင်မှု မီဒီယာဥပဒေကြမ်းကို ၂၀၁၃ ခုနှစ်တွင် ရေးဆွဲ၍ လွှတ်တော်သို့ တင်သွင်းခဲ့သည်။ မီဒီယာဥပဒေကြမ်းအား ပိုမိုပြည့်စုံစွာ ရေးဆွဲနိုင်ရေးအတွက် ၂၀၁၅ ခုနှစ်တွင် လွှတ်တော်က ပြန်လည်ရုပ်သိမ်းခဲ့သည်။ အဆိုပါ ဥပဒေကြမ်းအား ဆက်လက်အကောင်အထည်ဖော် ရေးဆွဲနိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်းနှင့် အာတီကယ် ၁၉ တို့က ယနေ့တွင် စတင်ညှိနှိုင်းဆွေးနွေးကြခြင်း ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲတွင် မူလအများပြည်သူ့ဝန်ဆောင်မှု မီဒီယာဥပဒေ၏ လိုအပ်ချက်များ၊ ထပ်မံဖြည့်စွက်ရမည့်အချက်များကို အကောင်းဆုံးဖြစ်အောင်၊ ပိုမိုပြည့်စုံအောင် ညှိနှိုင်းဆွေးနွေးသွားမည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း ပြောကြားသည်။

အာတီကယ် ၁၉ စီမံကိန်းမန်နေဂျာ မယဉ်ရတနာသိန်းက မီဒီယာဥပဒေကြမ်း ရေးဆွဲနေမှု ခေတ္တရပ်ဆိုင်းထားသည်ကို ဆက်လက်ဆောင်ရွက်သွားနိုင်ရန်၊ ပြန်ကြားရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်နေမှုများတွင် အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် ပါဝင်အားဖြည့်ဆောင်ရွက်ရမည့် အခန်းကဏ္ဍများကို ဆွေးနွေးသွားကြမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၊ Pen Myanmar ၊ မြန်မာနိုင်ငံ အမျိုးသမီးသတင်းထောက်များအသင်း၊ နိုင်ငံတကာ မြန်မာ့သတင်း၊ မြန်မာမီဒီယာ ရှေ့နေများကွန်ရက်၊ မြန်မာဂျာနယ်လစ်ကွန်ရက်နှင့် အာတီကယ် ၁၉ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# နေပြည်တော်အတွင်းရှိ ခရိုင်နှစ်ခုတွင် ဈေးကွက်ထောက်လှမ်းစောင့်ကြည့်ခြင်းကို ဒုတိယအကြိမ် ကွင်းဆင်းစစ်ဆေး

နေပြည်တော် မေ ၂၇

**နေပြည်တော် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဦးဆောင်၍ ယနေ့နံနက်ပိုင်းတွင် ဒက္ခိဏသီရိခရိုင်နှင့် ဥတ္တရသီရိခရိုင်အတွင်းရှိ Junction၊ Capital၊ Ocean စင်တာများသို့ အထူးစီမံချက်ဖြင့် ဈေးကွက်ထောက်လှမ်းစောင့်ကြည့်ခြင်း ဒုတိယအကြိမ် ကွင်းဆင်းစစ်ဆေးကြသည်။**

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့်အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက လိုက်ပါစစ်ဆေးကြသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထွန်းလင်းအောင်က "ကျွန်တော်တို့ အခုစစ်ဆေးတာ နှစ်ကြိမ်ရှိပါပြီ။ ပထမအကြိမ်က နေပြည်တော်မှာရှိတဲ့ မြို့နယ် ရှစ်မြို့နယ်မှာရှိတဲ့ ဈေးရုစ်ဈေးကို စစ်ဆေးပါတယ်။ မနေ့ကလည်း ပြင်ပဆေးခန်းတွေနဲ့ ဆေးဆိုင် ၁၁ ဆိုင်ကို လိုက်လံစစ်ဆေးပါတယ်။ ဈေးတွေစစ်ဆေးခဲ့တဲ့ ရလဒ်တွေက မကြာခင်မှာ အဖြေထွက်တော့မှာပါ။ ရလဒ်တွေက မကောင်းပါဘူး။ ပျဉ်းမနားမှာစစ်ခဲ့တဲ့ ငါးပိ ၁၂ မျိုးမှာ ၁၁ မျိုးက ဆိုးဆေးတွေ ပါနေပါတယ်။ လက်ဖက်ထဲမှာလည်း ဆိုးဆေးတစ်မျိုးတင်မကပါဘူး။ နှစ်မျိုးပါနေပါတယ်။ ကွမ်းသီးထဲမှာ ဆိုဒီယမ်ဟိုက်ဒိုဆာလဖိုက်ဆိုတဲ့ ချွတ်ဆေးပါနေပါတယ်။ အဲ့ဒါက ဈေးအားလုံးမှာစစ်ခဲ့တဲ့ ကွမ်းသီးထဲမှာ ပါနေပါတယ်။ ချွတ်ဆေးများရင် လူကိုသေစေနိုင်တဲ့အထိ ဖြစ်စေပါတယ်။ ကွမ်းစားနေတဲ့ သူတွေကိုလည်း ဒီနေရာမှာ ကျွန်တော်သတိပေးတာပါ"ဟု ပြောကြားသည်။

စားသုံးကုန်တစ်ခုတွင် နာမည်တစ်ခုပါရုံနှင့် မပြီးပါကြောင်း၊ တံဆိပ်တပ်သည့်နေရာတွင် အတတ်နိုင်ဆုံး မြန်မာလို လူတိုင်းနားလည်နိုင်မည့် မြန်မာနာမည် တပ်ရမည်ဖြစ်ကြောင်း၊ စားသောက်ကုန်ကို ထုတ်ထားသည့်သူမှာ အချက်လေးချက်ပါရမည်ဖြစ်ပါကြောင်း၊ (၁)လိပ်စာ၊ (၂) ဖုန်းနံပါတ်၊(၃) သက်တမ်းကုန်ဆုံးရက်၊ (၄) ထုတ်လုပ်သည့်ရက်စွဲ ပါရမည်ဖြစ်ပါကြောင်း၊ ယင်းစားသောက်ကုန်တစ်ခုကို ထုတ်လုပ်ရောင်းချရန် သက်ဆိုင်ရာထောက်ခံချက်များ ပါရှိရမည်ဖြစ်ကြောင်း သိရသည်။

"အပြင်ကဝယ်တာထက်စာရင် ဒီကုန်တိုက်တွေမှာ ဝယ်တာက ပိုပြီးတော့ စိတ်ချရတယ်။ ကျွန်မဆိုရင်တော့ ဒီမှာပဲ ဝယ်ဖြစ်တာများပါတယ်။ အထူးသဖြင့် ငရုတ်သီးမှုန့် တွေကို ဆိုးဆေးပါမှာစိုးလို့ ဒီမှာပဲဝယ်ပါတယ်။ FDA က ဒီလိုစစ်ဆေးတာကောင်းပါတယ်။ သိတဲ့သူရှိသလို မသိတဲ့သူတွေလည်း များပါတယ်။ ဒီလိုမျိုး စစ်ဆေးပေးတာ အများပြည်သူအတွက် ကောင်းတယ်လို့ ကျွန်မမြင်ပါတယ်။ ဒီလိုစစ်ဆေးမှုမျိုးက ကျွန်မအနေနဲ့ လုပ်သင့်လုပ်ထိုက်တဲ့အလုပ်ကို လုပ်တယ်လို့မြင်ပါတယ်"ဟု




ဈေးဝယ်သူ ဒေါ်ခင်ဌေးပိုကလည်း ပြောကြားခဲ့သည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ စားသောက်ကုန်များနှင့် အလှကုန်ပစ္စည်းများတွင် ဆိုးဆေးပါဝင်မှု၊ ထောက်ခံချက်ပါဝင်မှု ရှိ မရှိ၊ သက်တမ်းကုန်ဆုံးရက်ပါ မပါတို့ကို မေ၊ ဇွန်ဆိုပြီး သုံးလအချိန်ပေးထားပါကြောင်း၊ ဇွန်လမှ စ၍ တွေ့ရှိပါက ကနဦး အသိပညာပေးမည်ဖြစ်ကြောင်း၊ မလိုက်နာပါက စီမံခန့်ခွဲမှု နည်းလမ်းအရ ပထမဦးဆုံးအကြိမ်အဖြစ် ပစ္စည်းသိမ်းမည်၊ ဒုတိယအကြိမ်အဖြစ် ဆိုင်ကို ခြောက်လဖြစ်စေ၊ တစ်နှစ်ဖြစ်စေ ပိတ်မည်ဖြစ်ကြောင်း၊ နောက်ဆုံးအကြိမ်အဖြစ် အစားအသောက်ဥပဒေ၊ ဆေးဝါးဥပဒေ၊ အလှကုန်ပစ္စည်းဆိုင်ရာအမိန့်နှင့် ညွှန်ကြားချက်ဖြင့် တရားရုံး၌ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မော်လမြိုင် သံလွင်မြစ်ပေါ်ရှိ ဗိုလ်ချုပ်အောင်ဆန်းတံတား(ဘီလူးကျွန်း)တံတားကြီးပေါ်မှ ဖြတ်သန်းမောင်းနှင်ခွင့်ပြု

**မော်လမြိုင် မေ ၂၇**

မွန်ပြည်နယ် ဘီလူးကျွန်း ချောင်းဆုံမြို့နယ်အတွက် သံလွင်မြစ်ကိုဖြတ်၍ မော်လမြိုင်မြို့ မုပွန်ရပ်ကွက်မှ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ် ကညော်ကျေးရွာတို့ကို ဆက်စပ်ဖောက်လုပ်ခဲ့သော ပင်မတံတားအရှည် ၅၂၀၃ ဒသမ ၄ ပေရှိ ဗိုလ်ချုပ်အောင်ဆန်းတံတား (ဘီလူးကျွန်း)တံတားကြီးမှာ ယခုအခါ တည်ဆောက်မှုရာနှုန်းပြည့် ပြီးစီးသွားပြီး တံတားခံနိုင်ဝန်သတ်မှတ်ချက်များလည်း စမ်းသပ်စစ်ဆေးပြီးသွားပြီ ဖြစ်သောကြောင့် ဒေသတွင်းမှပြည်သူများ အသုံးပြုနိုင်ရန်အတွက် တံတားကြီးပေါ် ယာယီကားဖြတ်သန်းမောင်းနှင်ခွင့်ကို မေ ၂၇ ရက်မှစ၍ သက်ဆိုင်ရာက ခွင့်ပြုလိုက်ပြီဖြစ်သည်။

အဆိုပါတံတားကြီးကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ကစတင်၍ ယနေ့အချိန်အထိ နိုင်ငံတော်၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေ၊ ပြည်ထောင်စုဖြည့်စွက်ရန်ပုံငွေ၊ မွန်ပြည်နယ်ရန်ပုံငွေတို့ဖြင့် ချဉ်းကပ်လမ်းများနှင့် တံတားစုစုပေါင်း ဘဏ္ဍာငွေကျပ်သန်း ၆၀၀၅၇ ဒသမ ၄၁ သန်း အကုန်အကျခံ၍ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနက တာဝန်ယူတည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

တံတားအရှည်မှာ ၅၂၀၃ ဒသမ ၄ ပေရှိပြီး တံတားခန်းဖွင့်ဖွဲ့စည်းပုံမှာ မော်လမြိုင်ဘက်ကမ်းတွင် Steel Plate Girder မီတာ ၃၀ တစ်ခန်း၊ Steel Box Girder မီတာ ၆၀ သုံးခန်း၊ Main Steel Truss (Arch Type)လေးခန်း၊ ချောင်းဆုံဘက်ကမ်းတွင် Steel Box Girder မီတာ ၆၀ အကျယ် ၁၄ ခန်း ဖြစ်သည်။ တံတားချဉ်းကပ်လမ်းမှာ မော်လမြိုင်ဘက်ကမ်း တွင် ၇၅၇ ပေရှိပြီး ချောင်းဆုံဘက်ကမ်းတွင် ပေ ၁၆၉၈၀ ရှိရာ ချဉ်းကပ်လမ်းအရှည် ၁၇၇၃၇ ပေ (၃ မိုင် ၂ ဒသမ ၇၅ ဖာလုံ)ဖြစ်သည်။

အဆိုပါတံတားကြီး တည်ဆောက်ရာတွင် ပထမလမ်းအူကြောင်းရွေးချယ်မှု ငါးခုထဲကမှ အကောင်းဆုံးနှင့် အသင့်လျော်ဆုံးဖြစ်သည့် ဘီလူးကျွန်းဘက်ခြမ်းမှ ကညော်ရွာနှင့် မော်လမြိုင်ဘက်ခြမ်းမှ




မုပွန်အရပ်တို့ကို ဆက်သွယ်တည်ဆောက်သည့် လမ်းကြောင်းကို ရွေးချယ်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်က ပန္နက်တင် မင်္ဂလာအခမ်းအနားပြုလုပ်ကာ စတင်တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ဗိုလ်ချုပ်အောင်ဆန်း တံတား (ဘီလူးကျွန်း)၏ တံတားအမျိုးအစားမှာ တံတားအုတ်မြစ်နှင့် တံတားအောက်ထည်သည် သံကူကွန်ကရစ်ဖြစ်ပြီး တံတားအပေါ်ထည်မှာ သံမဏိသံပေါင်တံတားဖြစ်သည်။ တံတားသံပေါင်များကို ဂျပန်နည်းပညာဖြင့် ပြည်တွင်း၌ ထုတ်လုပ်တပ်ဆင်ထားကြောင်း သိရသည်။ တံတားပေါ်၌ နှစ်လမ်းသွားကားလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေ သုံးလက်မ၊ ရေလမ်းကင်းလွတ်အကျယ် ၄၂၆ ပေ၊ ရေလမ်းကင်းလွတ်အမြင့် (အမြင့်ဆုံးရေအမှတ်) ၄၆ ပေဖြစ်သည်။

ယခုလိုတံတားကြီး တည်ဆောက်ပြီးစီးသွားသဖြင့် ပြည်သူများသွားလာရေး လွန်စွာလွယ်ကူသွားမည်ဖြစ်သည်။ ယခင်ကကဲ့သို့ မော်လမြိုင်ဘက်ခြမ်းနှင့် ချောင်းဆုံဘက်ဆိပ်ကမ်းမှာပါ သယ်ယူပို့ဆောင်ရေး လုပ်ငန်းဖြစ်သည့် စက်လှေပေါ် ကုန်တင်ကုန်ချလုပ်ငန်းများ လိုအပ်တော့မည် မဟုတ်တော့ဘဲ တံတားပေါ်မှနေ၍ ကားများနှင့် တိုက်ရိုက်တင်ပို့တော့မည်ဖြစ်ရာ စရိတ်လည်းသက်သာ၊ အချိန်လည်းမကုန်တော့ဘဲ ကုန်စည်စီးဆင်းမှုများလည်း မြန်ဆန်လာတော့မည်ဖြစ်သည်။ ထို့ပြင် ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်သည် ယခင်က ကားတစ်စီးသာ မောင်းနိုင်သော ကတ္တရာခင်းကျွန်းပတ်လမ်း တစ်လမ်းသာ ရှိသော်လည်း တံတားကြီး တည်ဆောက်ပြီးစီးသွားသဖြင့် ကျွန်းပတ်လမ်းကို ယခုအခါ ၁၈ ပေ ကတ္တရာလမ်းအဖြစ် တိုးချဲ့ဖောက်လုပ်နေသည်။ ဗိုလ်ချုပ်အောင်ဆန်းတံတား(ဘီလူးကျွန်း)တံတားကြီး၏ ကညော်ဘက်ရှိ ချဉ်းကပ်လမ်းမှာ ဘီလူးကျွန်း၊ ကျွန်းပတ်လမ်းနှင့် သွားရောက်ချိတ်ဆက်ပြီး မော်လမြိုင်မြို့သို့ မိနစ်ပိုင်းအတွင်း ကားဖြင့် မောင်းနှင်သွားရောက်နိုင်မည် ဖြစ်သောကြောင့် ဘီလူးကျွန်းတစ်ကျွန်းလုံးမှ ပြည်သူများ မော်လမြိုင်မှတစ်ဆင့် အနယ်နယ်အရပ်ရပ်သို့ ခရီးပေါက်တော့မည်ဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ-ခရမ်းစိုးမြင့်**

# ကမန်တိုင်းရင်းသားများ မူလနေရာချထားရေးသတင်းစာရှင်းလင်း




**ရန်ကုန် မေ ၂၇**

၂၀၁၂ ခုနှစ်ကတည်းက ရမ်းဗြဲမြို့တွင် မီးရှို့ဖျက်ဆီးခံရသော ကမန်တိုင်းရင်းသားများက မူလနေရာပြန်လည်ချထားပေးရေး သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို မေ ၂၆ ရက်က ရန်ကုန်မြို့တော်ဝင်နှင်းဆီခန်းမ၌ ကျင်းပခဲ့သည်။

"ကျွန်တော်တို့ ကမန်တိုင်းရင်းသားတွေဟာ ရခိုင်တိုင်းရင်းသားမျိုးနွယ်စုဖြစ်တဲ့ ရခိုင်၊ ကမန်၊ မြို၊ သက်၊ ခမီ၊ ဒိုင်းနက်၊ မရမာကြီးစတဲ့ မျိုးနွယ်စုထဲက တစ်ခုဖြစ်ပါတယ်။ မြန်မာတိုင်းရင်းသားလူမျိုး ၁၃၅ မျိုးထဲမှ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ဒါပေမယ့် ၂၀၁၂ ခုနှစ် ရခိုင်ပြည်နယ်အတွင်းမှာဖြစ်ပေါ်ခဲ့တဲ့ ပြဿနာတွေနဲ့အတူ ရမ်းဗြဲမြို့မှာရှိတဲ့ ကမန်တိုင်းရင်းသားတွေရဲ့ နေအိမ်၊ တိုက်တာတွေကို နားလည်မှုလွဲမှားကာ နှစ်ကြိမ်တိုင် မီးရှို့ဖျက်ဆီးခံရပါတယ်။ ဒီကနေ့အထိ ကမန်တိုင်းရင်းသားတွေဟာ ကုလသမဂ္ဂအထောက်အပံ့နဲ့ ဒုက္ခသည်စခန်းတွေမှာ နေထိုင်နေကြရပါတယ်။ တိုင်းရင်းသားဖြစ်ပေမယ့် စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးအဘက်ဘက်က နစ်နာဆုံးရှုံးခဲ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ကမန်တိုင်းရင်းသားတွေ မူလနေရာ ပြန်လည်ချထားပေးနိုင်ဖို့ သတင်းစာရှင်းလင်းပွဲအခမ်းအနားကို ကျင်းပရခြင်းဖြစ်ပါတယ်"ဟု ကမန်အမျိုးသားတိုးတက်ရေးပါတီ ဗဟိုကော်မတီဝင် ဦးတင်ငွေက ပြောသည်။

၂၀၁၂ ခုနှစ် မတိုင်မီ ရမ်းဗြဲမြို့တွင် ကမန်တိုင်းရင်းသားလူဦးရေ ၆၀၀ ခန့်ရှိခဲ့ပြီး ယခုအချိန်တွင် လူဦးရေ ၇၀ ခန့်သာရှိတော့ကြောင်း၊ ရန်ကုန်မြို့တွင် နေရပ်စွန့်ခွာလာသူ ကမန်တိုင်းရင်းသား ၄၀၀ ခန့်ရှိကြောင်း၊ တစ်နိုင်ငံလုံးတွင် လူဦးရေ ငါးသောင်းပင်မပြည့်သည့် လူနည်းစုပင်ဖြစ်ကြောင်း၊ ရမ်းဗြဲမြို့သည် ကမန်တိုင်းရင်းသားများအား ရခိုင်ဘုရင်ကိုယ်တိုင်ချပေးခဲ့သည့် သမိုင်းဝင်နေရာပင်ဖြစ်ကြောင်း ဦးတင်ငွေက ဆက်လက်ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ကမန်တိုင်းရင်းသားလူမှုကွန်ရက် ဥက္ကဋ္ဌ ဦးထွန်းငွေ၊ ဒုတိယဥက္ကဋ္ဌ ဦးမင်းနိုင်၊ ကမန်လူငယ်တိုးတက်ဖွံ့ဖြိုးရေးအဖွဲ့မှ ဦးတင်လှထွန်းနှင့် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ကမန်တိုင်းရင်းသား ၁၀၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊**
**ဓာတ်ပုံ-သက္က**

# သိမ်းဆည်းခံရသော လယ်ယာမြေများ ပြန်လည်ရရှိရေး နေပြည်တော်သို့ လာရောက်၍ ဆန္ဒပြပွဲကျင်းပ

**နေပြည်တော် မေ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်တွင် မတရားသဖြင့် အသိမ်းခံရသော လယ်မြေများကို ပြန်လည်ရရှိရေးအတွက် ထီးချိုင့်မြို့နယ်၊ မောင်းကုန်းရွာမှ တောင်သူလယ်သမားများသည် မေ ၂၆ ရက်က နေပြည်တော် ဥတ္တရသီရိမြို့နယ် ရွှေနံ့သာရပ်ကွက် ဘောလုံးကွင်းတွင် ခွင့်ပြုချက်ဖြင့် ငြိမ်းချမ်းစွာဆန္ဒပြပွဲကျင်းပခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ ဆန္ဒပြပွဲကျင်းပရာတွင် အဖွဲ့ခေါင်းဆောင် ဦးစိန်လှ၏ ခေါင်းဆောင်မှုဖြင့် ထီးချိုင့်မြို့နယ် မောင်းကုန်းကျေးရွာသူ ကျေးရွာသား စုစုပေါင်း ၁၄ ဦးပါဝင်ပြီး သိမ်းဆည်းခံလယ်ယာမြေများ ပြန်လည်ရရှိရေးတို့ကို ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ဆန္ဒပြခြင်း၊ ဟောပြောခြင်းများ ဆောင်ရွက်ရာ ဥတ္တရသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်သန်း၊ တောင်ညိုနယ်မြေရဲစခန်းမှူး ရဲအုပ်သန်းရွှေနှင့်ရဲတပ်ဖွဲ့ဝင် ၁၅ ဦးမှ လုံခြုံရေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**




# ပြင်ဦးလွင်မြို့၌ တရားမဝင် ကျူးကျော်နေသူများအား ဥပဒေနှင့်အညီ ဖယ်ရှားနိုင်ရေး ညှိနှိုင်းစည်းဝေး

**ပြင်ဦးလွင် မေ ၂၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ မေ ၂၆ ရက်က ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများသည် ပြင်ဦးလွင်မြို့နယ် သစ်တောကြိုးဝိုင်းအတွင်းရှိ တရားမဝင် ဝင်ရောက်ကျူးကျော်နေသူများအား သက်ဆိုင်ရာဌာနအသီးသီးမှ ဥပဒေနှင့်အညီ ဖယ်ရှားရှင်းလင်းနိုင်ရေးကို ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အမြန်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ကြောင်း သိရသည်။

**ဇော်မျိုးထိုက် ( ပြင်ဦးလွင်)**

# ဟင်းရွက်ရှာစဉ် မိုင်းနင်းမိသူ၏ မိသားစုထံသို့ စုပေါင်းလှူဒါန်းငွေပေးအပ်

**ဗန်းမော် မေ ၂၇**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မြို့လှမြို့တွင် မေ ၂၂ ရက် မွန်းတည့် ၁၂ နာရီခန့်က တောထဲ၌ ဟင်းသီးဟင်းရွက်ရှာစဉ် ဒေါ်သင်းသင်းထွေးဆိုသူမှာ မိုင်းနင်းမိ၍ ခန္ဓာကိုယ်အန္တရာယ် ခြောက်ချက်ရရှိခဲ့ပြီး ယခုရွှေကူမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ဆေးကုသ နေရသဖြင့် ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဒွေးက မြို့လှမြို့အမှတ်(၄)ရပ်ကွက်နေ ဒေါ်သင်းသင်းထွေး၏ မိခင်ကြီးဒေါ်အေးစိန်ထံ မေ ၂၅ ရက်က သွားရောက်၍ ငွေကျပ် ၅၀၀၀၀ ပေးအပ်လှူဒါန်းခဲ့သည်။ ထို့အပြင် လူနာရှင်မိသားစုအတွက် မြို့သူမြို့သားများက စုပေါင်းလှူဒါန်းငွေကျပ် ၇၅၆၀၀ ၊ ဌာနဆိုင်ရာများက ငွေကျပ် ၅၀၀၀၀ ၊ နယ်မြေခံတပ်မတော်က ငွေကျပ် ၃၀၀၀၀ စုစုပေါင်းလှူဒါန်းငွေကျပ် ၂၀၅၆၀၀ တို့ကို လက်ခံရရှိထားကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ဆဌမအကြိမ်မြောက် တစ်ကိုယ်တော်ပန်းချီပြပွဲဖွင့်

**မန္တလေး မေ ၂၇**

ပန်းချီအုန်းမြင့်ဝင်း၏ မြန်မာ့အလှပုံရိပ်များနှင့် ရောင်စုံလွင်ပြင် (Beauty of Myanmar Abstracts Solo Art Exhibition) ဆဌမအကြိမ်မြောက် တစ်ကိုယ်တော်ပန်းချီပြပွဲဖွင့်ပွဲကို မေ ၂၅ ရက်က မန္တလေးအောင်မြေသာစံမြို့နယ်ရှိ မန္တလေးတောင်ခြေပန်းချီပြခန်း၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ပန်းချီဆရာ အုန်းမြင့်ဝင်းက ပန်းချီပြပွဲကျင်းပဖြစ်ခဲ့ပုံနှင့် ယခုအကြိမ်သည် (၆)ကြိမ်မြောက် တစ်ကိုယ်တော်ပြပွဲ ကျင်းပဖြစ်ခဲ့ကြောင်း၊ ဆီဆေးနှင့် အခရိုက်လစ်ပန်းချီကားများ ပြထားကြောင်း၊ အားပေးမှုကို ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ပြပွဲကို မေ ၂၅ ရက်မှ ၂၉ ရက်ထိ ပြသသွားမည်ဖြစ်ပြီး ပြပွဲသို့ ပန်းချီဝါသနာရှင်များနှင့် စိတ်ပါဝင်စားသူများ လာရောက်ကြည့်ရှုကြကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

**သက်ရှိလောက တည်မြဲဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။**

# ညဈေးတန်းအသစ်တွင် အမှန်တကယ်ဈေးရောင်းချမည့်သူများကိုသာ ဆိုင်ခန်းနေရာပေးမည်

**မုံရွာ မေ ၂၇**

မုံရွာနာရီစင်နှင့်ဗိုလ်ချုပ်ကြေးရုပ်ကြား လက်ရှိဖွင့်လှစ်လျက်ရှိသော မုံရွာညဈေးတန်းကို ရုံးကြီးရပ်ကွက် ရုံးကြီးလမ်းတစ်လျှောက်သို့ နေရာပြောင်းလဲဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိရာ ဖွင့်လှစ်မည့်ဈေးသည်များအနေဖြင့်ဆိုင်နေရာပြန်လည်ရောင်းချခြင်းမျိုးလုံးဝခွင့်ပြုမည်မဟုတ်ကြောင်း မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မျိုးဝင်းထံမှသိရသည်။

"ညဈေးတန်းနေရာသစ်ကို အိမ်တွေမရှိတဲ့ အစိုးရရုံးတွေရှေ့မှာ ရွေးချယ်ထားတာပါ။ အကြမ်းအားဖြင့်ညဈေးတန်းဖွင့်မယ်ဆိုတဲ့မူကိုတော့ လက်ခံပြီးပါပြီ။ လက်တွေ့အကောင်အထည်ကိုလည်း ရက်ပိုင်းအတွင်းမှာ ဖော်ဖို့ရှိပါတယ်။ ဘယ်နေ့ဆိုတာတော့ အတိအကျပြောလို့ မရသေးဘူး။ အခုအသစ်ဖွင့်မယ့် နေရာက လုံလောက်တယ်။ လက်ရှိညဈေးတန်းဖွင့်နေတဲ့ နေရာကမလုံလောက်တဲ့အတွက် ရှေ့ကလူဆီကဝယ်တယ်။ နောက်တစ်ယောက်ကို ပြန်ငှားစားတယ်။ အဲဒါမျိုးတွေနေရာသစ်မှာ အဖြစ်မခံတော့ဘူး" ဟု ဦးကျော်မျိုး ဝင်းကပြောသည်။

မုံရွာညဈေးတန်းနေရာသစ်သို့ ပြောင်းရွှေ့ရန်စီမံချက်ရေးဆွဲပြီးဖြစ်သလို ဆိုင်စာရင်းလည်းကောက်ယူနေဆဲဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြရာ စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်က သဘောတူပြီးဖြစ်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပြောင်းရွှေ့ခွင့်ရက်ရလျှင် အကောင်အထည်ဖော်ပြောင်းရွှေ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ လက်ရှိဖွင့်နေသော ညဈေးတန်းနေရာသည် ပတ်ဝန်းကျင်လူနေအိမ်များအနေဖြင့် နေ့စဉ်ကြော်လှော်နေသော ညှော်နံ့မခံနိုင်သလို အမှိုက်များအမြဲရှုပ်ပွနေပြီး ညစဉ်အလုပ်နားချိန် အနားယူခွင့်ပင်မရလောက်အောင် အနှောင့်အယှက်ဖြစ်နေကြောင်းညဈေးတန်းရှိအိမ်အားလုံးနီးပါးက တိုင်ကြားထားသောကြောင့် လူနေအိမ်မရှိရာ မြစန္ဒာခန်းမမြောက်ဘက်ရုံးကြီးလမ်းထိပ်မှ စတင်ကာ စာတိုက်ကွေ့မှ တမာတန်းလမ်းဆုံမီးပွိုင့်ထိပ်အထိ ဆိုင်ခန်းနေရာများပေးသွားရန် စီစဉ်ခြင်းဖြစ်သည်။

ညဈေးတန်းနေရာသစ်တွင်အမှန်တကယ်ဖွင့်လှစ်မည့်သူများကိုသာ ဆိုင်ခန်းနေရာကို ခွင့်ပြုမည်ဖြစ်ပြီး လက်ရှိညဈေးတန်းထွက်နေသူဈေးသည်များကိုဦးစားပေးနေရာချထားပေးသွားမည်ဖြစ်သလို နောက် ထပ်ဆိုင်အသစ်ဖွင့်လှစ်လိုသူများကိုလည်း မြို့နယ်စည်ပင်သာယာရေးကော်မတီက စီစဉ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ယခု လက်ရှိဖွင့်နေသော ညဈေးတန်းနေရာသည် ဆိုင်ခန်းပေါင်း ၈၀ နှင့် ၁၀၀ ကြားသာ ဆံ့ပြီးရွှေ့ပြောင်းမည့်နေရာသစ်သည် လမ်းမှာလည်းရှည်လျားသလို လူနေအိမ်များနှင့်အရှုပ်အရှင်းမရှိနိုင်သောကြောင့် လမ်းဝဲနှင့်ယာတွင် ဆိုင်ခန်းပေါင်း ၅၀၀ ခန့် ခင်းကျင်းရောင်းချနိုင်မည်ဖြစ်ကြောင်းသိရသည်။



**မျိုးဝင်းထွန်း (မုံရွာ)**

# ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ရုရှားသမ္မတ ပူတင်တို့ မော်စကို၌ တွေ့ဆုံဆွေးနွေး

**မော်စကို မေ ၂၇**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့်အတူ မော်စကို၌ အစည်းအဝေးတစ်ရပ်ကျင်းပလျက်ရှိကြောင်း သိရသည်။

ကြာသပတေးနေ့ ညနေခင်းတွင် ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေး အစိုးရအဖွဲ့လေယာဉ်ဖြင့် ရောက်ရှိလာပြီးနောက် ဂျပန်နှင့် ရုရှား နှစ်နိုင်ငံ (၁၇) ကြိမ်မြောက် ထိပ်သီးအစည်းအဝေးကို ရုရှားနိုင်ငံ မော်စကိုမြို့၌ စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။




အာဘေးသည် ဂျပန်နိုင်ငံက ပိုင်ဆိုင်သည်ဟု အငြင်းပွားလျက်ရှိသည့် ရုရှားတို့ ထိန်းချုပ်ထားသော ကျွန်းလေးခုနှင့်ပတ်သက်သည့် ပူးတွဲစစ်တမ်းကောက်ယူမှုတစ်ရပ် ပြုလုပ်ရန်အတွက် နှစ်နိုင်ငံလုံးမှ အာဏာပိုင်များနှင့် တခြား တာဝန်ရှိသူများအား ပူးပေါင်းပါဝင်လာစေနိုင်မည့် သဘောတူညီမှုကို ရုရှားထံမှရရှိရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ယင်းစစ်တမ်းကောက်ယူမှုများက ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်းက ကမ်းလှမ်းခဲ့သည့်အတိုင်း အဆိုပါကျွန်းများပေါ်တွင် နှစ်နိုင်ငံအတူတကွ ပူးပေါင်းဆောင်ရွက်သွားမည့် စီးပွားရေးစီမံကိန်းများကို ရွေးချယ်ရာတွင် အကူအညီပေးနိုင်လိမ့်မည်ဟု အာဘေးက မျှော်လင့်ထားသည်။

ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် စီးပွားရေးအရ နီးကပ်စွာ ပူးပေါင်းနိုင်ရန် ငါးဖမ်းလုပ်ငန်း၊ သဘာဝပတ်ဝန်းကျင်ကိစ္စရပ်များ၊ ခရီးသွားလုပ်ငန်းနှင့် တခြားသော လုပ်ငန်းနယ်ပယ်များတွင်လည်း ယခုကဲ့သို့ ဆောင်ရွက်နိုင်ရေး အာရုံစိုက်လျက်ရှိသည်။

အာဘေးအနေဖြင့် ယင်းအစီအစဉ်က ကာလကြာမြင့်ခဲ့ပြီဖြစ်သည့် နယ်မြေပိုင်နက်ဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းရန် ဂျပန်၏ကြိုးပမ်းအားထုတ်မှုများကို အကူအညီပေးနိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# အီရန်တို့ထောက်ပံ့ထားသည့် လက်နက်သိုလှောင်ရုံကို အစ္စရေးတို့ လေကြောင်းမှတိုက်ခိုက်

**ဘေရွတ် မေ ၂၇**

ဒမတ်စကတ်လေဆိပ်အနီးရှိ လက်ဘနွန်နိုင်ငံမှ ဟစ်ဘိုလာအဖွဲ့က စီမံထိန်းချုပ်လျက်ရှိသည့် လက်နက်ထောက်ပံ့ရေး ပစ္စည်းသိုလှောင်ရုံတစ်ခုကို အစ္စရေးတို့က လေကြောင်းတိုက်ခိုက်မှု လုပ်ဆောင်ခဲ့ကြောင်း ဆီးရီးယားသူပုန်အဖွဲ့နှင့် ဒေသတွင်း စစ်ရေးသတင်းရယူမှုအဖွဲ့ သတင်းရင်းမြစ်များက ပြောကြားခဲ့သည်။

အီရန်က စစ်ရေးနှင့် စီးပွားရေးလုပ်ငန်းသုံးကုန်တင်လေယာဉ်များဖြင့် ပို့ဆောင်လိုက်သည့် စစ်လက်နက်ပစ္စည်းများကို ပစ်မှတ်ထားလျက် လေကြောင်းမှ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အရုဏ်မတက်မီ ပြုလုပ်ခဲ့သည့် လေကြောင်းတိုက်ခိုက်မှုများကြောင့် ဆီးရီးယားနိုင်ငံ၏မြို့တော် အရှေ့ဘက်ရှိ လေဆိပ် အနီးတစ်ဝိုက်တွင် မီးများ တောက်လောင်ခဲ့သည့် မြင်ကွင်းကို လက်ဘနွန်ရုပ်သံအစီအစဉ်နှင့် လူမှုကွန်ရက်မီဒီယာများတွင် ထုတ်လွှင့်ပြသခဲ့သည်ကို တွေ့မြင်ရသည်။

ပေါက်ကွဲပစ္စည်းများ ပါဝင်သည့် လက်နက်ပစ္စည်းများနှင့် လောင်စာအရင်းအမြစ်များကို ထိမှန်ခဲ့ကြောင်း သိရသည်။ ဆီးရီးယားတွင် ပြုလုပ်ခဲ့သည့် ယင်းလေကြောင်းတိုက်ခိုက်မှုနှင့်ပတ်သက်၍ အီရန်က မှတ်ချက်ချပြောဆိုမှုမရှိသေးပေ။

ဆီးရီးယားတွင် ဖြစ်ပွားခဲ့သည့် ယင်းတိုက်ခိုက်မှုသည် အီရန်၏စစ်လက်နက်ပစ္စည်းများအား ဆီးရီးယားမှတစ်ဆင့် ဟစ်ဘိုလာသို့ တရားမဝင်ကုန်ကူးမှုကို ကာကွယ်တားဆီးလိုသည့် အစ္စရေး၏မူဝါဒနှင့် တစ်ထပ်တည်းကျနေသည့်လုပ်ဆောင်မှုဖြစ်ကြောင်း စစ်ရေးအထူးသတင်းရယူမှုအဖွဲ့အကြီးအကဲ အစ္စရယ်လ်ကက်ဇ်က ပြောကြားခဲ့သည်။ အီရန်တို့ ထောက်ပံ့ပေးထားသည့် လက်နက်သိုလှောင်ရုံအား လေကြောင်းတိုက်ခိုက်မှုကြောင့် ငါးကြိမ်ထိမှန်ခဲ့ကြောင်း သိရသည်။

**(ရိုက်တာ)**

# ဒမတ်စကတ်မြို့ နိုင်ငံတကာလေဆိပ်ပတ်ဝန်းကျင်တွင် ကြီးမားသောပေါက်ကွဲမှုဖြစ်ပွား

**ဒမတ်စကတ် မေ ၂၇**

မေ ၂၇ ရက် နံနက်ပိုင်းက ဆီးရီးယားနိုင်ငံမြို့တော် ဒမတ်စကတ်မြို့ရှိ နိုင်ငံတကာ လေဆိပ်ပတ်ဝန်းကျင်တွင် ပေါက်ကွဲမှုကြီးတစ်ခုဖြစ်ပွားခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။




လေဆိပ်အနီးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ ပေါက်ကွဲမှုဖြစ်ပွားသည့် အကြောင်းကို ရှင်းလင်းစွာ မသိရသေးကြောင်း သိရသည်။ လေဆိပ်အနီး၌ ပေါက်ကွဲမှုဖြစ်ပွားခြင်းကြောင့် ဒေသခံများသည် အိပ်ရာမှ နိုးလာခဲ့ကြသည်။

အစ္စရေးက အဆိုပါလေဆိပ်ကို လေကြောင်းတိုက်ခိုက်မှု ငါးကြိမ်ပြုလုပ်ခဲ့ကြောင်း ရုရှားသတင်းဌာနခွဲများတွင် ဖော်ပြထားသည်။ လေဆိပ်တွင် တပ်မတော်အတွက် စစ်လေယာဉ်နှင့် လက်နက်ခဲယမ်းများ ထားရှိသည့် အစိတ်အပိုင်းတစ်ခုလည်း ပါဝင်ကြောင်း သိရသည်။

အဆိုပါတိုက်ခိုက်မှုသည် အကယ်၍ အစ္စရေးတို့၏ တိုက်ခိုက်မှုသာဖြစ်ပါက ပထမဆုံးအကြိမ် တိုက်ခိုက်မှုမဟုတ်ကြောင်း သိရသည်။

မကြာသေးမီက ဆီးရီးယားတပ်ဖွဲ့ဝင်များရှိရာ နေရာများကို အစ္စရေးတို့က လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သေးကြောင်း သိရသည်။ **(ဆင်ဟွာ)**

# ဗင်နီဇွဲလား အကျဉ်းထောင်တစ်ခု ဆူပူမှုဖြစ်ပွား၊ လူ ၁၂ ဦးသေဆုံး

**ကရာကက်စ် မေ ၂၇**

ယမန်နေ့က ဗင်နီဇွဲလားနိုင်ငံ အရှေ့မြောက်ပိုင်း အန်ဇိုတီကွာပြည်နယ် အကျဉ်းထောင်တစ်ခုတွင် ထောင်ဆူပူမှု ဖြစ်ပွားခဲ့ရာ ၁၂ ဦး သေဆုံးပြီး ၁၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ယမန်နေ့ဒေသစံတော်ချိန် နံနက် ၁ နာရီမှစကာ ညနေ ၆ နာရီအထိ အန်ဇိုတီကွာဒေသအတွင်းရှိ ဂျို့စ်အန်တိုနီယို အန်ဇိုတီကွာအကျဉ်းထောင်တွင် အကျဉ်းသားများအချင်းချင်း တိုက်ခိုက်မှုများဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

တိုက်ခိုက်မှုသည် ဂိုဏ်းအဖွဲ့အချင်းချင်း အာဏာပြိုင်ဆိုင်မှုများမှတစ်ဆင့် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ၁၂ ဦးသေဆုံးကာ ၁၁ ဦး ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း ဗင်နီဇွဲလားနိုင်ငံအစိုးရက ပြောကြားခဲ့သည်။

ယခုချိန်တွင် အကျဉ်းထောင်ဆူပူမှု အခြေအနေကို ထိန်းသိမ်းနိုင်ခဲ့ပြီး ပုံမှန်လုပ်ငန်းများ ပြန်လည်ဆောင်ရွက်နေပြီဖြစ်သည်။

အဆိုပါတိုက်ခိုက်မှုနှင့်ပတ်သက်ပြီး အကျဉ်းသား ၁၀ ဦးကို ဖမ်းဆီးကာ တရားစီရင်ရေးဌာနသို့ လွှဲပြောင်းပေးခဲ့သည်။

**(ဆင်ဟွာ )**

# ဆီးရီးယားနိုင်ငံ လေတပ်စခန်းတွင် ဓာတုလက်နက်ရှိကြောင်း အမေရိကန်တို့ အထောက်အထားထုတ်ပြန်နိုင်ခြင်းမရှိသေး

**မော်စကို မေ ၂၇**

အမေရိကန်နိုင်ငံအနေဖြင့် ဆီးရီးယားနိုင်ငံ ရှေရက်တ်လေတပ်စခန်းကို တိုက်ခိုက်ခဲ့သည့်လုပ်ရပ်မှာ နိုင်ငံတကာဥပဒေကို ချိုးဖောက်ခဲ့ခြင်းဖြစ်ကြောင်း ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဆာဂျီရှိုဂူက မော်စကို အပြည်ပြည်ဆိုင်ရာ လုံခြုံရေးအစည်းအဝေး၌ ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံအနေဖြင့် ဆီးရီးယားလေတပ်ကို တိုက်ခိုက်ခဲ့ခြင်းမှာ ယင်းနိုင်ငံတွင် တာဝန်ထမ်းဆောင်နေသော ရုရှားတပ်ဖွဲ့ကို ခြိမ်းခြောက်ရာရောက်ကြောင်း၊ ထို့ကြောင့် ရုရှားနိုင်ငံအနေဖြင့် အစိုးရတပ်ဖွဲ့ကို ကာကွယ်ရန် လိုအပ်သောဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ရှိုဂူက ပြောကြားခဲ့သည်။

ယခုလအစောပိုင်းက အမေရိကန်တပ်ဖွဲ့သည် ဆီးရီးယားနိုင်ငံ ရှေရက်တ်လေတပ်စခန်းကို ဒုံးကျည် ၅၉ စင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါလေတပ်စခန်းသည် ဓာတုလက်နက်ဖြင့် တိုက်ခိုက်ခဲ့သောကြောင့်ဖြစ်ပြီး အမေရိကန်တို့က ဒုံးကျည်ဖြင့် တိုက်ခိုက်ခဲ့ခြင်းမှာ ယင်းလေတပ်စခန်းရှိ လက်ကျန် ဓာတုလက်နက်ကို ဖျက်ဆီးလိုသောကြောင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်က ပြောကြားသည်။

လတ်တလောတွင် အမေရိကန်နိုင်ငံအနေဖြင့် ဆီးရီးယားနိုင်ငံ ရှေရက်တ်လေတပ်စခန်းတွင် ဓာတုလက်နက်ရှိကြောင်း မည်သည့် အထောက်အထားကိုမျှ ပြသနိုင်ခြင်းမရှိသေးကြောင်း သိရသည်။

**(ဆင်ဟွာ)**




ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂျီရှိုဂူ

# စက်မှုနည်းပညာအကြံပေးအစီအစဉ်အရ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး




**နေပြည်တော် ဧပြီ ၂၇**

စက်မှုဝန်ကြီးဌာနနှင့် ကိုရီးယားနိုင်ငံ The Korea Institute for Advancement of Technology (KIAT) တို့အကြား စက်မှုနည်းပညာအကြံပေး အစီအစဉ်အရ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် KIAT အဖွဲ့ ဥက္ကဋ္ဌ Mr. Jae Hoon Chung တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ထို့နောက် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများက မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသော စိုက်ပျိုးရေး အခြေအနေများနှင့် စိုက်ပျိုးရေးသုံး စက်ပစ္စည်းထုတ်လုပ်သည့် ကုမ္ပဏီများ၏ အခြေအနေများ၊ ကိုရီးယားနိုင်ငံမှ တာဝန်ရှိသူများက TASK နှင့် ပတ်သက်၍ ခြုံငုံလေ့လာချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် KIAT အဖွဲ့ဥက္ကဋ္ဌ Mr. Jae Hoon Chung တို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြသည်။ **(ဓါတ်ပုံ)**

အဆိုပါ လက်မှတ်ရေးထိုးပွဲကို ကိုရီးယားနိုင်ငံမှ Technology Advice and Solutions from Korea (TASK)နှင့်အတူ စိုက်ပျိုးရေးသုံး စက်မှုကဏ္ဍနည်းပညာဆိုင်ရာ အကြံပြုရေးနှင့် ဖြေရှင်းပေးနိုင်ရေး နည်းပညာများပါဝင်သော စက်မှုနည်းပညာဖွံ့ဖြိုးရေးအကြံပေးမှုဆိုင်ရာ အစီအစဉ်များတွင် နှစ်နိုင်ငံရှိ ကုမ္ပဏီများ၊ သုတေသန အဖွဲ့အစည်းများအကြား စက်မှုနည်းပညာဖွံ့ဖြိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမူဘောင်များ ချမှတ်ပေးနိုင်ရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဇီးတောကျေးရွာ မုန်းချောင်းကမ်းပြိုကာကွယ်ရေး ရေကာအမြန်တည်ဆောက်လျက်ရှိ

**ပွင့်ဖြူ ဧပြီ ၂၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဇီးတောကျေးရွာ၌ မုန်းချောင်းကမ်းပြိုကာကွယ်ရေးရေကာတာအား မိုးဦးမကျမီကာလအတွင်း အမြန်တည်ဆောက်လျက်ရှိသည်။ **(ယာပုံ)**



အဆိုပါ မုန်းချောင်းကမ်းပြိုကာကွယ်ရေးရေကာကို တိုင်းဒေသကြီးအစိုးရ ငွေလုံးငွေရင်း(ဖြည့်စွက်) ရန်ပုံငွေကျပ် ၃၁၈ ဒသမ ၉၆ သန်းဖြင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ဒေသ-၄)မှ လက်ထောက်အင်ဂျင်နီယာ ဦးထက်ဇော်ဦးက တာဝန်ယူတည်ဆောက်လျက်ရှိရာ ယခုအခါ ၇၀ ရာခိုင်နှုန်းထိ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဇီးတောကျေးရွာနေ ဒေသခံပြည်သူတစ်ဦးက "ကျွန်တော်တို့ရွာမှာ အိမ်ထောင်စု ၃၁၁ စု၊ လူဦးရေ ၁၃၄၇ဦး နေထိုင်ပါတယ်။ အရင်က ရွာတောင်ဘက်မှာ လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေတွေကို မဲဇလီရေလွှဲဆည်ကနေ မြောက်မုန်းမြောင်းမကြီးမှ တစ်ဆင့် ပို့လွှတ်တဲ့ မြောင်းလက်တံခွဲတွေနဲ့ စိုက်ပျိုးလုပ်ကိုင်ခဲ့တာ၊ မုန်းချောင်း ကမ်းပါးပြိုလို့ စိုက်ခင်းမြေတွေပါ သွားတယ်။ အခုအစိုးရလက်ထက်မှာ ၂၀၁၆ ခုနှစ်က ဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၀၀နဲ့ မုန်းချောင်းရေလွှဲတူးမြောင်း အရှည်ပေ ၂၀၀၀ ကျော်၊ အကျယ် ၄၀ ပေ ကို တူးဖော်ပေးပါတယ်။ အခု လက်ရှိ မုန်းချောင်းကမ်းပါးက ရွာအနားကပ်လာပြီး အခြေခံပညာမူလတန်းကျောင်း စည်းရိုးအနီးထိ ကမ်းပါးပြိုကျလာတာ၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကမ်းပါးပြိုမှုကာကွယ်ရေး ရေကာအခိုင်အမာ တည်ဆောက်ပေးတော့ ကျွန်တော်တို့ရွာ ဒေသခံပြည်သူတွေက ဝမ်းမြောက်လျက်ရှိကြပါတယ်"ဟု ပြောသည်။

မုန်းချောင်း ကမ်းပါးပြိုကျမှုသည် လက်ပန္ဒယ်ကျေးရွာမှစတင်၍ ဇီးတောကျေးရွာမှတစ်ဆင့် ညောင်ပင်ရွာကျေးရွာအထိ ကမ်းပါးပြိုကျမှုများ နှစ်စဉ်ကြုံတွေ့နေလျက်ရှိရာ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဘဏ္ဍာနှစ်အလိုက် ကမ်းပါးပြိုကျမှု ကာကွယ်ရေးရေကာများကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သူရထွန်း(ပွင့်ဖြူ)**

# နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တကလျာဏ ဘဝနတ်ထံ ပျံလွန်တော်မူ

**ရန်ကုန် ဧပြီ ၂၇**

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ အောင်မြေသာစံရပ်ကွက် ရွှေဒါးပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တကလျာဏ ဆရာတော်ကြီးသည် သက်တော် ၁၀၀ နှစ်၊ သိက္ခာတော် ၈၀ ဝါ အရ ၁၃၇၉ ခုနှစ် ကဆုန်လဆန်း ၁ ရက် (ဧပြီ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီ ၁၅ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် စစ်တွေအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေး

**စစ်တွေ ဧပြီ ၂၇**

ရခိုင်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးကျော်ကျော်သည် ပြည်နယ်တရားရေးဦးစီးမှူး ဦးစိုးစိုး၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်လှဲ့လှဲ့ဝင်း၊ စစ်တွေခရိုင်တရားသူကြီး ဒေါ်ဝါဝါထွန်းတို့နှင့်အတူ ဧပြီ ၂၇ ရက် နံနက် ၉ နာရီက ပြည်ထောင်စုတရားစီရင်ရေးဥပဒေနှင့်အညီ စစ်တွေအကျဉ်းထောင်သို့ သွားရောက်စစ်ဆေးခဲ့သည်။

စစ်တွေအကျဉ်းထောင်အစည်းအဝေးခန်း၌ အကျဉ်းထောင်တာဝန်ခံအရာရှိမှ အကျဉ်းထောင်အတွင်းရှိ အကျဉ်းသား အကျဉ်းသူများနှင့် အချုပ်တရားခံများ၏ နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သောက်သုံးရေရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် အဖွဲ့သည် အကျဉ်းထောင်ရှိ အိပ်ဆောင်များ၊ စားဖိုဆောင်နှင့်ဆေးရုံဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အကျဉ်းသား အကျဉ်းသူများနှင့် အချုပ်တရားခံများ၏ နေရာထိုင်ခင်း သက်သာချောင်ချိမှုရှိ၊ မရှိ၊ စားသောက်ရာတွင် အာဟာရသင့်တင့်မျှတမှုရှိ၊ မရှိ၊ ကျန်းမာရေးစောင့်ရှောက်မှု ရှိ၊ မရှိ၊ မကျန်းမာပါက ဆေးကုသနိုင်ရန်အခွင့်အရေးရရှိမှုရှိ၊ မရှိနှင့် ကြန့်ကြာနေသော စစ်ဆေးဆဲအချုပ်တရားခံများ ရှိ၊ မရှိ တို့ကို ဥပဒေနှင့်အညီ ရသင့်ရထိုက်သောအခွင့်အရေး ခံစားနိုင်ရေးတို့နှင့်စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(စစ်တွေ)**

# ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဂရန်အင်းများအားလုံး မေ ၁၉ ရက်တွင် လေလံတင်ရောင်းချမည်

**တောင်ငူ ဧပြီ ၂၇**

၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဂရန်အင်းများအားလုံး လေလံတင်ရောင်းချပွဲကို မေ ၁၉ ရက် နံနက် ၉ နာရီတွင် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

တောင်ငူခရိုင်အတွင်းရှိ ဂရန်အင်းလုပ်ငန်းလုပ်ကိုင်သူများနှင့် စိတ်ပါဝင်စားသူများအား လေလံစည်းမျဉ်းသတ်မှတ်ချက် ၂၅ ချက်ဖြင့် ဖြန့်ဝေပေးထားပြီး လက်ရှိဂရန်အင်းများအနေဖြင့် ရေတာရှည်မြို့နယ်တွင် အင်း ၁၁ ခု၊ တောင်ငူမြို့နယ်တွင် ခြောက်ခု၊ ထန်းတပင်မြို့နယ်တွင် ၁၃ ခု၊ အုတ်တွင်းမြို့နယ်တွင် ခုနစ်ခု၊ ကျောက်ကြီးမြို့နယ်တွင် ၁၈ ခုရှိပြီး လက်ရှိ အင်းလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် တစ်နှစ်ထက်တစ်နှစ် ငါးရရှိမှုနည်းပါးကာ အရှုံးပေါ်လျက်ရှိပြီး စပါးစိုက်ပျိုးခြင်းဖြင့် ဝင်ငွေရရှိအောင် ဆောင်ရွက်ကြရသည့်အတွက် ယခင်ကထက် စိတ်ဝင်စားမှုနည်းပါးနေကြသည်။

**ကိုလွင်(ဆွာ)**

# ရွှေလက်ဝါးသင်္ဘောနစ်မြုပ်ရာတွင် ဆုံးရှုံးသွားသည့်ကုန်ပစ္စည်းများ မြန်မာ့အာမခံဌာနက လာရောက်စစ်ဆေး

**ကြည့်မြင်တိုင် ဧပြီ ၂၇**

ဧပြီ ၂၆ ရက် ညနေက ကြည့်မြင်တိုင်မြို့နယ်(ဆိပ်ကမ်းနယ်မြေ) ဗားကရာဆိပ် ဖောတံတားအမှတ်(၁) တွင် နစ်မြုပ်သွားသော MV ရွှေလက်ဝါးသင်္ဘောပေါ် တင်ဆောင်ထားသည့် ကုန်ပစ္စည်းများအနက် မြန်မာ့အာမခံလုပ်ငန်းဌာနတွင် အာမခံထားရှိသော ကုန်ပစ္စည်းများအတွက် ပြန်လည်ပေးလျော်သွားမည်ဖြစ်ကြောင်း သိရသည်။

လာရောက်စစ်ဆေးနေသော မြန်မာ့အာမခံလုပ်ငန်းဌာနမှ တာဝန်ရှိအမျိုးသမီးတစ်ဦးက "အခုကတော့ စိစစ်နေဆဲပါ၊ ပစ္စည်းတွေက မျိုးစုံပြန့်ကျဲနေတာမို့ အတော်စိစစ်ရဦးမှာပါ"ဟု ဆိုခဲ့သည်။

နစ်မြုပ်သွားသည့် သင်္ဘောမှာ ကမ်းရိုးတန်းသွား ရန်ကုန်ကုန်ပစ္စည်းများ တင်ဆောင်၍ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ထွက်ခွာမည့် ကုန်တင်သင်္ဘောတစ်စင်းဖြစ်ပြီး တန်ချိန် ၄၀၀ မှ ၄၅၀ အကြားတင်ဆောင်နိုင်သည့် သင်္ဘောဖြစ်ကြောင်း သိရသည်။

ယခုအခါ သင်္ဘောတိမ်းစောင်းစဉ်က ဆယ်ယူနိုင်သမျှသော ကုန်ပစ္စည်းများကို ပိုင်ရှင်တစ်ဦးတည်းဖြစ်သည့် ရွှေသုဝဏ်သင်္ဘောပေါ်၌ ယာယီစုပုံတင်ဆောင်ထားလျက်ရှိသည်။

သင်္ဘောမနစ်မြုပ်မီက စားအုန်းဆီပီပါအလုံးပေါင်း ၁၅၀ ခန့်နှင့် အခြားသောကုန်ပစ္စည်းမျိုးစုံရှိပြီး မော်တော်ယာဉ်နှစ်စီးကို အခြားသင်္ဘောပေါ်သို့ အချိန်မီရွှေ့ပြောင်းနိုင်ခဲ့ပြီး နစ်မြုပ်စဉ်က မြစ်ရေပြင်၌မျောလာသည့် ဆီပီပါအချို့နှင့်ကုန်ပစ္စည်းအချို့အား ကြည့်မြင်တိုင်မြို့နယ် အမှတ် (၃) နယ်မြေရဲကင်း (ဗားကရာဆိပ်)ရဲကင်းမှူးနှင့် တပ်ဖွဲ့ဝင်များက ပြန်လည်သိမ်းဆည်းပြီး တာဝန်ရှိသူတို့ထံ ပြန်လည်အပ်နှံပေးခဲ့သည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**



## ပြင်ဆင်ဖတ်ရှုပါရန်

ဧပြီလ ၂၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၄ တွင် ကျောက်တော်မြို့ မဟာမုနိဘုရားကြီး၌ ဘုရားဖူးများဖြင့် စည်ကားသတင်း၌ ပါရှိသော ဓာတ်ပုံကို မဟာမုနိဘုရားအစား ရခိုင်သူဌေးကြီး ဦးရဲကျော်သူ၏ ကောင်းမှုတော်ဘုရားဟု ပြင်ဆင်ဖတ်ရှုပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **စာရေးသူ**

## စာပေမြင့်မှ လူမျိုးတင့်မည်

# မြောက်ဦး ရှေးဟောင်းယဉ်ကျေးမှုဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းမည်

**ရန်ကုန် မေ ၂၇**

ရခိုင်ပြည်နယ် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ မြောက်ဦးဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းနိုင်ရေး လာမည့်မေလတွင် ပညာရှင်အဖွဲ့စေလွှတ်၍ ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။

ရခိုင်ဒေသရှိစီးပွားရေးလုပ်ငန်းရှင်များ၏ တောင်းဆိုမှုအရ ၂၀၁၈ ခုနှစ်အတွင်း ရခိုင်ပြည်နယ် မြောက်ဦးဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ အမည်စာရင်းတင်သွင်းနိုင်ရေး လာမည့်မေလတွင် ရှေးဟောင်းနှင့်ဗိသုကာအဖွဲ့များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအဖွဲ့များ၊ မြန်မာနိုင်ငံအခြေစိုက် ယူနက်စကိုရုံးမှ ပညာရှင်များနှင့် ကိုယ်စားလှယ်များပါဝင်သော ပညာရှင်အဖွဲ့ကို ရခိုင်ပြည်နယ် မြောက်ဦး ရှေးဟောင်းယဉ်ကျေးမှုဒေသသို့ ကွင်းဆင်းတိုင်းတာစစ်ဆေးမှုများပြုလုပ်ရန် စေလွှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ယဉ်ကျေးမှုအမွေအနှစ် (Cultural Heritage) ပဲဖြစ်ဖြစ်၊ သဘာဝအမွေအနှစ်(Natural Heritage) ပဲဖြစ်ဖြစ် ပျက်စီးဆုံးရှုံးသွားရင် ဘယ်တော့မှ ပြန်မရနိုင်တော့ပါဘူး။ ဒီအတွက် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်သွားပြီဆိုရင် ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ အမြင့်ဆုံးကာကွယ်စောင့်ရှောက်မှုတွေ ရရှိမှာ ဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံအခြေစိုက်ယူနက်စကို ရန်ကုန်ရုံးမှ ယဉ်ကျေးမှုအစီအစဉ်အရာရှိ ဒေါ်ဉမ္မာမျိုးက ပြောသည်။

ရှေးဟောင်းအဆောက်အအုံ သို့မဟုတ် ရှေးဟောင်းအမွေအနှစ်ဒေသတစ်ခုကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းမည်ဆိုပါက ကနဦးပဏာမ အဆိုပြုအမည်စာရင်းတွင် ထည့်သွင်းရမည်ဖြစ်ကြောင်း၊ အမည်စာရင်းတင်သွင်းသည့်အခါ ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ ယူနက်စကို(ကမ္ဘာ့ကုလသမဂ္ဂဆိုင်ရာပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့အစည်း)၏ ကမ္ဘာ့စံ သတ်မှတ်ချက်များအတိုင်း တင်သွင်းရမည်ဖြစ်ကြောင်း၊ မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုဒေသကို ၂၀၁၈ ခုနှစ်တွင် အဆိုပြုအမည်စာရင်းတွင် ထည့်သွင်းနိုင်ရေးလာမည့် မေလမှစတင်ကာ ပညာရှင်အဖွဲ့ စေလွှတ်၍ ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်မှစတင်ကာ ဟန်လင်း၊ ဗိဿနိုးနှင့်သရေခေတ္တရာတို့သည် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်လာခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ပုဂံရှေးဟောင်းဒေသကိုလည်း ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး ၊ ဓာတ်ပုံ-သက္က**





တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် Nissan ပြိုင်ကားများ၊ Toyota Hilux Surf နှင့် Toyota Crown ယာဉ်များ

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၂၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၄၃ စီး၊ သွင်းကုန် ၄၅၉ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန်အစီး ၄၀၊ သွင်းကုန် ၁၃၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၆ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ ဒသမ ၂၄၁ သန်းခန့် ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၂၅ ရက်တွင် ပြင်ဦးလွင်မြို့မှ မန္တလေးသို့ သွားရောက်မည့် Nissan အမျိုးအစား ပြိုင်ကား နှစ်စီး၊ Toyota Hilux Surf အမျိုးအစားယာဉ်တစ်စီးနှင့် Toyota Crown အမျိုးအစားယာဉ်တစ်စီးတို့ကို ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း ပူးပေါင်းအဖွဲ့ကစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသဖြင့် အဆိုပါ ယာဉ်လေးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ်သန်း ၉၀ ခန့်ကို တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရောဝတီမြစ်ရေ သောက်သုံးရန် သင့် မသင့် ယခုနှစ်တွင် ကွင်းဆင်းစစ်ဆေးသွားမည်

**မြစ်ကြီးနား မေ ၂၇**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နေပြည်သူများ ဧရာဝတီမြစ်မှ ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေရရှိသုံးစွဲနိုင်စေရန်အတွက် ဧရာဝတီမြစ်ရေ သောက်သုံးရန်သင့် မသင့်ကို ယခုနှစ်တွင် ကွင်းဆင်းစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

"စစ်ဆေးတဲ့အကြောင်းရင်းက ဧရာဝတီမြစ် မေခ-မလိခအထက်ပိုင်းမှာ တရားမဝင် တူးဖော်မှုတွေပြုလုပ်နေတယ်။ တူးဖော်တဲ့နေရာမှာ စက်ပစ္စည်းကနေ မကောင်းတဲ့စွန့်ပစ်အရည်တွေ ထုတ်တာတွေရှိနေတယ်လို့ ယူဆရတယ်။ မြစ်ရေကိုကြည့်ခြင်းအားဖြင့်လည်း ရေနောက်တွေဖြစ်နေတာကို တွေ့ရတယ်။ ဒါကြောင့် ဧရာဝတီမြစ်ရေကို အမှီသဟဲပြုနေတဲ့ ပြည်သူတွေ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ရေကို ရရှိဖို့အတွက် ကွင်းဆင်းစစ်ဆေးမှာဖြစ်ပါတယ်"ဟု သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်အောင်မိုးက ပြောသည်။

"ကွင်းဆင်းစစ်ဆေးတဲ့နေရာမှာလည်း လစဉ် အပတ်စဉ်လုပ်သွားမှာပါ။ ကျွန်တော်တို့ဌာန တစ်ခုတည်းမလုပ်ပါဘူး။ ဌာနဆိုင်ရာ၊ NGO အဖွဲ့အစည်းတွေနဲ့ စုပေါင်းပြီး လုပ်သွားမှာပါ။ ရရှိလာတဲ့အဖြေကိုလည်း ပြည်သူတွေသိအောင် ချပြပေးသွားမှာ ဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။

"ဧရာဝတီမြစ်ရေ ညစ်ညမ်းမှု မရှိစေရေးအတွက် ရွှေတူးဖော်မှုနဲ့ အခြားသောလုပ်ငန်းတွေ လုပ်ကိုင်တဲ့နေရာမှာ သဘာဝပတ်ဝန်းကျင် မပျက်စီးအောင် ရေထုညစ်ညမ်းမှုမရှိအောင် လုပ်ကိုင် ဆောင်ရွက်စေချင်တယ်။ ပြည်သူလူထုအနေနဲ့လည်း ပူးပေါင်းပါဝင်စေချင်တယ်။ မြစ်ချောင်းအတွင်းမှာ လုပ်ငန်းဆောင်ရွက်တာကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေအရ တားမြစ်ထားတာရှိပါတယ်"ဟု ၎င်းက ရှင်းပြသည်။

လက်ရှိ ဧရာဝတီမြစ်အထက်ပိုင်း ချီဖွေမြို့ မေခမြစ်တစ်ဖက်ကမ်းအစိုးရထိန်းချုပ်နယ်မြေအတွင်း မရှိသော မြစ်ကမ်းတစ်လျှောက်တွင် သံဖရိန်ဇက်စက်လှေကြီး ခုနစ်စင်းခန့်နှင့် ကမ်းနံဘေးတွင် စက်ကြီးများဖြင့် နေရာ ၂၀ ခန့် ရွှေတူးဖော်မှုများ ဆောင်ရွက်နေသည့်အပြင် မလိခမြစ်တစ်လျှောက်တွင်လည်း တရားမဝင် ရွှေတူးဖော်မှုများ ပြုလုပ်ဆောင်ရွက်နေကြောင်း သိရသည်။ လက်ရှိ မြစ်ကြီးနားမြို့တွင်းနေပြည်သူများ သောက်သုံးရေရရှိရန်အတွက် ဧရာဝတီမြစ်ရေကိုစုပ်ယူ၍ ရေစစ်ကန်ဖြင့် သန့်စင်ပြီး မြို့ပေါ်ရပ်ကွက်တချို့ကို ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။ **မင်းရာဇာ(မြစ်ကြီးနား)**

# သီပေါမြို့နယ်၌ ဘုံလယ်မြေကိစ္စနှင့် ရွှေ့ပြောင်းသစ်စက်မြေနေရာကိစ္စတို့နှင့်ပတ်သက်ပြီး ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်

**သီပေါ မေ ၂၇**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ် မန်ဟဲကျေးရွာအုပ်စု ခါလိန်ကျေးရွာမှ ဦးကျော်ကျော်ဦး ဦးဆောင်သောအင်အား ၃၂ ဦးခန့်တို့သည် တောင်မြို့ရပ်ကွက်ရှိ ဘုံလယ်မြေကိစ္စနှင့် ခါလိန်ကျေးရွာရှိ အမှတ်(၁၁၂) ရွှေ့ပြောင်းသစ်စက်မြေနေရာကိစ္စနှင့်ပတ်သက်၍ မေ ၂၇ ရက် နံနက် ၉ နာရီက ခါလိန်ကျေးရွာမှ သီပေါမြို့ ပန်းတိမ်တောင်ရပ်ကွက်ရှိ မန္တလေး- လားရှိုး- မူဆယ်သွား ပြည်ထောင်စုလမ်းမ ဒုဋ္ဌဝတီတံတားကြီးအထိ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။

အဆိုပါငြိမ်းချမ်းစွာ စီတန်းလှည့်လည်ဆန္ဒဖော်ထုတ်ရာ လမ်းတစ်လျှောက်တွင် သိမ်းဆည်းမြေများ မူလတောင်သူများထံ ပြန်လည်အပ်နှံရေး၊ သိမ်းဆည်းခံမြေများကို ပြည်နယ်အစိုးရအဖွဲ့ကိုယ်တိုင် စစ်ဆေးပေးရေး၊ သိမ်းဆည်းခံမြေများကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက စစ်ဆေးဆောင်ရွက်ပေးရေး၊ ဥပဒေနှင့်အညီ ပုံစံ(၇)ချမှတ်ပေးရေး၊ ဥပဒေချိုးဖောက်နေသည့် ဝန်ထမ်းများကို အရေးယူပေးရေး၊ တိုင်ကြားစာများပေးပို့ရာ၌ သက်ဆိုင်ရာဌာနများ စာထွက်ရာတွင် မိတ္တူပြန်လည်ပေးပို့ရေး၊ တောင်မြို့ရပ်ကွက် ဘုံလယ်မြေကိစ္စ အမြန်ပြန်လည်စစ်ဆေးပေးရေး၊ အမှတ်(၁၁၂)ရွှေ့ပြောင်းသစ်စက်မြေကိစ္စ အမြန်စစ်ဆေးပေးရေးတို့ကို ကြွေးကြော်၍ ဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**




**တောတောင်ခြောက်ခန်း၊ လယ်ယာနွမ်း၏။**

# လာဘ်ငွေလက်ခံရယူခဲ့သည့် ဒုတိယရဲအုပ်နှင့် မြို့နယ်ဥပဒေအရာရှိတို့ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က တရားစွဲအရေးယူ

**နေပြည်တော် မေ ၂၇**

နေပြည်တော်ကောင်စီ ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်နေ နစ်နာသူက မော်တော်ယာဉ်ရောင်းမှား၊ ဝယ်မှား ကိစ္စနှင့်စပ်လျဉ်း၍ လာဘ်ငွေအသီးသီး ပေးခဲ့ရခြင်းအား အရေးယူပေးပါရန် ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီသို့ တိုင်ကြားခဲ့ခြင်းအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ လွှဲပြောင်းပေးပို့ခဲ့သည်။

လွှဲပြောင်းတိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ နေပြည်တော်ကောင်စီ ဇမ္ဗူသီရိမြို့နယ် ဇမ္ဗူသီရိရဲစခန်းမှ အမှုစစ်ရဲအရာရှိအဖြစ် ဆောင်ရွက်ခဲ့သည့် အမှတ်(၁)မြို့မရဲစခန်းမှ ဒုတိယရဲအုပ် ခင်မောင်ညိုသည် အမှုနှင့်ပတ်သက်၍ နစ်နာသူထံမှ ငွေကျပ်ခြောက်သိန်းကိုးသောင်းကို တောင်းခံရယူခဲ့ခြင်းသည် လုပ်ပိုင်ခွင့်အာဏာမရှိသော်လည်း ၎င်း၏အလုပ်တာဝန်ကိုဆောင်ရွက်စဉ် အဂတိလိုက်စားမှု ကျူးလွန်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းအား ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၇ အရ ဇမ္ဗူသီရိမြို့နယ်တရားရုံးတွင် မေ ၂၄ ရက်ကလည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ် ဥပဒေအရာရှိ ဦးကျော်သူယျာဝင်းသည် တရားစွဲဆိုခြင်းမပြုမီ ဥပဒေအကြံပြုပြန်ကြားရန် ဆောင်ရွက်ရာ၌ အမှုနှင့်ပတ်သက်၍ နစ်နာသူထံမှ ငွေကျပ်သိန်း ၂၀ ကို တောင်းခံရယူခဲ့ခြင်းသည် မြို့နယ်ဥပဒေအရာရှိတစ်ဦး၏ လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးပြု၍ အဂတိလိုက်စားမှု ကျူးလွန်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းအား ၂၀၁၃ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆ အရ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တွင် မေ ၂၇ ရက်ကလည်းကောင်း တရားစွဲဆို အရေးယူဆောင်ရွက်ခဲ့ပါကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်မှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဘူးသီးတောင်မြို့နယ် လုတ်စာကိုင်းကျေးရွာ၌ မသက်ာသူငါးဦး ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၇**

ဘူးသီးတောင်မြို့နယ် လုတ်စာကိုင်းကျေးရွာ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် ယာဆိမ်းအပါအဝင် မသင်္ကာသူငါးဦးအား ယမန်နေ့က ထပ်မံဖမ်းဆီးရမိကြောင်း သိရသည်။

ဘူးသီးတောင်မြို့နယ် တင်းမေကျေးရွာမြောက်ဘက် လျှိုမြောင်အတွင်းမှ လူနေတဲများနှင့် လူအသုံးအဆောင်ပစ္စည်းများအား မတ် ၇ ရက် ညနေပိုင်းက ရှာဖွေတွေ့ရှိခဲ့ပြီး စုံစမ်းဖော်ထုတ်ချက်အရ အကြမ်းဖက်သင်တန်းတက်ရောက်ခဲ့သူ ကျောင်းတောင်ကျေးရွာနေ အဒူလာမိန်နှင့် ငွေကြေးပံ့ပိုးပေးသူ အဒူရော်ရှီးပါ ၁၃ ဦးအား ဖမ်းဆီးရမိခဲ့ပြီးနောက် မေ ၂၆ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များ နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် ဘူးသီးတောင်မြို့နယ် လုတ်စာကိုင်းကျေးရွာ၌ ယင်းဖြစ်စဉ်နှင့် ပတ်သက်ဆက်စပ်နိုင်သည့် ယာဆိမ်းပါ မသင်္ကာသူငါးဦးအား ထပ်မံဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

ဖမ်းဆီးရမိသူများအား ကျောင်းတောင်ရဲစခန်း၌ အမှုတွင်ပါဝင်ပတ်သက်ခြင်း ရှိ၊ မရှိ စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# အောင်ပြည့်စုံ ခရီးသည်တင်ယာဉ် ဘရိတ်ပေါက်၍ ချောက်ထဲထိုးကျ

**အမ်း မေ ၂၇**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ် အမ်းတောင်ကျေးရွာအုပ်စု ငပြေယ်ကျေးရွာအနီး၌ အောင်ပြည့်စုံခရီးသည်



တင်ယာဉ်သည် ဘရိတ်ပေါက်၍ လမ်း၏ယာဘက် ပေ ၁၈၀ အနက်ရှိ ချောက်ထဲသို့ မေ ၂၇ ရက် နံနက် ၉ နာရီက ထိုးကျတိမ်းမှောက်သွားခဲ့သည်။

မင်းဘူး- အမ်းကားလမ်း မိုင်တိုင်အမှတ် (၇၆/၁)မိုင် နေရာတွင် ရန်ကုန်မှ စစ်တွေသို့ အကူယာဉ်မောင်း ဦးစိုးကျော်သူ (၃၈ နှစ်)ငပြေယ်ကျေးရွာနေသူ မောင်းနှင်လာသော ယာဉ်အမှတ် 2A/---- အောင်ပြည့်စုံ ခရီးသည်တင်ယာဉ်မှာ ယာဉ်မောင်းနှစ်ဦး၊ ယာဉ်နောက်လိုက်တစ်ဦး၊ ခရီးသည်နှစ်ဦး စုစုပေါင်း ခြောက်ဦးနှင့် ကုန်စည်များ တင်ဆောင်မောင်းနှင်လာစဉ် ဘရိတ်ပေါက်၍ ချောက်ထဲသို့ ထိုးကျခဲ့ခြင်းဖြစ်သည်။

အခင်းဖြစ်ရာနေရာသို့ အမ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ် ဦးဆောင်၍ မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊ ယာဉ်ထိန်းတပ်ဖွဲ့စုမှူး၊ အမ်းတောင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့ သွားရောက်ခဲ့ပြီး ဒဏ်ရာရရှိသူများအား အမ်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ဦးစိုးကျော်သူ၊ ဦးတင်ထွန်း၊ ဦးစည်သူချမ်း၊ ဦးကျော်လင်းတို့မှာ ပေါက်ပြဲဒဏ်ရာများရရှိသဖြင့် အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူလျက်ရှိပြီး ယာဉ်အား မဆင်မခြင်မောင်းနှင်သူ အကူယာဉ်မောင်း ဦးစိုးကျော်သူအား အမ်းမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# တန့်ယန်းမြို့နယ်တွင် ဘိန်းစိမ်းများဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၇**

မူးယစ်တပ်ဖွဲ့စု(၂၃) တန့်ယန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၆ ရက်က တန့်ယန်းမြို့ ရပ်ကွက်(၃) ပင်တိုင်ခရီးသည်တင်ယာဉ်ငယ်ဂိတ်အနီးတွင် မနန်းခမ်းအောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းစိမ်း ခြောက်ကီလို သိမ်းဆည်းရမိခဲ့သဖြင့် မနန်းခမ်းအောင်(၂၈နှစ်)ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

## ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# ကျွန်းသစ် ၁၇ တန်ကျော် သယ်ဆောင်လာသည့်ယာဉ်အား သိမ်းဆည်းရမိ

**ပခုက္ကူ မေ ၂၇**

ပခုက္ကူမြို့နယ် ပခုက္ကူ-မြစ်ခြေကားလမ်းတွင် မေ၂၅ ရက်က ကျွန်းခွဲသား ၁၇ တန်ကျော် သယ်ဆောင်လာသော ယာဉ်တစ်စီးအား ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ကြောင်း မြစ်ခြေနယ်မြေရဲစခန်းမှ သိရသည်။

ပခုက္ကူမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်မောင်ဆွေနှင့် သစ်တောဝန်ထမ်းများသည် မကွေးတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ညွှန်ကြားချက်အရ မေ ၂၅ ရက် နံနက် ၄ နာရီ မိနစ် ၅၀ က ကမ္မမြို့ဘက်မှ ပခုက္ကူမြို့ဘက်သို့ မိုးကာဖုံးအုပ်၍ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးအား လိုက်လံစစ်ဆေးခဲ့ရာ အဆိုပါယာဉ်မှာ ပခုက္ကူ-မြစ်ခြေသွားကားလမ်းအတိုင်း မြစ်ခြေဘက်သို့ ချိုးကွေ့သွားသဖြင့် လိုက်လံဖမ်းဆီးခဲ့ပြီး ပခုက္ကူ-မြစ်ခြေကားလမ်း မိုင်တိုင်အမှတ် (၁၂/၆နှင့် ၁၂/၇) ကြား၌ MDY 8B/------ ၁၀ ဘီး မော်တော်ယာဉ်အား ပိုင်ရှင်မဲ့တွေ့ရှိခဲ့၍ မြစ်ခြေနယ်မြေခံရဲတပ်ဖွဲ့နှင့်အတူ ဖွင့်ဖောက်စစ်ဆေးခဲ့ရာ တရားမဝင်ကျွန်းသစ်ခွဲသား ဆိုက်စုံ ၆၇၀ ချောင်း (၁၇ ဒသမ ၃၀၆၂ တန်) စုစုပေါင်းတန်ဖိုးငွေကျပ် ၇၇၉၂၂၉၀ ခန့် တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ယင်းသိမ်းဆည်းရမိခဲ့မှုနှင့် ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအား စုံစမ်းဖော်ထုတ်အရေးယူပေးရန် တောအုပ်ကြီး ဦးဝင်းမြင့်သန်းက မေ ၂၆ ရက်တွင် တရားလိုပြုတိုင်ကြားခဲ့သဖြင့် ပခုက္ကူမြို့နယ် မြစ်ခြေနယ်မြေရဲစခန်းက အမှုဖွင့်စုံစမ်းလျက်ရှိကြောင်း သိရသည်။ **ကျော်ဇေယျ**


**မော်တော်ဆိုင်ကယ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

မော်တော်ဆိုင်ကယ်အမှတ် ၁၃ယ/၅၂၀၂၉ Honda Dream 125 ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာမျိုး ၁၀/ရမန(နိုင်)၀၀၂၈၅၀ က (ကမ-၃) ပျောက် မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 4J/8514 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 9H/1871 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

**ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၀၊ ရတနာလမ်း မြေကွက်အမှတ် ၁၅၉၃ အကျယ်အဝန်း (ပေ ၄၀×ပေ၆၀) ရှိ ဒေါ်စိမ်းမြအေး အမည်ပေါက် ပါမစ်မြေကွက်နှင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၀၊ ရတနာလမ်းမြေကွက်အမှတ် ၁၅၉၄အကျယ်အဝန်း (ပေ ၄၀×ပေ ၆၀)ရှိ ဒေါ်တင်လတ်သန္တာဖိုလ် အမည်ပေါက် ပါမစ်မြေကွက်နှစ်ကွက်သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့မြေစာရင်းတွင် ၎င်းတို့အမည်ဖြင့် တည်ရှိပြီး ၎င်းတို့ထံမှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားသည့် ယခုရောင်းချသူ ဒေါ်ဖြူဇင်ခိုင် ၁၃/တကန(နိုင်)၁၃၄၄၇၇ သည် အဆိုပါမြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အား မိမိတရားဝင်ပိုင်ဆိုင်ကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း လွတ်လပ်စွာရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ ၁၀ ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးမြင့် (BSC, DA, RL)
တရားလွှတ်တော်ရှေ့နေ -၂၅၉၆
အမှတ် ၃၃/၄၉၊ အခန်း ၃၇၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၅၀၂၅၄၄၂

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 7G/1136 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 2G/6965 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ ဗိုလ်ထွန်းလင်းလမ်း၊ မြေကွက်အမှတ် ၁၀၂၂ မူလပိုင်ရှင်ဦးအုံးမောင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေမှ အစိတ်အပိုင်းဖြစ်သည့် မြေကွက်အမှတ် ၁၀၂၂ (A)မြေဧရိယာ ၂၀×၆၀ မြေကွက်အလွတ်အား စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခင်သန္တာလင်း ၁၂/ဥကတ(နိုင်)၁၄၃၈၁၆မှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးအောင်ကိုလတ် ၁၂/ဥကမ(နိုင်)၁၈၃၁၅၂နှင့် ဒေါ်ဌေးဌေးဝင်း ၁၂/ဥကမ(နိုင်)၁၈၃၄၃၄တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါကအကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကိုကိုအောင်(စဉ်-၃၅၄၇၃)
LL.B,D.B.L,D.I.L,WIPO(Switzerland)
အထက်တန်းရှေ့နေ
အမှတ် ၄၆၀၊ သုမာလာ(၁)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်
ဖုန်း-၀၉-၅၆၆၁၂၀၂၊ ၀၉-၇၉၅၆၆၁၂၀၂၊ ၀၉-၉၇၅၆၆၁၂၀၂

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ ညောင်သုံးပင်မြောက်၊ ဦးပိုင်အမှတ် ၂၈(က/၂)၊ ဖွံ့ဖြိုးရေး (၃) လမ်း၊ မြေကွက်အမှတ် (စ/၇၇)၊ ဧရိယာ ၀ဒသမ၀၄၁၈ဧကရှိ ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိထားပိုင်ဆိုင်လျက်ရှိသူ ဦးကြည်ချမ်း ၆/မအရ(နိုင်)၀၈၅၁၆၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်လတ် LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၀၃၈)
အမှတ် ၅၆၅/၅၆၇၊ MAC TOWER၊ အခန်းအမှတ် ၄၀၃၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၂၅၄၁၁၇၈၅၄၊ ၀၉-၄၉၃၀၆၅၅၀

**ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်**
B.A (Hons), M.A (English)
**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို ဘွဲ့ရ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။ အခြေခံညံ့သည်ဟု ယူဆလျှင် မဖြစ်မနေတက်ပါ။
မေလ (၄/၆)ရက်နေ့ (ပ/၃)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၄ တန်း မှ ၈ တန်း နှစ်ပေါက်တန်းခွဲများ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

**ညှိနှိုင်းဈေးဖြင့်မြေရောင်းမည်**

ပြင်ဦးလွင်မြို့ အိမ်တော်လမ်း ၀ဒသမ၆ ဧကခန့် အကျယ်အဝန်းရှိ မြေကွက်အား တစ်ကွက်လုံးဖြစ်စေ၊ ပိုင်း၍ဖြစ်စေညှိနှိုင်းဈေးဖြင့်ရောင်းမည်။ (ပတ်ဝန်းကျင်ကောင်း၊ နေရာကောင်း) Hotel များရှိ
ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၀၀၂၇၇၇၄၊ ၀၉-၇၇၇၇၀၀၅၂၇၊ ၀၉-၇၇၇၇၀၀၇၆၃၊ ၀၉-၈၆၀၀၁၉၀

**အိမ်အရောက်သင်ကြားပေးသည်**

ဆရာမဒေါ်မြင့်မိုရ်(၁၀တန်းသီးသန့်)
ဂုဏ်ထူးအာမခံ (Eng,Math,Chem,Phy,Bio)
(တစ်ဘာသာ တစ်သိန်းကျပ်)
ဖုန်း-၀၉-၄၅၅၀၄၆၇၉၄၊ ၀၉-၉၇၆၉၀၇၉၁၅

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 4D/6379 Toyota Mark II, Saloon (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးခိုင် ၁၂/စခန(နိုင်)၀၂၅၀၁၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

# ပြင်သစ်ရှုံးထွက်ဖလား ပီအက်စ်ဂျီတို့ မိုနာကိုအား ဂိုးပြတ်အနိုင်ယူ




ပြင်သစ်ရှုံးထွက်ဖလား အကြိုဗိုလ်လုပွဲကို မေ ၂၇ ရက် နံနက်ပိုင်းက ပီအက်စ်ဂျီနှင့် မိုနာကို တို့ယှဉ်ပြိုင်ကစားခဲ့ရာ ပီအက်စ်ဂျီ အသင်း ငါးဂိုး-ဂိုးမရှိ ဂိုးပြတ်အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့တက်လှမ်းခဲ့သည်။

ယင်းပွဲတွင် ပီအက်စ်ဂျီက ၄-၃-၃ ကစားကွက်ဖြစ်လည်းကောင်း၊ မိုနာကိုက ၄-၄-၂ ပုံစံဖြင့်လည်းကောင်း ပွဲထွက်လာသည်။ ပီအက်စ်ဂျီအတွက် အနိုင်ဂိုးများကို ပွဲချိန် ၂၆ မိနစ်တွင် ဒရက်ဇ်လာ၊ ၃၁ မိနစ်တွင် ကာဗာနီ၊ ၅၂ မိနစ်တွင် မာတူဒီ၊ မိနစ် ၉၀တွင် မာကွင်ဟိုစ်တို့ က သွင်းယူခဲ့ပြီး မိနစ် ၅၀တွင် မိုနာကိုနောက်တန်းကစားသမား အမ်ဘေးလ် ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့သဖြင့် ပီအက်စ်ဂျီတို့ ငါးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။ ဗိုလ်လုပွဲကြီးကို စိန့်ဒန်းနစ်မြို့၌ မေ ၂၇ ရက်တွင် ပီအက်စ်ဂျီနှင့် အန်းဂါးစ်တို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပြင်သစ်ရှုံးထွက်ဖလား ပြိုင်ပွဲကြီးကို ၁၉၁၇ ခုနှစ်တွင် စတင်ယှဉ်ပြိုင်ခဲ့ပြီး ယခုနှစ်တွင် ရာပြည့်ပြိုင်ပွဲကြီးလည်းဖြစ်သည်။ ယင်းဖလားကို အကြိမ်အများဆုံး အဖြစ် မာဆေးနှင့် ပီအက်စ်ဂျီတို့က ၁၀ ကြိမ်စီ ရရှိထားခြင်းဖြစ်သည်။ **သီဟ**

| စပိန်လာလီဂါပွဲစဉ် (၃၄) | | |
|---|---|---|
| ဘာစီလိုနာ | ၇ - ၁ | အိုဆာဆူနာ |
| ဗလင်စီယာ | ၂ - ၃ | ဆိုစီဒက် |
| လီဂါနက် | ၃ - ၀ | လက်စ်ပါမက် |
| ဒီပို့တီဗို | ၂ - ၆ | ရီးရဲမက်ဒရစ် |

| ပရီမီယာလိဂ် ပွဲကျန်များ | | |
|---|---|---|
| အာဆင်နယ် | ၁ - ၀ | လက်စတာ |
| မစ်ဒယ်ဘရော့ | ၁ - ၀ | ဆန်းဒါးလန်း |
| ပဲလေ့စ် | ၀ - ၁ | စပါး |

# စင်ကာပူ ချန်ပီယံရှစ်ပြေးခုန်ပစ်ပြိုင်ပွဲတွင် မြန်မာအသင်း ရွှေ၊ ငွေ၊ ကြေးဆုများ ဆွတ်ခူး

**စင်ကာပူ မေ ၂၇**

၂၀၁၇ စင်ကာပူ ချန်ပီယံရှစ်ပြေးခုန်ပစ်ပြိုင်ပွဲ ပထမနေ့ကို ယနေ့နံနက်ပိုင်းမှစ၍ စင်ကာပူနိုင်ငံရှိ အမျိုးသားဘောလုံးကွင်း၌ကျင်းပရာ မြန်မာပြေးခုန်ပစ်အဖွဲ့က ရွှေနှစ်ခု၊ ငွေတစ်ခု၊ ကြေးတစ်ခု စတင်ဆွတ်ခူးရရှိခဲ့သည်။

မြန်မာပြေးခုန်ပစ်အဖွဲ့အတွက် ရွှေဆုများကို ဆန်းနိုင်က အမျိုးသား မီတာ ၁၀၀၀၀ အပြေးပြိုင်ပွဲ၊ ခင်မာဆယ်က အမျိုးသမီး မီတာ ၁၀၀၀၀ အပြေးပြိုင်ပွဲတို့တွင် ရယူပေးခဲ့ပြီး ငွေဆုကို ကီလိုမီတာ ၂၀ လမ်းလျှောက်ပြိုင်ပွဲမှ ပြည့်ဖြိုးထွန်း၊ ကြေးဆုကို မီတာ ၈၀၀ ပြိုင်ပွဲမှ ဆွေလီမြင့်တို့က ရရှိခဲ့သည်။ ယင်းပြိုင်ပွဲတွင် အာဆီယံနှင့် အာရှနိုင်ငံများအပါအဝင် အသင်းပေါင်း ၁၄ သင်းမှ ကစားသမား ၂၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ ပြိုင်ပွဲဒုတိယနေ့ကို မေ ၂၈ ရက် (ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာပြေးခုန်ပစ်အဖွဲ့မှာ ပြိုင်ပွဲအမျိုးအစား နှစ်မျိုးတွင် ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာပြေးခုန်ပစ်အဖွဲ့သည် (၂၉) ကြိမ်မြောက်ဆီးဂိမ်းပြိုင် ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

**ဖိုးသော်ဇင်**

# ပိုကယ်ဖလား ဒေါ့မွန်တို့ ဘိုင်ယန်မြူးနစ်ကို အနိုင်ယူပြီး ဗိုလ်လုပွဲတက်



၂၀၁၆-၂၀၁၇ ဂျာမန် ပိုကယ်ဖလားအကြိုဗိုလ်လုပွဲကို မေ ၂၇ ရက် နံနက်ပိုင်းက ဘိုင်ယန်မြူးနစ်နှင့် ဒေါ့မွန်တို့ယှဉ်ပြိုင်ကစားခဲ့ရာ ဒေါ့မွန်အသင်း သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့တက်ရောက်ခဲ့သည်။

ယင်းပွဲတွင် နှစ်သင်းစလုံး ၄-၂-၃-၁ ကစားကွက်ဖြင့်ပွဲထွက်လာကြပြီး ဘိုင်ယန်အသင်းတွင် ဝါရင့်ဂိုးသမား နူအာ ဒဏ်ရာပြဿနာကြောင့် မပါဝင်ခဲ့ပေ။ ပထမပိုင်းပွဲချိန် ၁၉ မိနစ်တွင် မာကိုရူးစ်က ဒေါ့မွန်အတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ၂၈ မိနစ်တွင် မာတီနက်ဇ်က ဘိုင်ယန်အတွက် ချေပဂိုးပြန်လည်သွင်းယူခဲ့သည်။ ပထမပိုင်းပြီးခါနီး ပွဲချိန် ၄၁ မိနစ်တွင် နောက်တန်းကစားသမား ဟမ်မဲလ်က ဘိုင်ယန်အတွက် ဦးဆောင်ဂိုး ပြန်လည်သွင်းယူခဲ့သည်။ ဒုတိယပိုင်း ၆၉ မိနစ်တွင် တိုက်စစ်မှူး အူဘာမီယန်း က ဒေါ့မွန်အတွက် ဒုတိယချေပဂိုးသွင်းယူခဲ့ပြီး ၇၄ မိနစ်တွင် ဒမ်ဘီလီက ဒေါ့မွန်အတွက် အနိုင်ဂိုးသွင်းယူခဲ့သည်။ ဂျာမန်ဖလားပွဲတိုင်း ပြိုင်ဘက်အသင်းကြီးနှစ်သင်းတွေ့ဆုံမှုမှာ ပြိုင်ဆိုင်မှုပြင်းထန်ခဲ့ပြီး ပွဲပြီးချိန်တွင် ဒေါ့မွန်တို့ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်လှမ်းခဲ့သည်။

ဘိုင်ယန်နှင့် ဒေါ့မွန်အသင်းတို့သည် ဥရောပချန်ပီယံလိဂ်ပြိုင်ပွဲကြီးမှ ပူပူနွေးနွေးထွက်ခွာခဲ့ရသည့် အသင်းနှစ်သင်းဖြစ်ပြီး ဘိုင်ယန်သည် ပိုကယ်ဖလားပါ လက်လွတ်ဆုံးရှုံးလိုက်ရပေမယ့် ပြည်တွင်းအမှတ်ပေးပြိုင်ပွဲ ဘွန်ဒက်စ်လီဂါဖလားကို ပိုင်ဆိုင်ရန် နီးစပ်နေသည်။ ပိုကယ်ဖလားဗိုလ်လုပွဲကို မေ ၂၇ ရက်တွင် ဒေါ့မွန်နှင့် ဖရန့်ဖတ်တို့ ဘာလင်မြို့၌ ယှဉ်ပြိုင်မည်ဖြစ်သည်။

**သီဟ**


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
## ရုံးချုပ်၊နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း

၁။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတွင် စိစစ်ရေးမှူး-၂ (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူး(၂၀)နေရာ လစ်လပ်လျက်ရှိပါသည်။ လစ်လပ်ရာထူး(၂၀) နေရာတွင် စီးပွားရေးတက္ကသိုလ်များမှ ဘွဲ့ရရှိသူများအား ရွေးချယ်ခန့်ထားမည် ဖြစ်ပါသည်။

၂။ ရွေးချယ်ခြင်းခံရသူများအား စိစစ်ရေးမှူး-၂ ရာထူး(လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)တွင် ကနဦးလစာကျပ် ၁၈၀၀၀၀/- ဖြင့် စတင်ခန့်ထားပါမည်။ ရွေးချယ် ခြင်းခံရသူများသည် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန(ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသရုံးများ)တွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး အရာထမ်းငယ်အခြေခံသင်တန်းသို့ တက်ရောက်ရမည်ဖြစ်ပါသည်။

၃။ လျှောက်ထားသူသည်
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) အနည်းဆုံးပညာအရည်အချင်းမှာ အောက်ဖော်ပြပါ ဘွဲ့တစ်ခုခုရရှိသူများ ဖြစ်ရပါမည်-
  - (၁) ဝါဏိဇ္ဇဘွဲ့ (B.Com)
  - (၂) စာရင်းကိုင်ပညာဘွဲ့ (B.Act)
  - (၃) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုဘွဲ့ (B.B.A)
  - (၄) စီးပွားရေးပညာဘွဲ့(ဘောဂဗေဒ) B.Econ(Economics)
  - (၅) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဘွဲ့ (B.P.A)
  - (၆) ဖွံ့ဖြိုးရေးပညာဘွဲ့ (B.Dev.S)
  - (၇) စီးပွားရေးပညာဘွဲ့(စာရင်းအင်း) B.Econ(Statistics)
  - (၈) အထက်ပါဘာသာတွဲအလိုက် မဟာဘွဲ့ရရှိသူများလည်း လျှောက်ထားနိုင်ပါသည်။
  - (ဂ) ၃၁-၅-၂၀၁၇ ရက်တွင် အသက်(၂၅)နှစ်ထက် မကျော်စေရ။
  - (ဃ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အထက်ပါစီးပွားရေးပညာဘွဲ့များအပြင် B.A(Eco)ဘွဲ့ရရှိပြီး ၃၁-၅-၂၀၁၇ ရက်တွင် အသက်(၃၀) မကျော်လွန်သူများ လျှောက်ထားနိုင်သည်။
  - (င) ဌာနတွင် အနည်းဆုံး(၃)နှစ်တာဝန်ထမ်းဆောင်နိုင်ရမည်။

၄။ လျှောက်ထားသည့်စာရွက်စာတမ်းများကိုစိစစ်ပြီးပါက သတ်မှတ်ချက်နှင့် ကိုက်ညီသူများသာ ရေးဖြေစာမေးပွဲကိုဖြေဆိုရမည်။ ဖြေဆိုရမည့်ဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတတို့ဖြစ်ပါသည်။ ရေးဖြေအောင်မြင်သူများသည် လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှု စစ်ဆေးခြင်းအား ထပ်မံဖြေဆိုရမည်။ ရေးဖြေစာမေးပွဲအစီအစဉ်ကို သတင်းစာများတွင် ထပ်မံကြော်ငြာပါမည်။

၅။ လျှောက်ထားသူများသည် စာမေးပွဲဝင်ကြေး ကျပ် ၁၀၀၀/-ပေးသွင်းရမည်ဖြစ်ပါသည်။ စာမေးပွဲဝင်ကြေးပေးသွင်းသူများသည် နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်ရှိ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၏ ငွေထုတ်စာရင်းအမှတ် MD-010624 သို့ ငွေစာရင်းခေါင်းစဉ် ၁၈။ ၉။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ၁။ ပစ္စည်းများ ရောင်းချရငွေနှင့် ဆောင်ရွက်ပေးမှုအတွက် ရငွေများ၊ ၀၂။ဆောင်ရွက်ပေးမှုအတွက် ရငွေများ ဖြင့် ပေးသွင်းရမည်ဖြစ်ပြီး စာရင်းအမှတ်အောက်ရှိကွက်လပ်တွင် ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန၊ စိစစ်ရေးမှူး-၂ ရာထူးအတွက် စာမေးပွဲဝင်ကြေး ပေးသွင်းခြင်းဟု ဖော်ပြ၍ ပေးသွင်းရမည်ဖြစ်ပါ သည်။နယ်မှပေးသွင်းသူများသည် Fax-ငွေလွှဲဖြင့် ပေးပို့နိုင်သည်။

၆။ လျှောက်လွှာတွင်-
- (က) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
- (ခ) မွေးသက္ကရာဇ်(အသက်)
- (ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ
- (ဃ) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်
- (င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်နှင့် လိပ်စာ
- (စ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်နှင့်ဌာန
- (ဆ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်နှင့် မှတ်ပုံတင်သည့်ရက်စွဲ
- (ဇ) ဆက်သွယ်ရန်လိပ်စာနှင့် တယ်လီဖုန်းအမှတ်
- (ဈ) အမြဲတမ်းလိပ်စာအပြည့်အစုံ(မိဘနေရပ်)တို့ကို ဖော်ပြရမည်။
- (ည) လျှောက်လွှာနှင့်အတူ(၁"×၁.၅")ရောင်စုံဓာတ်ပုံ(၂)ပုံ(ကျောဘက်တွင် အမည်၊ နိုင်ငံသားစိစစ်ရေးအမှတ်ရေးထိုးရန်)

၇။ လျှောက်လွှာနှင့်အတူ
- (က) ဝင်ကြေးပေးသွင်းသည့် ချလန်မူရင်း
- (ခ) ဘွဲ့လက်မှတ်မိတ္တူ
- (ဂ) ရရှိသည့်ဘွဲ့နှင့် အမှတ်စာရင်းမိတ္တူ
- (ဃ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင် အောင်လက်မှတ်/ အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ၊
- (င) အလုပ်သမားမှတ်ပုံတင်မိတ္တူ(နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်)
- (စ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် ပြန်တမ်းဝင်အရာရှိနှင့် သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ ၁-၅-၂၀၁၇ ရက် နောက်ပိုင်းရရှိသည့်အကျင့်စာရိတ္တထောက်ခံချက်မူရင်းတို့ပါရှိရမည်။

၈။ လျှောက်ထားသူများသည် လျှောက်လွှာပုံစံများအား ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန(ရုံးချုပ်)နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်မြို့ကြီးများရှိ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနရုံးများတွင် ထုတ်ယူနိုင်ပြီး ဤဝန်ကြီးဌာန၏ Website www.mopf.gov.com တွင် download ရယူ၍ လျှောက်ထားနိုင်ပါသည်။

၉။ ဝန်ထမ်းမဟုတ်သူများ လျှောက်လွှာတင်သွင်းရာတွင် ညွှန်ကြားရေးမှူးချုပ်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန(ရုံးချုပ်) ရုံးအမှတ်(၂၆)၊ နေပြည်တော်ဟု လိပ်စာတပ်ပြီး လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်ပြုလုပ်၍သော်လည်းကောင်း ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ၃၁-၅-၂၀၁၇ ရက် နောက်ဆုံးထား၍ ပေးပို့ရမည်။

၁၀။ နိုင်ငံ့ဝန်ထမ်းများသည် မိမိဝန်ကြီးဌာန၏ ခွင့်ပြုချက်လက်မှတ်ပါရှိသည့် လျှောက်လွှာကို ဤဦးစီးဌာနသို့ ၁၀-၆-၂၀၁၇ ရက် နောက်ဆုံးထား၍ အရောက်ပေးပို့ရန်နှင့် လျှောက်လွှာမိတ္တူတစ်စောင်ကို ၃၁-၅-၂၀၁၇ ရက် နောက်ဆုံးထား၍ ဤဦးစီးဌာနသို့ ကြိုတင်ပေးပို့ရန်ဖြစ်ပါသည်။

၁၁။ အသက်ကန့်သတ်ချက်ကျော်လွန်သူများနှင့် လျှောက်လွှာပိတ်ရက်ထက်နောက်ကျမှ ငွေသွင်းသူများအားလက်ခံစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုပါက ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန(ရုံးချုပ်)နေပြည်တော်၊ စီမံရေးရာဌာန၊ ဖုန်း-အမှတ်-၀၆၇-၄၁၀၅၃၀သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။



**အမည်ပြောင်း**

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ ဦးတင်ဝင်းနိုင် ၁၂/ဥကတ(နိုင်)၀၂၇၆၂၅၏သား အထက(၁)ဒဂုံ၊သတ္တမတန်း-J (အောင်)မှ မောင်ဝင်းမြတ်ဦးအား မောင်ဘုတ်းမြတ်ထွဋ်ခေါင်ဟု ပြောင်းလဲခေါ်ပါရန်။ **ဘုန်းမြတ်ထွဋ်ခေါင်**



**ပျောက်ဆုံးကြောင်း**

ဒေါ်နန်းလှိုင် ၁၃/ကတန(နိုင်)၀၀၉၆၈၈(ဘ)ဦးအိုက်ရီ၏ ပတ်စပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၇၂၄၀၆၀၇**



## ဈေးပြိုင်လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက် (မန္တလေး)၏ သတင်းစာပုံနှိပ်လုပ်ငန်းမှ ဘေးထွက်ပစ္စည်း(၄)မျိုးအား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည် ဖြစ်ပါသည်။

၂။ ဈေးပြိုင်လေလံလျှောက်လွှာပုံစံနှင့် လေလံစည်းကမ်းများကို ၂-၅-၂၀၁၇ရက်မှ ၈-၅-၂၀၁၇ရက်အထိ နေ့စဉ်နံနက် ၉း၃၀နာရီမှ ညနေ၄နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ ဈေးပြိုင်လေလံလျှောက်လွှာပုံစံများကို ၉-၅-၂၀၁၇ရက် မွန်းတည့် ၁၂ နာရီ မတိုင်မီ ကိုယ်ပွားသတင်းစာတိုက်၊ မန္တလေးရှိ လေလံအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ရန် ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက်ကျော်လွန်သော ဈေးပြိုင်လေလံလျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ ၉-၅-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ဈေးပြိုင်လေလံ ဖွင့်လှစ်မည်ဖြစ်ပါသည်။

၅။ အဆိုပါဘေးထွက်ပစ္စည်းအမျိုးအမည်၊ အရေအတွက်ပစ္စည်း မျက်မြင်အခြေအနေကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ကိုယ်ပွား သတင်းစာတိုက် (မန္တလေး)သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း -၀၂-၃၂၇၂၉၊ ၀၂-၇၃၂၁၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးပြိုင်လေလံခေါ်ယူ စိစစ်ရောင်းချရေးအဖွဲ့**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)**
**ပုလဲငွေရောင်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့**



## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အောက်ဖော်ပြပါပစ္စည်းများကို နိုင်ငံခြားသုံးငွေ/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းတစ်မျိုးချင်းစီအတွက် ဈေးနှုန်းကမ်းလှမ်းလွှာများကို တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် ပစ္စည်းအမျိုးအမည် | Currency | တင်ဒါပိတ်မည့် ရက်/အချိန် |
|---|---|---|
| 1. 2.5m3 Grab Dredger (1)Unit(Non Propelled Barge)(The Supply of Design, Materials, Machineries Equipments, Fittings and Accessories for Construction)<br>2. 250m3 Self-Propelled Hopper Barge (1)Unit (The Supply of Design, Materials, Machineries Equipments, Fittings and Accessories for Construction) | နိုင်ငံခြား သုံးငွေ (USS) | ၃၀-၅-၂၀၁၇ မွန်းလွဲ ၁နာရီ |
| 3. ကွန်ပျူတာ၊ ဆက်စပ်ပစ္စည်း၊ မိတ္တူကူးစက်နှင့် Safe Box<br>4. Stationary<br>5. Steel Wire Rope & Polypropylene Rope | ကျပ်ငွေ (Kyats) | ၁၂-၅-၂၀၁၇ မွန်းလွဲ ၁နာရီ |

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန ကမ်းနားလမ်းသစ် (ဗိုလ်တထောင်ဘုရား အနောက်ဘက်၊ Toll Gate အနီး) ဆိပ်ကမ်းမြို့နယ်တွင် ၂-၅-၂၀၁၇ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပြီး သိရှိလိုသော အချက်များရှိပါက တယ်လီဖုန်း -၀၁-၈၆၁၀၂၂၉နှင့် ၀၁-၈၆၁၀၂၃၂ တို့သို့ စုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ**



## အမည်ဖြည့်စွက်

ရန်ကုန်မြို့နေ ဦးရဲမင်းသူ၏သား မောင်သာယာစွမ်း ၁၁/စတန(နိုင်)၁၁၅၀၃၈ အား မောင်သာယာစွမ်း(ခ) မောင်မင်းသွေးထင်ဟု ဖြည့်စွက်ခေါ်ဆိုပါရန်။ **မောင်သာယာစွမ်း(ခ) မောင်မင်းသွေးထင်**



## မြေညီထပ်ငှားမည်

လသာမြို့နယ်၊ လသာလမ်း (အထက်လမ်း) မြန်မာနိုင်ငံစာစစ်ရုံး၊ မျက်စောင်းထိုး၊ ပေ(၁၂½×၆၀)၊ မြေညီထပ်(၂၂)သိန်း။

**ဖုန်း-၀၉-၅၀၂၀၈၀၀၊ ၀၉-၅၁၄၁၆၆၇**



## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5D/6359 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**



## ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4K/5151, MAZDA DEMIO DE3FS, HATCH Back(4x2) ယာဉ် လက်ဝယ်ရှိသူ ဦးစိုးမိုးအောင် ၁၂/ဗဟန(နိုင်)၀၉၄၁၉၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**



## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၁၃)ရပ်ကွက်၊ ကွင်းအမှတ်(၅၂)၊ ကင်မလင်းကျွန်း၊ မြေကွက်အမှတ်(F-၁၀၆)၊ ဧရိယာ သုည ဒသမ ၀၅၅ ဧကရှိမြေကို ဦးခင်မောင်မြင့် အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်ရန်ရှိပါက အကျိုးအကြောင်းဖော်ပြ၍ ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

ဥပဒေအတွေးရေးပါရစေ၊ အပိုင်း(၆၆)

# အုပ်ချုပ်ရေးယန္တရားနှင့် ဥပဒေ



ဦးဟန်ညွန့် (ဥပဒေ)




**အတွင်းဝန်တစ်ဦး**

ဝန်ကြီးရုံးတစ်ရုံးမှ အမြဲတမ်းအတွင်းဝန်တစ်ဦးနှင့် တစ်နေ့က တွေ့ခဲ့ကြသည်။ သူက "ဆရာရယ်... အလုပ်တွေက များလွန်းလှတယ်။ အုပ်ချုပ်ရေးယန္တရားကြီးထဲမှာ လက်မလည်နိုင်အောင် ကြိုးစားပြီး ထမ်းဆောင်နေပါတယ်။ သင်တန်းမှာ ဆရာပို့ချခဲ့တုန်းက စာတွေများများဖတ်၊ ဥပဒေတွေ များများမှတ်။ ဒါမှ အလုပ်တွင်ကျယ်မှာလို့ မှာကြားခဲ့တာ မမေ့ပါဘူး။ ဒါပေမယ့် ယခုစာဖတ်ချိန် သိပ်မရလှဘူး။ ဒါ့ကြောင့် အုပ်ချုပ်ရေးဗဟုသုတတွေ၊ ဥပဒေအမြင်နဲ့ ဆောင်းပါးရေးပေးပါဦး" ဟု ညည်းညည်းညူညူ ပြောရင်း မေတ္တာရပ်ခံပါသည်။ အဆိုပါ အတွင်းဝန်နှင့် ကျွန်တော့်မှာ (ဝန်ထမ်းတက္ကသိုလ်တစ်ခု၌ အုပ်ချုပ်ရေးဥပဒေများ ကျွန်တော်ပို့ချခဲ့စဉ်က) တွေ့ဆုံခဲ့ကြခြင်းဖြစ်ပါသည်။ ထုံးစံအတိုင်းပင် စာတွေနှင့်လက်တွေ့ မတူညီနိုင်ပါ။ ဥပဒေစာအုပ်ထူထူကြီးတွေကို လက်တွေ့ဘဝမှာ ကိုးကားခြင်း၊ မှီငြမ်းပြုခြင်း မလုပ်နိုင်ကြပါ။ အမြဲတမ်း မှတ်သားလေ့လာပြီး မူဝါဒနှင့် မတိမ်းမစောင်း၊ မချွတ်ချော်ဖို့ကိုတော့ အဓိကအလုပ်လုပ်နေကြရပေသည်။ တစ်ခုခုပြဿနာ ဖြစ်လာပြီဆိုလျှင် **"ဥပဒေနှင့်အညီ စိစစ်တင်ပြပါ"** ဟု မှတ်ချက်ချမည်မှာ အသေအချာပါ။ ထို့ကြောင့် ဤစာကို ရေးပါသည်။ အလုပ်များနေသူ အတွင်းဝန်ကြီး စာဖတ်ချိန်ရပါမည်လား။

**အုပ်ချုပ်ရေးယန္တရား**

**အုပ်ချုပ်ရေးယန္တရားဆိုတာ ဘာလဲ။**

- အုပ်ချုပ်-တရားဥပဒေဖြင့် စီမံခန့်ခွဲသည်။
- မမေ့မလျော့ ပြည်တိုင်းကားကို အုပ်ချုပ်စီရင် ကြည့်ရှုမှု-ဟု သုံးစွဲသည်။
- အကြီးအမှူးပြုသည်။
- ထိန်းသိမ်းကွပ်ကဲသည်။
- အုပ်ချုပ်သည်။
- ကြီးကြပ်ကွပ်ကဲသည်။

[မြန်မာအဘိဓာန်၊ စာ-၁၉၁]

**ယန္တရား**-လည်ပတ်လှုပ်ရှားခြင်းဖြင့် တစ်စုံတစ်ခုသော စွမ်းအင်ကို ထုတ်လုပ်ပေးနိုင်သော ကိရိယာ။ စက်။

**[မြန်မာအဘိဓာန်၊ စာ-၂၂၅]**

ဤသို့ဆိုလျှင်"အုပ်ချုပ်ရေး ယန္တရား"ဆိုသည်မှာ စီမံ၊ အုပ်ချုပ်၊ ထိန်းသိမ်း၊ ကွပ်ကဲပေးသောစက်ကိရိယာဟု အဓိပ္ပာယ်ရသည်။

**မဟာသရေစည်သူဦးချမ်းသာ**

အုပ်ချုပ်ရေး ယန္တရားအကြောင်းရေးလျှင် မပါမဖြစ် ပါလီမန် အတွင်းဝန်ကြီး မဟာသရေစည်သူဦးချမ်းသာကို အဓိကသတိရသည်။ လူကိုယ်တိုင် မတွေ့ဖူးသော်ငြား ဆရာကြီးဦးချမ်းသာ၏ အုပ်ချုပ်ရေးကျမ်းများ၊ စာအုပ်များက ကျွန်တော်တို့ လူငယ်တွေကို လွှမ်းမိုးသည်။ ၁၉၃၂ ခုနှစ် အောက်စ်ဖို့ တက္ကသိုလ် ကျောင်းဆင်း၊ အိုင်စီအက်စ်၊ ပြည်၊ ကျောက်ဆည်၊ မင်းဘူးခရိုင်များတွင် အရေးပိုင်၊ ပြည်ထဲရေး အတွင်းဝန်၊ ပါလီမန် အတွင်းဝန်၊ စာရေးဆရာ၊ ပန်းချီဆရာ၊ နိုင်ငံရေးသမားအဖြစ် ဂုဏ်သတင်းကျော်ကြားသူ အုပ်ချုပ်ရေးပညာရှင်ကြီးတစ်ဦး။

တစ်ခေတ်တစ်ခါက အမြော်အမြင်ကြီးစွာဖြင့် ထုတ်ဝေခဲ့သော ပြည်သူ့အုပ်ချုပ်ရေးပညာ စာစောင် တာဝန်ခံစာတည်းမှာ ဝဏ္ဏကျော်ထင် ဦးထွေး။(ဝဏ္ဏကျော်ထင် ဦးစန်းမောင်၊ ဦးကျော်ထွန်း၊ ဦးထွန်းလှိုင်၊ ဦးမြတ်စံ၊ ဦးတိုးအောင်၊ ဦးခင်မောင်၊ ဦးထွန်းသိမ်း)တို့က ဆောင်းပါးများ၊ စာတမ်းများ ရေးကြသည်။ မဟာသရေစည်သူ ဦးချမ်းသာ၏ ဟောပြောချက်များ၊ ပို့ချချက်များ၊ ဆောင်းပါးများ ဖော်ပြသည်။ ပြည်သူ့အုပ်ချုပ်ရေးပညာစာစောင်မှာ ခပ်ပါးပါးပေမယ့် မှတ်သားစရာ ဗဟုသုတ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်များအကြောင်း ပွင့်ပွင့်လင်းလင်း ရေးကြသည်။ လက်တွေ့ဘဝနှင့် နီးစပ်သည်။ စာစောင်မျက်နှာဖုံး ပုံတင်ပြထားပါသည်။

**အင်္ဂါရပ်(၆)ရပ်**

အုပ်ချုပ်ရေး ယန္တရားအကြောင်း ဦးချမ်းသာက အောက်ပါအတိုင်းရေးသည်။ "အစိုးရသည် ပါလီမန်က ပြုလုပ်သော ဥပဒေများကို ဥပဒေရည်ရွယ်ချက်နှင့် ကိုက်ညီစွာ မူချပြီးအုပ်ချုပ်ရေးယန္တရားကို မောင်းနှင်၏။ ဤသို့မောင်းနှင်ရာတွင် သဘောတရား ၆ မျိုး ဖြင့်မောင်းနှင်၏။ ယင်းသဘောတရားမှာ ပတ်ဝန်းကျင်နှင့် အဆင်ပြေ ဖြစ်ခြင်းတည်းဟူသော အင်္ဂါ ၆ ရပ်ပင်ဖြစ်ပေသည်။

၎င်းတို့မှာ-

(၁) မဲတင်းညှိပေးခြင်းသဘော (Balance)
(၂) ထိန်းသိမ်းချုပ်ကိုင်ခြင်းသဘော (Control)
(၃) သဘာဝယုတ္တိမှန်ကို သက်ရောက်စေခြင်းသဘော (Reality)
(၄) အမျိုးအစားကျနပြေပြစ်ခြင်းသဘော (Sense of Proportion and Perspective)
(၅) စည်းလုံးညီညွတ်ခြင်းသဘော (Sense of Unity and Coordination)
(၆) ကာလဒေသနှင့် လျော်ကန်ခြင်းသဘော (Sense of propriety)တို့ ဖြစ်သည်။"

**အစိုးရသည် ပါလီမန်က ပြုလုပ်သော ဥပဒေများကို ဥပဒေရည်ရွယ်ချက်နှင့် ကိုက်ညီစွာ မူချပြီး အုပ်ချုပ်ရေးယန္တရားကို မောင်းနှင်၏။ ဤသို့မောင်းနှင်ရာတွင် သဘောတရား ခြောက်မျိုးဖြင့် မောင်းနှင်၏။ ယင်းသဘောတရားမှာ ပတ်ဝန်းကျင်နှင့် အဆင်ပြေဖြစ်ခြင်းတည်းဟူသော အင်္ဂါ ခြောက်ရပ်ပင်ဖြစ်ပေ**

"ဤသဘောတရား ခြောက်ရပ်သည် အုပ်ချုပ်ရေးအနုပညာ (The Art of Administration or Art of Government) ဟု ဆိုလျှင် မှားမည်မဟုတ်" ဟုလည်း မှတ်ချက်ပြုခဲ့ပေသည်။ လွန်ခဲ့သောနှစ်ပေါင်း(၅၀)ကျော်က ရေးခဲ့သည့် အာဘော်ပါ။

**ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်း**

အုပ်ချုပ်ရေး ယန္တရားတွင် ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းပြုရမည်။ ခေါင်းဆောင်မှုအခန်းကဏ္ဍ တိုးမြှင့်တတ်ရမည်။ အောက်ပါစွမ်းဆောင်ရည်များ ပိုင်ဆိုင်သူဖြစ်သင့်ပါသည်- ယနေ့ခေတ် အမြင်ပါ။

**(က)အမြော်အမြင်ရှိမှု**

မဟာဗျူဟာ လုပ်ငန်း၊ စွန့်စားရမှု ထုတ်ဖော်ခြင်း၊ ဌာန၊ ဌာနခွဲများအကြား ချိတ်ဆက်တတ်ခြင်း၊ ရည်မှန်းချက်ဘာလဲ၊ အောင်မြင်အောင် စွမ်းဆောင်နိုင်ခြင်း၊ စိတ်အားထက်သန်ခြင်း။

**(ခ)ခေါင်းဆောင်မှု**

စံနမူနာပြ လုပ်တတ်ခြင်း၊ အခြားသူအား လုပ်ပိုင်ခွင့် လွှဲပေးတတ်ခြင်း၊ တက်တက်ကြွကြွရှိခြင်း၊ လူအများ၏လိုအပ်ချက် ဘာလဲ။ သိမြင်တတ်ခြင်း။ သဘောကွဲလွဲမှုကို ကြိုတင်မှန်းဆတတ်ခြင်း၊ ရဲရဲဝံ့ဝံ့ရပ်တည်တတ်ခြင်း။

**(ဂ)အခြားသူများအား လုပ်ပိုင်ခွင့်ပေးမှု**

အခြားသူများကို လွှဲပေးရန် ဝန်မလေးခြင်း၊ ဝန်ထမ်းများ၏ အားထုတ်မှုအပေါ် အမှန်တကယ်တန်ဖိုးထားခြင်း

**(ဃ) လုပ်ငန်းခွင်စီမံခန့်ခွဲမှု**

ဘာလုပ်ရမည်လဲ။ လမ်းကြောင်းများကို ရှင်းလင်းစွာ သိမြင်စေခြင်း၊ အချိန်ကို မှန်ကန်စွာသတ်မှတ်ပေးခြင်း၊ ကျွမ်းကျင်မှုရှိစေခြင်း၊ ဆွေးနွေးညှိနှိုင်းစေခြင်း၊ အထောက်အကူပေးခြင်း၊ သင်တန်းပေးခြင်း၊ တရားမျှတစွာဆန်းစစ်အကဲဖြတ်ခြင်း။

**(င) ယုံကြည်မှု တည်ဆောက်ရယူမှု**

ဝန်ထမ်းများ ကြောက်ရွံ့မှုကင်းခြင်း၊ စဉ်းစားဆင်ခြင်ဉာဏ်ပေးခြင်း၊ ရှင်းရှင်းလင်းလင်းသိမြင်စေခြင်း၊ တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုထားခြင်း၊ လျှို့ဝှက်ချက်များနှင့် စပ်လျဉ်း၍ သင့်လျော်စွာစီစဉ်ဆောင်ရွက်ခြင်း။

**(စ) ဆုံးဖြတ်ချက်ချမှတ်မှု**

အဓိကပြဿနာ ဘာလဲ။ အကြောင်းရင်းကို အမြန်ဖော်ထုတ်တတ်ခြင်း၊ ဆင်ခြင်သုံးသပ်တတ်ခြင်း၊ ဘာဆက်လုပ်မလဲ။ မှန်းချက်နှင့် နှမ်းထွက်ညီပါစေ။

**ဥပဒေရေးရာများလှစွာ**

ဝန်ကြီးဌာနများအလိုက် တာဝန်ခံဆောင်ရွက်ရသော၊ ကျင့်သုံးရသော တည်ဆဲဥပဒေများရှိသည်။ နိုင်ငံတော်က ထုတ်ပြန်ပြီး ဖြစ်သည်။ စီမံခန့်ခွဲသူတစ်ဦးအနေဖြင့် ဥပဒေနှင့်အညီ စီမံခန့်ခွဲတတ်ရမည်။

**ဥပမာပြည်ထဲရေးဝန်ကြီးဌာန ဆိုကြပါစို့။**

တာဝန်ခံပြဋ္ဌာန်းထားသော ဥပဒေပေါင်း ၄၉ မျိုးရှိသည်။ The Prisons Act,The Yangon Police Act ကအစ The Myanmar Passport Act အဆုံး အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော ဥပဒေများ လေ့လာမှတ်သားထားရမည်။ "စာဖတ်ချိန်မရ"ဟူ၍ အကြောင်းပြနိုင်သော်လည်း အရေးအကြောင်းဆိုလျှင် တီးမိခေါက်မိရှိရ ပေလိမ့်မည်။ ရဲအရာရှိ၊ လူဝင်မှုကြီးကြပ်ရေးအရာရှိများ၏ အကူအညီဖြင့် စုပေါင်းလေ့လာမှု၊ အဆုံးအဖြတ်ပေးနိုင်မှုပြုတတ်ရပေလိမ့်မည်။

The Land Acquisition Act, လက်နက်အက်ဥပဒေနှင့် ၁၉၅၁ ခုနှစ် ရာဇဝတ်ဥပဒေပြင်ဆင်ချက်အက်ဥပဒေ၊ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၊ အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေ၊ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေတို့ကိုဖြင့် နီးနီးကပ်ကပ် မပြတ်လေ့လာ မှီငြမ်းနေရမည်ဖြစ်ပေလိမ့်မည်။ အုပ်ချုပ်ရေးယန္တရားတွင် လက်တွဲဆောင်ရွက်ကြရမည်။ ဥပဒေအရာရှိ၊ တရားသူကြီး၊ လူဝင်မှုကြီးကြပ်ရေးအရာရှိတို့နှင့်ပါ ဥပဒေရေးရာ အထောက်အကူပြုကြမည်သာ ဖြစ်သည်။

**ဥပဒေရေးရာ ညှိနှိုင်းပွဲများ**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအပါအဝင် ဥပဒေအခြေပြုဌာန တိုင်း ဥပဒေရေးရာ ညှိနှိုင်းပွဲများ စဉ်ဆက်မပြတ် ကျင်းပအပ်သည်။ ဝန်ကြီးဌာန အချင်းချင်း နေ့စဉ်နီးပါး ဥပဒေရေးရာ အခြေခံများဖြင့် တည်ဆောက်အပ်သည်။ အရှုပ်များကို ဥပဒေဖြင့် ရှင်းအပ်သည်။ ထို့ကြောင့် အရှုပ်အရှင်းဟု တွဲစပ်ထားဟန်ရှိသည်။ ခုရှုပ်မှ နောင်ရှင်းမည်။

**စေတနာ**

(၁) အုပ်ချုပ်ရေးယန္တရားကြီးသည်ကား စဉ်ဆက်မပြတ် လည်ပတ်လျက်----။
(၂) တရားဥပဒေသည်ကား တည်တံ့ခိုင်မြဲလျက်----။
(၃) အုပ်ချုပ်ရေးယန္တရားနှင့် တရားဥပဒေတို့၏ မြင့်မြတ်သော ပေါင်းစည်းမှုသည် ပြည်သူအပေါင်းအတွက် တရားမျှတခြင်း၊ ညီမျှခြင်း၊ လွတ်လပ်ခြင်း၊ လောကပါလတရားများ ထွန်းကားမည် ကေန်ဖြစ်ပါကြောင်း တွေးမိသော ကျွန်တော်၏ စေတနာ ဥပဒေအတွေးမျှသာပါ----။

# မြို့နယ်အဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းဆန်းစစ်သုံးသပ်ဆွေးနွေးပွဲ ကျင်းပ




**သီပေါ မေ ၂၇**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်အဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆန်းစစ်သုံးသပ်ဆွေးနွေးပွဲကို မေ ၂၅ ရက်က ပန်စင်မိန်းကျေးရွာအုပ်စု ဝိုင်းကောင်(မြို့ဟောင်း) ကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျက အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နှင်းယဉ်ဝင်းက ၂၀၁၄၊ ၂၀၁၅၊ ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာမြစိမ်းရောင်စီမံကိန်းကော်မတီဥက္ကဋ္ဌများက ကျေးရွာများအလိုက် ဆောင်ရွက်ရာတွင် တွေ့ကြုံနေရသော အားသာချက်၊ အားနည်းချက်များနှင့် တိုးပွားသည့် အမြတ်ငွေများအား ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ခွဲဝေသုံးစွဲရာတွင် ကြုံတွေ့ရသည့် အခက်အခဲများကို တင်ပြဆွေးနွေးကြရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

သီပေါမြို့နယ်တွင် မြစိမ်းရောင်ကျေးရွာ ၄၁ ယူနစ်မှ ကျေးရွာသူကျေးရွာသားများအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ မီးလင်းရေး၊ ကုန်ထုတ်လုပ်ငန်း၊ အရောင်းအဝယ် နှင့် အသက်မွေးဝမ်းကျောင်း စသည့် လုပ်ငန်းအမျိုးအစားအလိုက် မြစိမ်းရောင်ရန်ပုံငွေ စုစုပေါင်း ငွေကျပ်သိန်း ၁၂၃၀၀ ထုတ်ချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# မိုးအစိုဓာတ်ကောင်း၍ မိုးဦးကျ နှမ်းနှင့် မြေပဲ စိုက်ပျိုးရေးလုပ်ငန်းများ အဆင်ပြေလျက်ရှိ

**မကွေး မေ ၂၇**
မကွေးတိုင်းဒေသကြီးအတွင်း မေ ၁၅ ရက်က ရွာသွန်းခဲ့သည့် မာရသာမုန်တိုင်းမိုးအပြင် မေ ၂၂ ရက်က ထပ်မံရွာသွန်းသော မိုးကြောင့် မြေကြီးအစိုဓာတ်ကောင်း၍ မိုးကို အားကိုးအားထားပြုပြီး မိုးဦးကျ နှမ်း၊ မြေပဲ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ကြသည့် တောင်သူများအတွက် အဆင်ပြေလျက်ရှိကြောင်း ဒေသခံတောင်သူများ၏ ပြောကြားချက်များအရ သိရသည်။

မေ ၁၅ ရက်နှင့် ၂၂ ရက်က ရွာသွန်းသောမိုးများသည် ရာသီအလိုက်ရွာသည့်မိုးများ မဟုတ်ကြဘဲ မုန်တိုင်းအရှိန်ကြောင့် ပါလာသော မုန်တိုင်းမိုးသာဖြစ်ပြီး မုန်တိုင်းမိုးမှာ မြေကြီးအစိုဓာတ်အားကောင်းသဖြင့် တောင်သူများ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်နိုင်ကြကာ တစ်နှစ်တာစိုက်ပျိုးရေးလုပ်ငန်းခွင် စတင်ချိန်၌ အဆင်ပြေမှုရှိသည်ဟု မကွေးမြို့နယ် မကြီးကန်ကျေးရွာနေ တောင်သူဦးသောင်းဌေးက ပြောသည်။

"အခုတောင်သူတွေ စိုက်ပျိုးရေးလုပ်ကိုင်နေတာ မုန်တိုင်းမိုးက မြေကြီးအစိုဓာတ်ကောင်းလို့ စိုက်ပျိုးရေးလုပ်နေကြတာပါ။ ပုံမှန် မိုးဦးကျ စိုက်ပျိုးရာသီအချိန်ဆိုရင် မေလ ရက် ၂၀ အတွင်း စိုက်ပျိုးရေးလုပ်ကြရပါတယ်။ အခု မုန်တိုင်းမိုးကြောင့် မြေအစိုဓာတ်ကောင်းတော့ တောင်သူတွေ တစ်လစောပြီး စိုက်ပျိုးရေးလုပ်နေကြတာပါ"ဟု ၎င်းက ဆက်ပြောသည်။

ပုံမှန်ထက် တစ်လစော၍ စိုက်ပျိုးကြရသော်လည်း မိုးဦးကျချိန်မှာ တစ်လခန့်သာ လိုတော့သဖြင့် အချိန်ကြာမြင့်စွာ မိုးပြတ်သွားမည်မဟုတ်ဟု ယုံကြည်ကြ၍ မိုးနှင့်ပတ်သက်ပြီး တောင်သူများအနေဖြင့် စိုးရိမ်ကြောင့်ကြမှု မရှိကြကြောင်း၊ အပင်ပေါက်အရွယ်တွင် လေပြင်းများတိုက်ခတ်မည်ကိုသာ စိုးရိမ်ကြောင်း ဒေသခံတောင်သူများက ဆိုသည်။ "မိုးအစိုဓာတ်အနေနဲ့က နှမ်း၊ မြေပဲပင်တွေ ပေါက်မှာသေချာတယ်။ ပေါက်လာရင်လည်း နှမ်းဆို မိုးတစ်လလောက်မရွာလည်း မစိုးရိမ်ဘူး။ မြေပဲဆို မိုးတစ်လခွဲလောက် မရွာလည်း မစိုးရိမ်ဘူး။ နှမ်းပင်၊ မြေပဲပင်တွေက တစ်လကျော် မိုးမရွာလည်း ဒဏ်ခံနိုင်တယ်။ လေပြင်းတိုက်မှာသာ စိုးရိမ်တာ။ အပင်လေးတွေငယ်ငယ်နဲ့ ဇက်ပြတ်မှာ စိုးရိမ်ရတာပါ"ဟု ဆားတိုင်ကန်ရွာမှ တောင်သူဦးချစ်ဖေက ပြောသည်။

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက "မကွေးကတောင်သူတွေက စိုက်ပျိုးရေးမှာ ဝီရိယကောင်းတယ်။ အခုဆို မုန်တိုင်းမိုးနဲ့ မကွေးမြို့နယ်က ကျေးရွာတွေဆို အကုန် စိုက်ပျိုးပြီးသလောက်ရှိပြီ"ဟု ပြောသည်။ မာရသာမုန်တိုင်းမိုးကြောင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ တောင်သူများအဖို့ အဆင်ပြေနိုင်သည်ဟု သုံးသပ်ကြောင်း၊ ထို့အပြင် အဆိုပါမုန်တိုင်းမိုးကြောင့် ဆည်ရေဖြင့် စိုက်ပျိုးထားသော ကြိုကြိုနှမ်းများအတွက်လည်း ကောင်းမွန်ကြောင်းနှင့် မိုးဦးကျ နှမ်း၊ မြေပဲ စိုက်ခင်းများမှာ ယခုမှ စိုက်ပျိုးနေချိန်ဖြစ်၍ မိုးဦးကျ နှမ်းနှင့် မြေပဲ စိုက်ဧကစာရင်းများကိုမူ ကောက်ယူရခြင်းမရှိသေးကြောင်းလည်း ညွှန်ကြားရေးမှူးက ဆက်လက် ပြောကြားသည်။

**သန်းနိုင်ဦး(ငဖဲ)**



မိုးဦးကျ နှမ်းနှင့်မြေပဲစိုက်ပျိုးရန် ထွန်ယက်နေသော တောင်သူတစ်ဦး

# သဘာဝဘေးကြောင့် မိုးစပါးပျက်စီးဆုံးရှုံးခဲ့ရသည့် တောင်သူများအား ထောက်ပံ့ငွေပေးအပ်

**လေးမျက်နှာ မေ ၂၇**
ဟသ်ာတခရိုင် လေးမျက်နှာမြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ မိုးစပါးရာသီတွင် သဘာဝဘေးကြောင့် မိုးစပါးပျက်စီးဆုံးရှုံးခဲ့ရသည့် တောင်သူများအား မျိုးစေ့ဖိုးထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၂၅ ရက်က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။



မျိုးစေ့ဖိုးထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားတွင် လေးမျက်နှာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်းက နိုင်ငံတော်အနေဖြင့် တောင်သူလယ်သမားများ၏ အကျိုးအတွက်လည်းကောင်း၊ နိုင်ငံသူ နိုင်ငံသားများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း ဆောင်ရွက်ပေးနေမှုများနှင့် သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးရခြင်းများအတွက် ကူညီထောက်ပံ့ပေးသည့်လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးလူချောက ထောက်ပံ့ငွေပေးအပ်နိုင်ရေး ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ထောက်ပံ့ငွေများကို လွှတ်တော်ကိုယ်စားလှယ်များနှင့် ထောက်ပံ့ငွေပေးအပ်ရေး ကြီးကြပ်မှုကော်မတီဝင်များက ပေးအပ်ရာ တောင်သူများကိုယ်စား ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက လက်ခံရယူခဲ့ကြသည်။

ထောက်ပံ့ငွေပေးအပ်ရာတွင် သဘာဝဘေးကြောင့် စပါးသီးနှံ ပျက်စီးဆုံးရှုံးခဲ့သည့် ကျေးရွာအုပ်စု ၂၂ အုပ်စုရှိ တောင်သူ ၁၆၁၁၂ ဦး၏ ပျက်စီးခဲ့သည့် သီးနှံစိုက်ဧက ၈၂၃၅ ဧကအတွက် ထောက်ပံ့ငွေ ကျပ် ၈၂ ဒသမ ၃၅ သန်းကို ပေးအပ်ခြင်းဖြစ်ကြောင်းနှင့် တောင်သူများ၏ နစ်နာဆုံးရှုံးမှု လျော့နည်းစေရေးအတွက် နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေမှ ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး၏ ပြောကြားချက်အရ သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ပဲခူး-သန်လျင်ကားလမ်း တိုးချဲ့မြှင့်တင်ရန် ပြည်သူများနှင့်တွေ့ဆုံရှင်းလင်း

**သနပ်ပင် မေ၂၇**
ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်အတွင်းရှိ ပဲခူး-သန်လျင်ကားလမ်း အဆင့်မြှင့်တင်ရာတွင် လမ်းနယ်နိမိတ်နှင့် မလွတ်ကင်းသည့် ရပ်ကွက် ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)မှ တာဝန်ရှိသူများ တွေ့ဆုံပွဲကို သနပ်ပင်မြို့ ပွင့်ဦး(၂)ခန်းမ၌ မေ ၂၅ ရက်က ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် နေပြည်တော် ပြည်သူ့ဆောက်လုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူ ဦးဆန်းတင့်က လမ်းလုပ်ငန်းဆောင်ရွက်မည့်ကိစ္စနှင့်ပတ်သက်၍ ပထမအဆင့်အနေဖြင့် နှစ်လမ်းသွား လမ်းအကျယ် ၃၃ ပေကို အာဆီယံအဆင့်မီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး အာရှဖွံ့ဖြိုးရေးဘဏ်(ADB)မှ တာဝန်ရှိသူတစ်ဦးက လမ်းအဆင့်မြှင့်တင်ရာတွင် လမ်းနှင့်မလွတ်သည့်မြေများမှာ ဆောက်လုပ်ရေးပိုင်မြေမဟုတ်ပါက ကာလဒေသပေါက်ဈေးဖြင့် ပေးလျော်သွားမည်ဖြစ်ပြီး ဆောက်လုပ်ရေးပိုင်မြေပေါ်ရှိ အဆောက်အအုံများ၊ ဈေးဆိုင်များ ဖယ်ရှားခံရပါက စီးပွားရေး၊ လူမှုရေးနစ်နာမှုမရှိစေရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လမ်းနှင့်မလွတ်သော ရပ်ကွက်နှင့် ကျေးရွာများဖြစ်သည့် အနီးကိုက်ကျေးရွာ၊ ထိပ်ခနိမ်ကျေးရွာ၊ လှာပကစ်ကျေးရွာ၊ ကမာစဲစံပြကျေးရွာ၊ ရေကျော်ကျေးရွာတို့နှင့် သနပ်ပင်မြို့ စက်ကုန်းပိုင်း၊ ဘူတာပိုင်း၊ ဈေးပိုင်း၊ ဘုရားကြီးပိုင်းတို့မှ ရပ်ကွက်နှင့် ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများက လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ သိရှိလိုသည့်အချက်များကို မေးမြန်းကာ ADB တာဝန်ရှိသူက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ယခုအကြိမ်သည် ပထမဆုံးအကြိမ် တွေ့ဆုံခြင်းဖြစ်ပြီး ဒုတိယအကြိမ် တွေ့ဆုံပွဲပြုလုပ်ရာတွင် မလွတ်ကင်းသည့် အဆောက်အအုံများမှ ဒေသခံပြည်သူများနှင့်ပါ တွေ့ဆုံလိုကြောင်း၊ တွေ့ဆုံညှိနှိုင်း၍ လိုအပ်သည့်အကူအညီများ ဆောင်ရွက်ပေးလိုကြောင်းလည်း ADB မှ တာဝန်ရှိသူက အဆိုပါတွေ့ဆုံပွဲတွင် ရှင်းလင်းပြောကြားခဲ့သည်။



သနပ်ပင်မြို့နယ်အတွင်းရှိ ပဲခူး-သန်လျင်ကားလမ်းကို အဆင့်မြှင့်တင်ရာတွင် အနီးကိုက်ကျေးရွာမှစ၍ သနပ်ပင်မြို့ရှောင်လမ်းအတိုင်း ပဲခူး-သနပ်ပင် နယ်စပ်အထိ လမ်းအလယ်မှ တစ်ဖက်လျှင် ၇၅ ပေ၊ စုစုပေါင်း ပေ ၁၅၀ အထိ အဆင့်မြှင့်တင်ရန် သတ်မှတ်ထားကြောင်း သိရသည်။

**လှမိုး(ပြန်/ဆက်)**

# လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်

**ကလေး မေ ၂၇**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် မေ ၂၄ ရက် မွန်းလွဲ ၂ နာရီကျော်ခန့်က လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာကိုးရွာတွင် နေအိမ် ၃၅ လုံး အမိုးလန်ပျက်စီးသွားခဲ့ရာ အဆိုပါနေအိမ်များမှ ပြည်သူများအား လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကလေးခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက တစ်အိမ်လျှင် ငွေကျပ် ၅၀၀၀၀ ကျပ်စီနှင့် လူအသုံးအဆောင်ပစ္စည်း ငါးမျိုးစီကို မေ ၂၅ ရက်က ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။



ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမြတ်ဇော်ထွန်းနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယ အုပ်ချုပ်ရေးမှူး ဦးဆန်းအောင်ထွေးတို့က လေပြင်းကြောင့် နေအိမ်ပျက်စီးသည့်ပြည်သူများထံသို့ သွားရောက်၍ ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ပေးအပ်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ကလေးမြို့နယ် နတ်ချောင်းကျေးရွာတွင် နေအိမ်တစ်လုံး၊ ဟားခါးလေးကျေးရွာတွင် နေအိမ် ခုနစ်လုံး၊ ကံကြီးကျေးရွာတွင် နေအိမ် ၁၄ လုံး၊ မော်လိုက်ကလေးကျေးရွာတွင် နေအိမ်တစ်လုံး၊ ရွာစီရွာသာကျေးရွာတွင် နေအိမ်တစ်လုံးနှင့် ပညာရေးကျောင်းတစ်ကျောင်း၊ ကြာအင်းကျေးရွာတွင် နေအိမ်တစ်လုံး၊ နတ်မြောင်းကျေးရွာတွင် နေအိမ်တစ်လုံး၊ အရှေ့စည်းကျေးရွာတွင် နေအိမ်ခြောက်လုံး၊ ဒိုးနွယ်ကျေးရွာတွင် နေအိမ်နှစ်လုံးတို့ အမိုးများလန်ထွက်ပျက်စီးသွားကြကြောင်း သိရသည်။ **ဂျူနိုင်း**

# မိတ္ထီလာမြောက်ကန် ရေပေးမြောင်းမကြီးမှ စိုက်ပျိုးရေလေလွင့်မှုနည်းပါးစွာ ပေးဝေနိုင်မည်



**မိတ္ထီလာ မေ ၂၇**

မိတ္ထီလာမြို့နယ်၌ ဆည်မြောင်းဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းမှ လယ်ယာမြေများသို့ မိတ္ထီလာမြောက်ကန်မှ စိုက်ပျိုးရေပေးဝေရာတွင် ရေလေလွင့်မှု နည်းပါးစေရန်အတွက် ရေပေးမြောင်းမကြီး ကျောက်လိုင်နင်စီခြင်း၊ မြေထိန်းနံရံများ တည်ဆောက်ခြင်းနှင့် တူးမြောင်းနယ်နိမိတ် ခြံစည်းရိုးများခတ်ခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ မတ်လအတွင်းက လုပ်ငန်းများ ပြီးစီးခဲ့သောကြောင့် စိုက်ပျိုးရေပေးဝေရာတွင် ရေအလေအလွင့်နည်းပါးစွာ ပေးဝေနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများကို မြို့နယ်ဆည်မြောင်းဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ မိတ္ထီလာမြောက်ကန် ရေပေးမြောင်းမကြီး၏ အတွင်းပိုင်းမြေသားမြောင်းကို ကျောက်လိုင်နင်စီခြင်း၊ မြေထိန်းနံရံများ တည်ဆောက်ခြင်းနှင့် တူးမြောင်းနယ်နိမိတ်ခြံစည်းရိုးများခတ်ခြင်းတို့ကို ၂၀၁၆ နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ကာ ၂၀၁၇ မတ် ၁၆ ရက်တွင် လုပ်ငန်းများ ပြီးစီးခဲ့ခြင်းဖြစ်သည်။

လုပ်ငန်းများဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်သောကြောင့် မိတ္ထီလာမြောက်ကန်မှ စိုက်ပျိုးရေပေးဝေလျက်ရှိသော စိုက်ကေများသို့ စိုက်ပျိုးရေပေးဝေရာတွင် ရေအလေအလွင့်နည်းပါးစွာ ပေးဝေနိုင်မည့်အပြင် မြေသားနံရံများကို ရေတိုက်စား၍ တူးမြောင်းအတွင်း နုန်းပို့ချမှုမှုလည်း ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် လူနေရပ်ကွက်များနှင့် ထိစပ်လျက်ရှိသော ရေပေးမြောင်းမကြီးတွင် နယ်နိမိတ်ခြံစည်းရိုး သတ်မှတ်စိုက်ထူခြင်းဖြင့် တူးမြောင်းအတွင်း အမှိုက်စွန့်ပစ်ခြင်းမှ ကာကွယ်နိုင်သလို လမ်းသွားလမ်းလာပြည်သူများလည်း အန္တရာယ်ကင်းစွာ သွားလာနိုင်မည်ဖြစ်ကြောင်း ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

မိတ္ထီလာမြောက်ကန်မှ မြို့နယ်အတွင်းသို့ စိုက်ပျိုးရေပေးဝေရာတွင် မြောင်းမကြီးမှ သစ်တော်ပင်မြောင်း၊ နတ်မြောင်းနှင့် ကောက်ကွေ့ရေပေးမြောင်းများသို့ ပေးဝေကာ ထိုမှတစ်ဆင့် လျှော်ဖြူကန်၊ မကျီးစု၊ ကျောင်းရွာ၊ ရှမ်းတဲ၊ ဆည်ကုန်း၊ ကန်သာ၊ ညောင်ကန်၊ ဇောင်ချမ်းကုန်း၊ ကဖြူနှင့် တောမ ကျေးရွာအုပ်စုများမှ ကျေးရွာပေါင်း ၄၁ ရွာရှိ စပါးစိုက်လယ်ယာမြေ ၆၇၄၄ ဧကကို ရေပေးဝေမည်ဖြစ်ကြောင်း မြို့နယ် ဆည်မြောင်းဦးစီးဌာန တာဝန်ရှိသူထံမှ သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# လူထုဗဟိုပြုစီမံကိန်း ရန်ပုံငွေဖြင့် ကျေးရွာလမ်းကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်



**ညောင်ဦး မေ ၂၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း၏ ရန်ပုံငွေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းတစ်ခုဖြစ်သည့် ကျောက်ချောလမ်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းကို မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြေနီကျေးရွာအုပ်စု ထက်ယာကုန်းကျေးရွာ၌ မေ ၂၀ ရက်က စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ညောင်ဦးမြို့နယ် လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ် စီမံကိန်းစက်ဝန်းမှ ရန်ပုံငွေကျပ် ၁၃ သန်းဖြင့် ထက်ယာကုန်းကျေးရွာ ကျောက်ချောလမ်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းကို ဆောင်ရွက်နေခြင်းဖြစ်ပြီး လမ်းအရှည် ပေ ၁၉၅၀တွင် အကျယ် ၁၂ ပေရှိ ကျောက်ချောလမ်းခင်းခြင်း ဖြစ်သည်။

အဆိုပါ လမ်းခင်းခြင်းလုပ်ငန်းများ ပြီးစီးပါက ထက်ယာကုန်းကျေးရွာနေ ပြည်သူ ၅၅၀ ခန့်အတွက် ရာသီမရွေး ဆက်သွယ်သွားလာရေး လွယ်ကူစေမည်ဖြစ်ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# ဘဝတက္ကသိုလ်စာကြည့်တိုက် ဖွင့်ပွဲနှင့် စာပေဟောပြောပွဲ စည်ကားစွာကျင်းပမည်

**ဗန်းမော် မေ ၂၇**

ကချင်ပြည်နယ် ဗန်းမော်မြို့ ဟန်းတဲရပ်ကွက်ရှိ ရိုးကြီးရွာမကျောင်းတိုက်၌ ဆရာတော် ဘဒ္ဒန္တတိသ ဦးစီးတည်ထောင်သည့် ဘဝတက္ကသိုလ်စာကြည့်တိုက်ဖွင့်ပွဲနှင့် အထိမ်းအမှတ် စာပေဟောပြောပွဲကို စည်ကားစွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မျိုးဆက်သစ်လူငယ်မောင်မယ်များ စာဖတ်ရှိန်မြင့်မားလာပြီး စာပေကို ချစ်မြတ်နိုးလာစေရန်နှင့် စာဖတ်ခြင်းဖြင့် အကျင့်စာရိတ္တကောင်းမွန်၍ ဉာဏ်ပညာမြင့်မားတိုးတက်လာစေရန် ရည်ရွယ်ပြီး စာကြည့်တိုက်ကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ စာကြည့်တိုက်အဆောက်အအုံသည် အာရ်စီနှစ်ထပ် သွပ်မိုးဖြစ်ပြီး ရဟန်း၊ သာမဏေများနှင့် ပြည်သူများ သီးခြားစီ လေ့လာဖတ်ရှုနိုင်ရန် စားပွဲများ စီစဉ်ထားကြောင်း၊ ညအိပ်လေ့လာဖတ်ရှုလိုသူများအတွက် အိပ်ခန်း၊ ရေချိုးခန်း၊ သန့်စင်ခန်းများလည်း ပါရှိကာ ရေနှင့် လျှပ်စစ်မီးကိုလည်း ပြည့်စုံစွာ စီစဉ်ပေးထားကြောင်း၊ စာကြည့်တိုက်နှင့်အတူ အရှည်ပေ ၁၂၀၊ အကျယ် ၁၃ ပေရှိ ရပ်ကွက်ချင်းဆက် ကိုယ့်အားကိုယ်ကိုး မေတ္တာပေါင်းကူး ကွန်ကရစ်တံတားကိုလည်း တစ်ပြိုင်တည်းဖွင့်လှစ်မည်ဖြစ်ကြောင်း ဆရာတော်က မိန့်ကြားသည်။

အဆိုပါ ဘဝတက္ကသိုလ်စာကြည့်တိုက်နှင့် ကွန်ကရစ်တံတားသစ် ဖွင့်ပွဲကို မေ ၂၈ ရက်တွင် ကျင်းပမည်ဖြစ်ပြီး နံနက်ပိုင်းတွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ ညနေပိုင်းတွင် စာရေးဆရာညီမင်းညို၊ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် အကယ်ဒမီဇေလုဝ၊ စာရေးဆရာ ဒေါက်တာထက်အောင်တို့က စာအုပ်စာပေ လူ့မိတ်ဆွေ၊ အလိမ္မာစာမှာရှိ၊ စာပေမြင့်မှ လူမျိုးတင့်မည်စသည့် ခေါင်းစဉ်များဖြင့် ဟောပြောကြမည်ဖြစ်ကြောင်း သိရသည်။

**ဆီမီးခုံ-နန်းရီ**

# မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲမှု ပပျောက်ရေးအတွက် မန်တုံမြို့၌ ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ဆန္ဒထုတ်ဖော်



**မန်တုံ မေ ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့နယ်တွင် ပြည်သူများနှင့် အနာဂတ်မျိုးဆက်သစ်လူငယ်များ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဒုက္ခဆိုးကျိုးများ ကြုံတွေ့ရခြင်းမရှိစေရန် ရည်ရွယ်ချက်ဖြင့် ကချင် လူထုအခြေပြု မူးယစ်ဆေးဝါး ကာကွယ်တားဆီးရေးအဖွဲ့က ဦးဆောင်ကာ မူးယစ်ဆေးဝါး ရောင်းဝယ်သုံးစွဲမှု ပပျောက်ရေးအတွက် မန်တုံမြို့တစ်မြို့လုံးသို့ ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ဆန္ဒထုတ်ဖော်ပွဲကို မေ ၂၅ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါ ဆန္ဒထုတ်ဖော်ပွဲပြုလုပ်ရန် မန်တုံမြို့မ အားကစားကွင်းတွင် စုရပ်အဖြစ် စုစည်းခဲ့ပြီး ပလောင်၊ ကချင်၊ လီဆူနှင့် ရှမ်း တိုင်းရင်းသားများ ပါဝင်ကာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါး ပပျောက်ရေး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး၊ မူးယစ်ဆေးဝါး၏ကျေးကျွန်အဖြစ်မှ ပြည်သူတစ်ရပ်လုံး လွတ်မြောက်ရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် ပြည်သူတစ်ရပ်လုံး စုပေါင်းပါဝင်ဆောင်ရွက်ရေးစသည့် ကြွေးကြော်သံများ ကြွေးကြော်၍ မန်တုံမြို့မလမ်းမကြီးအတိုင်း ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ပြီး ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

ထို့နောက် ပလောင်အမျိုးသားခန်းမဆောင်၌ စုဝေးကာ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း ပညာပေးဟောပြောပွဲကို ကျင်းပခဲ့သည်။ အဆိုပါ ဟောပြောပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုးက ယခုလို မူးယစ်ဆေးဝါး ကာကွယ်တိုက်ဖျက် တားဆီးရေးအတွက် တက်ကြွစွာ ဦးဆောင်သော ကချင်နှစ်ခြင်းအသင်းတော်နှင့် အရပ်ဘက်အဖွဲ့အစည်းများ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံးကို အထူးပင် ကျေးဇူးတင်ရှိကြောင်း၊ မူးယစ်ဆေးဝါးပြဿနာသည် တိုင်းရင်းသားအားလုံးနှင့် သက်ဆိုင်ပြီး တိုင်းရင်းသားပြည်သူများ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးတို့ကို အလွန်ပင် ဒုက္ခပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု၏ ၉၀ ရာခိုင်နှုန်းကျော်သည် ရှမ်းပြည်နယ်တွင် ရှိနေပြီး WY စိတ်ကြွရူးသွပ်ဆေးပြားများမှာလည်း ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် တရုတ်-မြန်မာနယ်စပ်မှ အများဆုံးထွက်ရှိကြောင်း၊ အစိုးရ ဌာနဆိုင်ရာများမှ တာဝန်ရှိဌာနများကလည်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနှင့်ပတ်သက်၍ စီမံချက်များချမှတ်ထားသည့်အတိုင်း အသိပညာပေးခြင်း၊ ကြိုတင်ကာကွယ်ခြင်း၊ အရေးယူခြင်းများ စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိကြောင်း၊ ပြည်သူ များဘက်မှလည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အပြန်အလှန် ယုံကြည်မှုများ တည်ဆောက်ပြီး မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်ရေးအတွက် ဝိုင်းဝန်းလုပ်ဆောင်ကြရန် လိုအပ်ကြောင်း၊ မန်တုံမြို့နယ်တွင် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မန်တုံဌာနေပြည်သူ့စစ်အဖွဲ့၊ ကချင် လူထုအခြေပြု မူးယစ်ဆေးဝါး ကာကွယ်တားဆီးရေးအဖွဲ့နှင့် တာဝန်ရှိသူများ ပူးပေါင်းကာ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဟောပြောခဲ့သည်။

ဆက်လက်၍ ကချင် လူထုအခြေပြု မူးယစ်ဆေးဝါးကာကွယ်တားဆီးရေးအဖွဲ့မှ အတွင်းရေးမှူး ဦးဂွန်းအောင်က အဖွဲ့၏လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ပြီး ဆန္ဒထုတ်ဖော်ပွဲတွင် ပူးပေါင်းပါဝင်ပေးကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံးကို ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဆန္ဒထုတ်ဖော်ပွဲကို ဆက်လက်ပြုလုပ်ခဲ့ပြီး မန်တုံမြို့ရှောင်လမ်းအတိုင်း ငြိမ်းချမ်းစွာ စီတန်းလှည့်လည်၍ မြို့မဘောလုံးအားကစားကွင်းတွင် ပြန်လည်စုစည်းကာ ဆန္ဒထုတ်ဖော်ပွဲကို ရုတ်သိမ်းခဲ့သည်။ အဆိုပါ ဆန္ဒထုတ်ဖော်ပွဲတွင် မန်တုံမြို့ပေါ်နှင့် ကျေးရွာအသီးသီးမှ ဒေသခံ တိုင်းရင်းသားပြည်သူ ၆၀၀ ခန့် ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**စည်သူမောင်မောင်**

# လန်ဒန် ဒါဘီမှာ စပါး အနိုင်ရမှာလား

ပရီမီယာလိဂ်ပွဲစဉ် ၃၅ ကို လာမယ့်ဧပြီလ ၂၉၊ ၃၀ နဲ့ မေလ ၂ ရက်နေ့တွေမှာ ကျင်းပသွားဖို့ ရှိနေပါတယ်။ အဆိုပါ ပွဲစဉ်မှာတော့ စပါးနဲ့အာဆင်နယ် ဆုံတွေ့တဲ့ လန်ဒန်ဒါဘီပွဲစဉ်ပါဝင်နေသလို ချယ်လ်ဆီးကလည်း အဲဗာတန်ရဲ့အိမ်ကွင်းမှာ သွားရောက်ကစားရမှာဖြစ်တာကြောင့် ပွဲကောင်းတွေဖြစ် လာနိုင်ပါတယ်။ အထူးသဖြင့် ပွဲကျပ်တွေကြုံနေချိန်မှာ ချယ်လ်ဆီးနဲ့စပါး ဘယ်သူခြေချော်မလဲဆိုတာကို စောင့်ကြည့်ရဖို့ရှိနေပါတယ်။

— ဝေမိုးဆက် —




## စပါး VS အာဆင်နယ်

| | | | | |
|---|---|---|---|---|
| ပကျော့ | အာဆင်နယ် | ၁ | ၁ | စပါး |

ဒီရာသီမှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုချင်းယှဉ်ကြည့်ရင် စပါးက အားသာမှုပိုရှိပါတယ်။ အထူးသဖြင့် ဒီရာသီမှာစပါးဟာ အသင်းကြီးတွေနဲ့ ရင်ဆိုင်ရချိန်မှာ ခြေစွမ်းပိုင်းပိုမိုကောင်းမွန်တတ်သလို ဒီပွဲကိုလည်း အိမ်ကွင်းမှာ ကစားရမှာ ဖြစ်တာကြောင့် ချယ်လ်ဆီးကိုဖိအားပေးနိုင်ဖို့ အားစိုက်ကစားလာမှာသေချာနေပါတယ်။ အာဆင်နယ်ကတော့ ခြေစွမ်းသာမန်သာရှိတာကြောင့် ဒီပွဲမှာစပါးကသာ အိမ်ကွင်းနိုင်ပွဲရယူသွားဖိုင်ဖို့ရှိနေပါတယ်။

## ပဲလေ့စ် VS ဘန်လေ

| | | | | |
|---|---|---|---|---|
| ပကျော့ | ဘန်လေ | ၃ | ၂ | ပဲလေ့စ် |

ပဲလေ့စ်က လက်ရှိအချိန်မှာခြေစွမ်းပိုင်းအရ တည်ငြိမ်မှုရှိတယ်လို့ဆိုနိုင်ပါတယ်။ တိုက်စစ်ပိုင်းကလည်း အိမ်ကွင်းပွဲတွေမှာ ဂိုးသွင်းခြေ ပိုမိုကောင်းမွန်လေ့ရှိပါတယ်။ အထူးသဖြင့် ပဲလေ့စ်က တန်းမဆင်းရဖို့အားစိုက်နေချိန်ဖြစ်တာကြောင့် ဒီအိမ်ကွင်းပွဲစဉ်မှာနိုင်ပွဲရယူနိုင်ရေး အားစိုက်လာမှာသေချာနေပါတယ်။ ဘန်လေကတော့ အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်း အားနည်းတတ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ ပဲလေ့စ်ပဲအနိုင်ရမယ်။

## မစ်ဒယ်ဘရော့ VS မန်စီးတီး

| | | | | |
|---|---|---|---|---|
| ပကျော့ | မန်စီးတီး | ၁ | ၁ | မစ်ဒယ်ဘရော့ |

မစ်ဒယ်ဘရော့ တန်းမဆင်းရဖို့အတွက် အားစိုက်နေချိန်ဖြစ်သလို အိမ်ကွင်းလည်းဖြစ်နေတယ်ဆိုပေမယ့် လက်ရှိခြေစွမ်းပိုင်းကတော့ အားနည်းမှုတွေရှိနေပါတယ်။ အထူးသဖြင့် မစ်ဒယ်ဘရော့ဟာ နိုင်ပွဲလိုနေတာကြောင့်အရင်လိုခံစစ်အားပြုမကစားဘဲ တိုက်စစ်ဖွင့်ကစားနေတာကြောင့် ခံစစ်ပိုင်းပါအားနည်းလာပါတယ်။ မန်စီးတီးကတော့ ကြားရက်မှာမန်ယူနဲ့ ရင်ဆိုင်ခဲ့ရလို့ပွဲပန်းနိုင်ပေမယ့် ဒီလိုပွဲမျိုးမှာ အမှားခံမှာ မဟုတ်ဘူး။ မန်စီးတီးပဲအနိုင်ရမယ်။

## မန်ယူ VS ဆွမ်ဆီး

| | | | | |
|---|---|---|---|---|
| ပကျော့ | ဆွမ်ဆီး | ၁ | ၃ | မန်ယူ |

လက်ရှိအချိန်မှာ မိုဗစ်၊ မာတာ၊ ရိုဟိုစတဲ့ အဓိကကစားသမားတွေဒဏ်ရာရရှိနေသလို မန်ယူဟာ ဒီပွဲအပြီးမှာလည်း ယူရိုပါလိဂ် ဆီမီးဖိုင်နယ်အဝေးကွင်းပွဲ ကစားရဖို့ရှိနေတဲ့အတွက် ခြေကုန်ထုတ်နိုင်ဖို့ခက်ခဲနေပါတယ်။ ဆွမ်ဆီးကတော့ လက်ရှိအချိန်မှာ တန်းမဆင်းရဖို့ အားစိုက်ရုန်းကန်နေချိန်ဖြစ်တာကြောင့် ခြေကုန်ထုတ်လာနိုင်ပါတယ်။မန်ယူအနေနဲ့ ကြားရက်မှာ မန်စီးတီးနဲ့ကစားခဲ့ရတာကြောင့်လည်း ပွဲပန်းနိုင်ပြီးနိုင်ရင်တောင် ဂိုးမပြတ်ဘူး။

## ဝက်စ်ဘရွန်း VS လက်စတာ

| | | | | |
|---|---|---|---|---|
| ပကျော့ | လက်စတာ | ၁ | ၂ | ဝက်စ်ဘရွန်း |

လက်ရှိအချိန်မှာ လက်စတာက ချန်ပီယံလိဂ်ကနေထွက်ခဲ့တဲ့အတွက် ပရီမီယာလိဂ်ကို အားစိုက်လာမှာသေချာနေပါတယ်။ ဒါပေမယ့်လည်း ဝက်စ်ဘရွန်းကအိမ်ကွင်းပွဲစဉ်တွေမှာ ကစားပုံကောင်းမွန်တတ်ပြီးတိုက်စစ်ပိုင်းကလည်း အိမ်ကွင်းပွဲတွေမှာပိုမိုကောင်းမွန်တတ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာလက်စတာတို့ မထင်မှတ်ဘဲအခက်အခဲတွေနိုင်သလို ဝက်စ်ဘရွန်းရဲ့ အိမ်ကွင်းရှုန်းအားကြောင့်သရေ လောက်ပဲရမယ်။

## ဆောက်သမ်တန် VS ဟားလ်

| | | | | |
|---|---|---|---|---|
| ပကျော့ | ဟားလ် | ၂ | ၁ | ဆောက်သမ်တန် |

ဟားလ်က ပထမအကျော့မှာ ဆောက်သမ်တန်ကို အနိုင်ရခဲ့သလို လက်ရှိအချိန်မှာဆိုရင်လည်း တန်းမဆင်းရဖို့ ရုန်းကန်နေတဲ့အပြင်ကစားအားက ကောင်းမွန်မှုရှိပါတယ်။ ဒါပေမယ့် သတိပြုရမှာက ဟားလ်ကအဝေးကွင်းပွဲတွေမှာ ကစားအားကျဆင်းတတ်ပြီး ဆောက်သမ်တန်ခြေကလည်း ကောင်းမွန်မှုရှိပါတယ်။ အထူးသဖြင့် ဆောက်သမ်တန်က အိမ်ကွင်းကစားအား ကောင်းမွန်မှုရှိတာကြောင့် ဒီပွဲမှာတော့ ဟားလ်တို့ ရှုံးပွဲကြုံသွားနိုင်ပါတယ်။

## ဆန်းဒါးလန်း VS ဘုန်းမောက်

| | | | | |
|---|---|---|---|---|
| ပကျော့ | ဘုန်းမောက် | ၁ | ၂ | ဆန်းဒါးလန်း |

လက်ရှိအချိန်မှာ ဘုန်းမောက်ရဲ့ခြေစွမ်းက ကောင်းမွန်မှုအပြည့်ရှိနေပါတယ်။ တန်းမဆင်းရဖို့အတွက်လည်း အားစိုက်ကစားနေလို့ ဒီပွဲမှာလည်းနိုင်ပွဲရဖို့ တိုက်စစ်အားပြုကစားလာမှာသေချာနေပါတယ်။ ဆန်းဒါးလန်းကတော့ အိမ်ကွင်းဖြစ်သလို တန်းမဆင်းရဖို့အားစိုက်နေချိန်ဖြစ်ပေမယ့် ခြေစွမ်းပိုင်းအရ အားနည်းမှုတွေ ရှိနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ဘုန်းမောက်တို့အခွင့်အရေးရနိုင်သလို နိုင်ပွဲလည်းကပ်ရနိုင်တယ်။

## စတုတ် VS ဝက်စ်ဟမ်း

| | | | | |
|---|---|---|---|---|
| ပကျော့ | ဝက်စ်ဟမ်း | ၁ | ၁ | စတုတ် |

အဲဗာတန်နဲ့ကစားခဲ့တဲ့ပွဲမှာ ဝက်စ်ဟမ်းရဲ့အသင်းလိုက်ကစားပုံ ကောင်းမွန်မှုရှိခဲ့တာကို တွေ့ရပါတယ်။ ဒါပေမယ့်လည်း ဝက်စ်ဟမ်းဟာ တိုက်စစ်ပိုင်းမှာ အဆုံးသတ်သေချာမှုမရှိတာကိုတွေရသလို အဝေးကွင်းပွဲတွေမှာကစား အားကျဆင်းတတ်တာကိုတွေ့ရတယ်။ စတုတ်ကတော့ လက်ရှိအချိန်မှာ ရလဒ်တွေဆိုးနေပေပေမယ့် အိမ်ကွင်းခြေမာကျောမှုရှိပါတယ်။ ဒါကြောင့် ဒီပွဲမှာလည်း ဝက်စ်ဟမ်းတို့ ရုန်းကန်ရနိုင်ကာ သရေလောက်ပဲရမယ်။

## အဲဗာတန် VS ချယ်လ်ဆီး

| | | | | |
|---|---|---|---|---|
| ပကျော့ | ချယ်လ်ဆီး | ၅ | ၀ | အဲဗာတန် |

ပထမအကျော့တုန်းက ချယ်လ်ဆီးတို့ဂိုးပြတ် အနိုင်ရခဲ့တယ်ဆိုပေမယ့် လက်ရှိအချိန်မှာ ချယ်လ်ဆီးခံစစ်က ဂိုးတွေဆက်တိုက်ပေးနေရတဲ့အထိ အားနည်းလာပါတယ်။ အထူးသဖြင့် အဲဗာတန်က အိမ်ကွင်းပွဲစဉ်တွေမှာရှုန်းအားကောင်းမွန်တတ်ပါတယ်။ အထူးသဖြင့်အဲဗာတန်ကကြားရက်မှာပွဲကစားခဲ့ရမှာမဟုတ်လို့ ပိုမိုလန်းဆန်းနေနိုင်ပါတယ်။ ချယ်လ်ဆီးကတော့ကြားရက်မှာ ဆောက်သမ်တန်နဲ့ကစားခဲ့ရမှာဖြစ်ပါတယ်။ ဒါကြောင့်လည်းချယ်လ်ဆီးသရေလောက်ပဲရမယ်။

## ဝက်ဖို့ဒ် VS လီဗာပူး

| | | | | |
|---|---|---|---|---|
| ပကျော့ | လီဗာပူး | ၆ | ၁ | ဝက်ဖို့ဒ် |

ဝက်ဖို့ဒ်က တန်းဆင်းဇုန်ကလွတ်ပြီလို့ဆို နိုင်ပါတယ်။ လက်ရှိအချိန်မှာလည်း ဝက်ဖို့ဒ်ဟာ ခြေစွမ်းပိုင်းထင်သလောက်တည်ငြိမ်မှုမရှိတာကို တွေ့ရပါတယ်။ အထူးသဖြင့် အိမ်ကွင်းအားနဲ့ ကစားလာမှာဖြစ်ပေမယ့် လီဗာပူးကလည်း ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ အားစိုက်နေရချိန်ဖြစ်တာကြောင့် အခုလိုပွဲစဉ်မျိုးမှာနိုင်ပွဲရဖို့ အားစိုက်လာမှာသေချာနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာလီဗာပူးကသာ နိုင်ပွဲရယူသွားနိုင်ပါတယ်။

## ပရီမီယာလိဂ်ပွဲစဉ်(၃၅)

| | | | | |
|---|---|---|---|---|
| **စနေနေ့ (၂၉-၄-၁၇)** | | | | |
| ည ၈း၃၀ | ဆောက်သမ်တန် | ◯ - ◯ | ဟားလ် | |
| ည ၈း၃၀ | စတုတ် | ◯ - ◯ | ဝက်စ်ဟမ်း | |
| ည ၈း၃၀ | ဆန်းဒါးလန်း | ◯ - ◯ | ဘုန်းမောက် | |
| ည ၈း၃၀ | ဝက်စ်ဘရွန်း | ◯ - ◯ | လက်စတာ | |
| ည ၁၁း၀၀ | ပဲလေ့စ် | ◯ - ◯ | ဘန်လေ | |
| **တနင်္ဂနွေနေ့ (၃၀-၄-၁၇)** | | | | |
| ညနေ ၅း၃၀ | မန်ယူ | ◯ - ◯ | ဆွမ်ဆီး | |
| ည ၇း၃၅ | အဲဗာတန် | ◯ - ◯ | ချယ်လ်ဆီး | |
| ည ၇း၃၅ | မစ်ဒယ်ဘရော့ | ◯ - ◯ | မန်စီးတီး | |
| ည ၁၀း၀၀ | စပါး | ◯ - ◯ | အာဆင်နယ် | |
| **တနင်္လာနေ့ (၁-၅-၁၇)** | | | | |
| နံနက် ၁း၃၀ | ဝက်ဖို့ဒ် | ◯ - ◯ | လီဗာပူး | |

## စပိန်လာလီဂါပွဲစဉ်(၃၅)

| | | | | |
|---|---|---|---|---|
| **သောကြာနေ့ (၂၈-၄-၁၇)** | | | | |
| နံနက် ၁း၁၅ | ဗီလာရီးရဲ | ◯ - ◯ | ဂီဂျွန် | |
| **စနေနေ့ (၂၉-၄-၁၇)** | | | | |
| ညနေ ၅း၃၀ | ဆိုစီဒက် | ◯ - ◯ | ဂရန်နာဒါ | |
| ည ၈း၄၅ | ရီးရဲမက်ဒရစ် | ◯ - ◯ | ဗလန်စီယာ | |
| ည ၁၁း၀၀ | လက်ပဲလ်မက်စ် | ◯ - ◯ | အက်သလက် | |
| နံနက် ၁း၁၅ | အက်စ်ပန်ညို | ◯ - ◯ | ဘာစီလိုနာ | |
| **တနင်္ဂနွေနေ့ (၃၀-၄-၁၇)** | | | | |
| ညနေ ၄း၃၀ | အိုဆာစူနာ | ◯ - ◯ | ဒီပို့တီဗို | |
| ည ၈း၄၅ | ဘက်တစ် | ◯ - ◯ | အလာဗက်စ် | |
| ည ၁၁း၀၀ | အီဘား | ◯ - ◯ | လီဂါနက်စ် | |
| နံနက် ၁း၁၅ | ဆယ်တာဗီဂို | ◯ - ◯ | ဘီဘာအို | |
| **တနင်္လာနေ့ (၁-၅-၁၇)** | | | | |
| နံနက် ၁း၃၀ | မာလာဂါ | ◯ - ◯ | ဆီဗီလာ | |

## စီးရီးအေပွဲစဉ်(၃၄)

| | | | | |
|---|---|---|---|---|
| **သောကြာနေ့ (၂၈-၄-၁၇)** | | | | |
| နံနက် ၁း၁၅ | အတ္တလန္တာ | ◯ - ◯ | ဂျူဗင်တပ်စ် | |
| **စနေနေ့ (၂၉-၄-၁၇)** | | | | |
| နံနက် ၁း၁၅ | တိုရီနို | ◯ - ◯ | ဆမ်ဒိုးရီးယား | |
| **တနင်္ဂနွေနေ့ (၃၀-၄-၁၇)** | | | | |
| ညနေ ၅း၀၀ | ရိုးမား | ◯ - ◯ | လာဇီယို | |
| ည ၇း၃၀ | ဂျီနိုအာ | ◯ - ◯ | ချီယေဗို | |
| ည ၇း၃၀ | ပါလာမို | ◯ - ◯ | ဖီအိုရင်တီးနား | |
| ည ၇း၃၀ | ခရိုတိုနီ | ◯ - ◯ | အေစီမီလန် | |
| ည ၇း၃၀ | ကယ်ဂလီယာရီ | ◯ - ◯ | ပက်စ်ကာရာ | |
| ည ၇း၃၀ | အမ်ပိုလီ | ◯ - ◯ | ဆက်ဆူအိုလို | |
| ည ၇း၃၀ | ဘိုလော့ဂ်နာ | ◯ - ◯ | အူဒီးနိစ် | |
| နံနက် ၁း၁၅ | အင်တာမီလန် | ◯ - ◯ | နာပိုလီ | |

ဘောလုံးလောကဟာ ကမ္ဘာ့ကျော် ဘီလီယံနာတွေပါဝင်လာခဲ့ပြီးတဲ့ နောက်မှာတော့ ပြိုင်ပွဲဆိုင်မှုအရှိန်အဟုန်တွေက ပိုမိုမြင့်တက်လာခဲ့တယ်။ တစ်သင်းနဲ့တစ်သင်း ခွန်အင်အားတွေကလည်း အပြိုင်အဆိုင်ဖြစ်လာကြတယ်။ ဒါပေမယ့် အသင်းတိုင်းကတော့ ချန်ပီယံလိဂ်မှာ အောင်မြင်မှုတွေရရှိဖို့ မလွယ်ကူကြပါဘူး။ အခုတော့ကာဒစ်မှာ ကျင်းပမယ့် ချန်ပီယံလိဂ်ဖိုင်နယ်ပွဲကို အကောင်းဆုံး ဦးတည်သွားနေတဲ့အသင်းကတော့ မိုနာကိုအသင်းလို့ ပြောရမှာဖြစ်ပါတယ်။

# တောက်ပတဲ့အနာဂတ်နဲ့ ဥရောပရဲ့ပြိုင်မြင်းတစ်ကောင်ဖြစ်လာတဲ့ မိုနာကို

— အောင်က

မိုနာကိုဟာ ဘွန်ဒက်စ်လီဂါရဲ့အကောင်းဆုံး အသင်းတစ်သင်းဖြစ်တဲ့ ဒေါ့မွန်အသင်းကို ချန်ပီယံလိဂ်ကွာတားဖိုင်နယ်မှာ နှစ်ကျော့ပေါင်း ခြောက်ဂိုး-သုံးဂိုးနဲ့ အနိုင်ရအောင်ကစားထားခဲ့တယ်။ ဒါဟာ မိုနာကိုအသင်းကို ပြိုင်ဘက်တိုင်းက သတိထားစောင့်ကြည့်ရမယ့်အခြေအနေမှာ ရှိနေပြီလို့ သတိပေးလိုက်တဲ့ သဘောလည်းဖြစ်တယ်။ ဒေါ့မွန်အသင်းကလည်း မိုနာကိုနဲ့မကစားခင် အသင်းရဲ့ ကားကို ဗုံးပေါက်ကွဲခြင်း ခံခဲ့ရတယ်။ ကြီးကြီးကျယ်ကျယ် ထိခိုက်ဒဏ်ရာမရခဲ့ပေမယ့် ဒေါ့မွန်အသင်းအတွက်တော့ စိတ်ဒဏ်ရာ ရရှိသွားတယ်လို့ တောင်ပြောရမယ်။

မိုနာကိုအသင်း အနေနဲ့ ဒီနှစ်ရာသီမှာတော့ ပီအက်စ်ဂျီအသင်းကို ဖြတ်ကျော်ပြီး ပြင်သစ်လိဂ်ဝမ်းမှာလည်း ထိပ်ဆုံးကနေ ဦးဆောင်နိုင်နေတဲ့အသင်းလည်းဖြစ်တယ်။ ဒါ့အပြင် စိတ်လှုပ်ရှားဖို့ကောင်းတာက လက်ရှိမိုနာကို အသင်းက ဘောလုံးလောကမှာတော့ အသက်အငယ်ဆုံးအသင်း အဖြစ်ရှိနေတာလည်း ဖြစ်တယ်။ လက်ရှိ ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်ကစားရမယ့် အသင်းလေးသင်းထဲမှာ ဆိုရင်လည်း မိုနာကိုအသင်းက အသက်အငယ်ဆုံး အသင်းဖြစ်ပါတယ်။ မိုနာကိုအသင်းရဲ့ ပျမ်းမျှအသက်က ၂၃ ဒသမ၉ နှစ်ဖြစ်ပါတယ်။ ဂျူဗင်တပ်စ်က ၂၈ ဒသမ၇ နှစ်၊ ရီးရဲမက်ဒရစ်က ၂၇ ဒသမ၉ နှစ်နဲ့ အက်သလက်တီကိုအသင်းကတော့ ၂၇ ဒသမ ၁ နှစ်ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဒေါ့မွန်အသင်းနဲ့ ကစားခဲ့တဲ့ ကွာတားဖိုင်နယ်ဒုတိယအဆင့်ပွဲစဉ်ကို ကြည့်မယ်ဆိုရင်လည်း မိုနာကို ပွဲထွက်လူစာရင်းမှာပါဝင်တဲ့ ကစားသမားခြောက်ဦးက အသင်းရဲ့လူငယ်အသင်းကနေခေါ်ယူထားတဲ့ ကစားသမားတွေဖြစ်ပြီး ကျန်ငါးဦးက ထိပ်တန်းအဆင့်မှာ ပါဝင်ကစားနေတဲ့ ကစားသမားတွေ ဖြစ်ပါတယ်။ ဒါကြောင့်လည်း မိုနာကိုအသင်းရဲ့လူငယ်ကစားသမားတွေအတွက်ကတော့ တောက်ပတဲ့ အနာဂတ်တွေ ပိုင်ဆိုင်နေပြီလို့ ပြောရမယ်။

တိုက်စစ်မှူးအမ်ဘာပီဆိုရင် ပြီးခဲ့တဲ့ ဒီဇင်ဘာလကမှ အသက် ၁၈ နှစ်ပြည့်ခဲ့တာ ဖြစ်ပါတယ်။ သူ့ဟာ အွန်နရီလက်သစ်အဖြစ် တင်စားခြင်းခံထားရသူလည်း ဖြစ်ပါတယ်။ သူဟာ ပြင်သစ်လိဂ်ဝမ်းမှာ သွင်းဂိုး ၁၃ ဂိုး သွင်းယူပေးထားသူလည်းဖြစ်ပါတယ်။ သူဟာ ဒေါ့မွန်အသင်းနှင့် ကွာတားဖိုင်နယ်ပွဲစဉ် နှစ်ကျော့စလုံးမှာ သုံးဂိုးသွင်းယူပေးထားခဲ့သူလည်း ဖြစ်ပါတယ်။ သူ့ရဲ့ အသက်ဟာ ၁၈ နှစ်ကျော်သာ ရှိနေသေးပေမယ့် လူငယ်တစ်ယောက်လို့တောင် ပြောလို့မရတဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ သူ့ရဲ့အရပ်ဟာ ၅ ပေ ၁၀ လက်မရှိသွားခဲ့ပြီဖြစ်ပြီး မြက်ခင်းစိမ်းတွေပေါ်မှာတော့ အရှိန်အဟုန်နဲ့ ကစားနိုင်စွမ်းရှိတဲ့သူလည်းဖြစ်ပါတယ်။

ဒါ့အပြင် ကွင်းလယ်တိုက်စစ်မှူး သောမတ်လီမာဆိုရင်လည်း အသက် ၂၁ နှစ်သာရှိသေးပေမယ့် ပြင်သစ်လက်ရွေးစင်ကစားသမားတစ်ဦးဖြစ်ပါတယ်။ အသက် ၂၀ အရွယ်နောက်တန်းကစားသမား တိုရီ၊ အသက် ၂၂နှစ်အရွယ် မန်ဒီတို့ကလည်း အသင်းကို အရှိန်အဟုန်မြှင့်စေတဲ့ကစားသမားတွေဖြစ်ပါတယ်။ ဘီနာဒိုဆေးလ်ဗားဆိုရင်လည်း အသက် ၂၂ နှစ်သာရှိနေသေးပေမယ့် ပေါ်တူဂီလက်ရွေးစင်အသင်းမှာ ပုံမှန်ကစားခွင့်ရရှိနေပါတယ်။ ဘာကာယိုကိုကလည်း အသက် ၂၂ နှစ်သာရှိနေပေမယ့် ဥရောပအသင်းတိုင်းက လိုချင်နေတဲ့ကစားသမား တစ်ဦးဖြစ်ပါတယ်။ မိုနာကိုအသင်းရဲ့ဘရာဇီးက ကစားသမား ဖာဘင်ဟိုဆိုရင်လည်း ဒီနှစ်ရာသီမှာ အသင်းနဲ့အတူ ၁၀ ဂိုး အထိသွင်းယူထားနိုင်တဲ့ကစားသမား တစ်ဦးလည်းဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား လီမာ ( ၂၁ နှစ်) ဆိုရင်လည်း ဒေါ့မွန်အသင်းနဲ့ ကစားခဲ့တဲ့ပွဲမှာဆိုရင် သူ့ရဲ့ခြေစွမ်းက ကောင်းလွန်းတယ်။ ၂၀၁၅ခုနှစ်က ကိန်းအသင်းကနေ မိုနာကိုအသင်းကို ပေါင် ၂ ဒသမ ၅ သန်းနဲ့ ပြောင်းရွှေ့လာခဲ့တဲ့ လီမာဟာ မိုနာကိုအသင်းအတွက်တော့ များစွာအကျိုးဖြစ်ထွန်းခဲ့တယ်။ သူဟာ ဒီနှစ်ရာသီမှာလည်း မိုနာကိုအသင်းနဲ့အတူ ပြင်သစ်လိဂ်ဝမ်းမှာ ၂၉ ပွဲပါဝင်ကစားပြီး ခုနစ်ဂိုးအထိသွင်းယူထားနိုင်တဲ့ သူလည်းဖြစ်တယ်။

မိုနာကိုအသင်းအနေနဲ့ အခုလို အောင်မြင်ခဲ့ခြင်းက အသင်းရဲ့အဓိက ရှယ်ယာပိုင်ရှင် ရုရှားဘီလီယံနာသူဌေး ရိုင်ဘိုလိုဗက်နဲ့တော့ အဓိကသက်ဆိုင်တယ်လို့ ပြောရမယ်။ သူဟာအသင်းကို ရောက်ရှိခဲ့ပြီးနောက်ပိုင်း ပြုပြင်ပြောင်းလဲမှုတွေစတင်လုပ်ခဲ့တယ်။ ၂၀၁၃ ခုနှစ်နွေရာသီမှာတော့ ပေါင်သန်း ၁၅၀ အသုံးချပြီး ဖယ်ကာအို၊ ရိုဒရီဂွက်ဇ်နဲ့ မော်တင်ဟိုတို့ကို ခေါ်ယူခဲ့တယ်။ ဒါပေမယ့် ဖယ်ကာအို၊ ရိုဒရီဂွက်ဇ်တို့ နှစ်ဦးစလုံးဟာ နောက်တစ်နှစ်မှာ အသင်းကနေ ပြန်ထွက်ခွာသွားခဲ့တာကြောင့် ပရိသတ်တွေရဲ့ဝေဖန်မှုကိုတော့အတော်ခံခဲ့ရပါတယ်။ ဒါ့အပြင် နောက်တစ်နှစ်အတွင်းမှာ ကာရက်စကို၊ ကွန်ဒေါ်ဘီယာနဲ့ မာရှယ်တို့ ထွက်သွားခဲ့တာကြောင့် ပရိသတ်တွေရဲ့ ဒေါသဟာပိုလို့တောင် တိုးခဲ့ပါတယ်။

ဒါပေမယ့် အသင်းရဲ့ ဒု-ဥက္ကဋ္ဌ ဗာဆီရီက "အသင်းအနေနဲ့ ငွေကြေးအလွန် အမင်းအသုံးပြုပြီး အသင်းကို ရင်းနှီးမြှုပ်နှံမလား။ ဒါမှမဟုတ် လူငယ်ကစားသမားတွေကို အဓိက မွေးထုတ်ပြီး အသင်းကို အကောင်းဆုံး တည်ဆောက်မလားဆိုတဲ့ နည်းလမ်းနှစ်သွယ်ထဲက ဒုတိယ နည်းလမ်းကို သုံးဖို့ ဆုံးဖြတ်ခဲ့ပါတယ်" ဟုပြောဆိုခဲ့ပါတယ်။ အခုတော့ မိုနာကိုရဲ့ နည်းလမ်းဟာ အကောင်းဆုံး ဖြစ်ခဲ့ပြီဆိုတဲ့ သက်သေလို့ ပြောရမှာပါ။ ဒေါ့မွန်အသင်းကို ယှဉ်ပြိုင်ခဲ့တဲ့ အသင်းရဲ့ပွဲထွက် လူစာရင်းမှာ ခြောက်ယောက်က ၂၂နှစ်အောက်တွေ ဖြစ်တယ်။ ဒါကြောင့် မိုနာကိုအသင်းဟာ လူငယ်ကစားသမားတွေနဲ့အတူ ဥရောပမှာတော့ အကောင်းဆုံး ထိုးဖောက်နိုင်နေပြီဆိုတဲ့ သက်သေလည်း ဖြစ်တယ်။

ဒါကြောင့် ဒီနှစ်ချန်ပီယံလိဂ်မှာတော့ မိုနာကိုအသင်းဟာ ချန်ပီယံဖြစ်ဖို့ ရေပန်းစားတဲ့အသင်းတစ်သင်း မဟုတ်ပေမယ့် လက်ရှိ ခြေစွမ်းတွေအရတော့ အသင်းတိုင်းက သတိထား ကစားရမယ့် အသင်းအဖြစ် ရှိနေပြီ ဖြစ်ပါတယ်။

ဒါ့အပြင် မိုနာကိုအသင်းဟာ လူငယ်ကစားသမားတွေရဲ့ ခြေစွမ်းကလည်း တဖြည်းဖြည်း ပိုမိုကောင်းမွန်မှုရှိလာခဲ့တာကြောင့် ယခုနှစ်ပိုင်းအတွင်းမှာတော့ မိုနာကိုဟာ ဥရောပရဲ့ကြောက်စရာကောင်းတဲ့ အသင်းအဖြစ်တွေ့မြင်ရမှာလည်းဖြစ်ပါတယ်။ ဒါပေမယ့် လက်ရှိအချိန်မှာ မိုနာကိုအသင်းဟာ ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်အဆင့်ကနေ ချန်ပီယံလမ်းကြောင်းပေါ်အထိရောက်ရှိနိုင်တဲ့အသင်းအဖြစ် ရှိနေပြီ ဖြစ်ပါတယ်။




# တိုက်စစ်မှူး ကာဗာနီအား ပီအက်စ်ဂျီအသင်း စာချုပ်သစ် ချုပ်ဆို



ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းသည် တိုက်စစ်မှူး ကာဗာနီနှင့် ပြီးခဲ့သည့် ဧပြီလ ၂၆ ရက်တွင် ၂၀၂၀ ပြည့်နှစ်အထိ သက်တမ်းရှိ စာချုပ်သစ် တစ်ရပ်ချုပ်ဆိုလိုက်ကြောင်း သတင်းများတွင် ရေးသား ဖော်ပြထားသည်။

ဥရုဂွေးတိုက်စစ်မှူး ကာဗာနီသည် ပြီးခဲ့သည့် နွေရာသီဈေးကွက် ကာလအတွင်းတွင် ပီအက်စ်ဂျီမှ တိုက်စစ်မှူး အီဘရာဟီမိုဗစ် ထွက်ခွာသွားပြီးနောက် အသင်း၏ တိုက်စစ်ကို အဓိကဦးဆောင်နေသူဖြစ်ပြီး ယခုနှစ် ပြင်သစ်ပထမတန်းပြိုင်ပွဲတွင် ၃၁ ဂိုးသွင်းယူထားကာ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ဦးဆောင်နေသူ ဖြစ်သည်။ တိုက်စစ်မှူး ကာဗာနီအား မန်ယူနှင့် အာဆင်နယ်အသင်းတို့က ခေါ်ယူရန် ဆက်သွယ်မှုများ ပြုလုပ်ခဲ့ဖူးသည်။

"ပီအက်စ်ဂျီအသင်းနဲ့ အခုလို စာချုပ်သက်တမ်းတိုးမြှင့်နိုင်ခဲ့ပြီး အသင်းအပေါ် ဆက်လက်အာရုံစိုက်နိုင်မယ့်အတွက် အလွန်ပျော်ရွှင်မိပါတယ်။ ပီအက်စ်ဂျီအသင်းမှာ ဆက်လက်ကစားသွားဖို့က ကျွန်တော့်ရဲ့ရည်မှန်းချက်ပါ။ ဒါကို ကျွန်တော် အမြဲပြောခဲ့ပါတယ်။ ပီအက်စ်ဂျီအသင်းရဲ့ပရိသတ်တွေနဲ့ အသင်းတာဝန်ရှိသူတွေက ဒီအသင်းကို အကောင်းဆုံးအသင်းတွေအနက်က တစ်သင်းဖြစ်လာအောင်လုပ်ဆောင်နေပါတယ်။ ရည်မှန်းထားတဲ့အရာတွေကို လုပ်ဆောင်နိုင်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ လာမယ့်ရာသီတွေမှာ ကျွန်တော်တို့အနေနဲ့ ရည်မှန်းချက်တွေ ပိုမိုထားရှိလာနိုင်မှာပါ"ဟု တိုက်စစ်မှူး ကာဗာနီက ပြောသွားသည်။

တိုက်စစ်မှူး ကာဗာနီ (၃၀နှစ်) သည် ၂၀၁၃ ခုနှစ် ဇူလိုင်လအတွင်းတွင် နာပိုလီအသင်းမှ ပီအက်စ်ဂျီသို့ ပြောင်းရွှေ့လာသူဖြစ်ပြီး ပီအက်စ်ဂျီအသင်းနှင့်အတူ ပြင်သစ်ပထမတန်း ချန်ပီယံဆုဖလား သုံးကြိမ်အပါအဝင် ဆုဖလားပေါင်း ပြည်တွင်းဆုဖလား ပေါင်း ၁၁ လုံးရရှိထားသူဖြစ်သည်။

# ရီးရဲကစားသမား ဂါရတ်ဘေးလ် ဒဏ်ရာကြောင့် ချန်ပီယံလိဂ်ပွဲများတွင် ပါဝင်နိုင်ရန် မသေချာ



ရီးရဲမက်ဒရစ်အသင်း တောင်ပံတိုက်စစ်ကစားသမား ဂါရတ်ဘေးလ်သည် ရီးရဲအသင်းက ဘာစီလိုနာအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အရေးနိမ့်ခဲ့သော စပိန်လီဂါပွဲစဉ်တွင် ရရှိခဲ့သည့် ခြေသလုံးကြွက်သား ဒဏ်ရာကြောင့် သီတင်းပတ်သုံးပတ် အနားယူရဖွယ်ရှိနေကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဝေးလ်ကစားသမား ဂါရတ်ဘေးလ်သည် ကြွက်သားဒဏ်ရာကြောင့် ဘာစီလိုနာနှင့်ပွဲမတိုင်မီ ဂီဂွန်၊ ဘိုင်ယန်မြူးနစ်တို့နှင့် ကစားခဲ့သောပွဲများကို လွဲချော်ခဲ့ရပြီး ဘာစီလိုနှင့်ပွဲတွင် ရီးရဲအသင်း ကစားသမားစာရင်းတွင် အံ့အားသင့်ဖွယ် ပြန်လည်ပါဝင်လာခဲ့သူဖြစ်သည်။ သို့သော်လည်း ဂါရတ်ဘေးလ်သည် ဘာစီလိုနာနှင့်ပွဲတွင် ခြေသလုံးကြွက်သားဒဏ်ရာ ပြန်လည်ခံစားခဲ့ရခြင်းကြောင့် ပွဲချိန် ၃၉ မိနစ်တွင်ပင် အဆန်ဂျီနှင့် လူစားလဲခြင်း ခံခဲ့ရသည်။

နည်းပြ ဇီဒန်းက "ဘာစီလိုနာနဲ့ပွဲမှာ ပါဝင်ကစားဖို့ ကြံ့ခိုင်မှုရာနှုန်း ပြည့်ရှိတယ်လို့ ဂါရတ်ဘေးလ်က ပြောဆိုခဲ့ပါတယ်။ အဲဒီပွဲတိုင်ခင် လေ့ကျင့်ရေးအစီအစဉ်နှစ်ခုမှာလည်း ဂါရတ်ဘေးလ်က ကောင်းမွန်စွာ ပါဝင်နိုင်ခဲ့တယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ဂါရတ်ဘေးလ်ကို ဘာစီလိုနာနဲ့ပွဲမှာ ထည့်သွင်းအသုံးပြုရေးကို မရှောင်လွှဲနိုင်ခဲ့ပါဘူး။ ဒဏ်ရာရရှိမှုတွေကတော့ ကစားသမားဘဝမှာ ရှောင်လွှဲလို့ မရနိုင်ပါဘူး။ အခုနှစ် ဘောလုံးရာသီမကုန်ဆုံးခင်မှာ ဂါရတ်ဘေးလ် ပြန်လည်ပါဝင်ကစားနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ အသင်းဆေးအဖွဲ့တာဝန်ရှိသူတွေကတော့ ဂါရတ်ဘေးလ်ရဲ့ ဒဏ်ရာက သေးငယ်တယ်လို့ ပြောပါတယ်။ ဆေးအဖွဲ့အပေါ် ကျွန်တော်ယုံကြည်မှုရှိတယ်"ဟု ပြောဆိုခဲ့သည်။ ယခုနှစ်ဘောလုံးရာသီတွင် ရီးရဲမက်ဒရစ်အသင်းအတွက် စုစုပေါင်း ၂၆ ပွဲ ပါဝင်ကစားခဲ့ပြီး ကိုးဂိုး သွင်းယူထားသူ ဂါရတ်ဘေးလ်သည် မေလ ၃ ရက်၊ မေလ ၁၁ ရက်တို့တွင် အက်သလက်တီကို မက်ဒရစ်အသင်းနှင့် ရင်ဆိုင်ရမည့် ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်ပွဲစဉ်များကို လွဲချော်ရဖွယ်ရှိနေသည်။

ထက်အောင်

## ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်ပထမအကျော့

| | | | | |
|---|---|---|---|---|
| အင်္ဂါနေ့ (၂-၅-၁၇) | | | | |
| နံနက် ၁း၁၅ | ရီးရဲ | VS | အက်သလက် | |
| ဗုဒ္ဓဟူးနေ့ (၃-၅-၁၇) | | | | |
| နံနက် ၁း၁၅ | မိုနာကို | VS | ဂျူဗင်တပ်စ် | |

## ယူရိုပါလိဂ်ဆီမီးဖိုင်နယ်ပထမအကျော့

| | | | | |
|---|---|---|---|---|
| ဗုဒ္ဓဟူးနေ့ (၃-၅-၁၇) | | | | |
| ည ၁၁း၁၅ | အိုင်းယက်စ် | VS | လိုင်ယွန် | |
| ကြာသပတေးနေ့ (၄-၅-၁၇) | | | | |
| နံနက် ၁း၃၅ | ဆဲလ်တာဗီဂို | VS | မန်ယူ | |

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
# အောင်ဘာလေသိန်းဆုဌာနခွဲ
# သတင်းကြေညာချက်

## ၂၀၁၇ ခုနှစ် ဧပြီ ၂၈ ရက်

၁။ (၃)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များကို ၂၀၁၇ ခုနှစ် မေ ၁ ရက်မှ စတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ (၃)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များကို "က"အက္ခရာမှ အစဉ်လိုက် "န"အက္ခရာထိ အက္ခရာလုံးရေ(၂၀)နှင့် အရန်ထီ"ကဒ"အက္ခရာမှ အစဉ်လိုက်"ကအ"အက္ခရာထိ (၁၆)လုံး စုစုပေါင်းအက္ခရာ(၃၆)လုံးခန့်၊ ထီစာအုပ်ပေါင်း (၂၈၉၆၈၉၃)အုပ်ကို ခွဲဝေဖြန့်ဖြူးပြီးဖြစ်ပါသည်။

၃။ ထပ်မံဝယ်ယူလိုသူများရှိပါက ကျပ် ၅၀၀ တန် ထီများကို ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ပြီး၊ အနည်းဆုံးအုပ်ရေ(၁၀၀)နှင့်အထက် ဝယ်ယူလိုသူများအား ဘဏ်ငွေသွင်းချလန် (TF-1)ဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ် ၃၈၄၊ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့်၊ ကျောက်တံတားမြို့နယ်တွင် ၃-၅-၂၀၁၇ရက်မှ ၂၄-၅-၂၀၁၇ရက်ထိ ရုံးဖွင့်ရက်များတွင် ရောင်းချပေးသွားမည်ဖြစ်ပါသည်။ ရောင်းချရသည့်အက္ခရာများကို ထီဖွင့်ပွဲမတိုင်မီ ထပ်မံကြေညာပေးသွားမည်ဖြစ်ပါသည်။

၄။ (၃)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်နမူနာမှာ အောက်ပါအတိုင်းဖြစ်ပါသည်-






၅။ (၃)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ် (အရန်ထီ)နမူနာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်(အရန်ထီ) "ကဒ"၊ "ကဓ"နှင့် "ကန" အက္ခရာ(၃)လုံးလက်မှတ်နမူနာမှာ အောက်ပါအတိုင်းဖြစ်သည်-




(ခ) ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်(အရန်ထီ) "ကပ"၊ "ကဖ"၊ "ကဗ"၊ "ကဘ" နှင့် "ကမ" အက္ခရာ(၅)လုံး လက်မှတ်နမူနာမှာ အောက်ပါအတိုင်း ဖြစ်သည်-



(ဂ) ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်(အရန်ထီ) ''ကဃ''၊ ''ကရ''၊ ''ကလ''၊ ''ကဝ''၊ ''ကသ''၊ ''ကဟ''၊ ''ကဠ''နှင့် ''ကအ'' အက္ခရာ(၈)လုံး လက်မှတ်နမူနာမှာ အောက်ပါအတိုင်းဖြစ်သည်-




၆။ အထူးသတိပြုရန်

အရန်ထီလက်မှတ်''ကက''အက္ခရာ၊ ''ကခ''အက္ခရာ၊ ''ကဂ''အက္ခရာ၊ ''ကဃ''အက္ခရာတို့မှာ (၁)ကြိမ်မြောက်တွင် ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့် ''ကင''အက္ခရာ၊ ''ကစ''အက္ခရာ၊ ''ကဆ''အက္ခရာ၊ ''ကဇ''အက္ခရာ၊ ''ကဈ''အက္ခရာ၊ ''ကည''အက္ခရာ၊ ''ကဋ''အက္ခရာ၊ ''ကဌ'' အက္ခရာ၊ ''ကဍ''အက္ခရာ၊ ''ကပ''အက္ခရာ၊ ''ကဏ''အက္ခရာ၊ ''ကတ''အက္ခရာနှင့် ''ကထ'' အက္ခရာတို့မှာ (၂)ကြိမ်မြောက်တွင် ရောင်းချပြီး ဖွင့်လှစ်ပြီးဖြစ်ပါသဖြင့် ၂၀၁၇ ခုနှစ် ဇွန် ၁ ရက်တွင် ဖွင့်လှစ်မည့် (၃)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲအတွက် အကျုံးမဝင်ပါကြောင်း အထူးသတိပေးအပ်ပါသည်။

၇။ ကျပ် ၅၀၀ တန် ထီအတွက် ဆုမဲများမှာ အမြင့်ဆုံးဆု ကျပ်သိန်း(၁၀၀၀၀)၊ ကျပ်သိန်း(၅၀၀၀)နှင့် ကျပ်သိန်း(၁၀၀၀)ဆုများအပါအဝင်ဖြစ်ပြီး အနိမ့်ဆုံးဆုမဲမှာ ကျပ်(၅၀၀၀၀)ဖြစ်ပါသည်။

၈။ (၃၄၁)ကြိမ်မြောက် ကျပ် ၂၀၀ တန် ထီလက်မှတ်များကို အက္ခရာ(၃)လုံး [''က''အက္ခရာ၊ ''ခ''အက္ခရာနှင့် ''ဂ''အက္ခရာ] ထုတ်ဝေရောင်းချသွားမည်ဖြစ်ပါသည်။ (၃၄၁)ကြိမ်မြောက်အတွက် ထီလက်မှတ်နမူနာမှာ အောက်ပါအတိုင်းဖြစ်ပါသည်-







၉။ ကျပ် ၂၀၀ တန် ထီအတွက် ဆုမဲများမှာ အမြင့်ဆုံးဆု ကျပ်သိန်း(၁၅၀၀)နှင့် ကျပ်သိန်း(၁၀၀)၊ ကျပ်သိန်း(၅၀)ဆုများအပါအဝင်ဖြစ်ပြီး အနိမ့်ဆုံးဆုမဲမှာ ကျပ်(၁၀၀၀၀၀) ဖြစ်ပါသည်။

**အောင်ဘာလေသိန်းဆုဌာနခွဲ**

## ရန်ကင်းအေးငြိမ်းရိပ်သာ ရက်(၆၀)တရားစခန်းဖွင့်မည်

မန္တလေးမြို့၊ ရန်ကင်းတောင်ခြေရှိ ကျမ်းပြုဆရာကြီး ဓမ္မာစရိယ ဦးဌေးလှိုင် ဦးစီးဖွင့်ခဲ့သော ရန်ကင်းအေးငြိမ်းရိပ်သာ၌ မောင်းထောင်မြေဖင်းတောရဆရာတော်ကြီး ဟောကြားပြသခဲ့သော မိမိကမ္မဋ္ဌာန်းကျောင်းထဲမှနေ၍ လှူပြည်နတ်ပြည်မှ ဘုရားများ ပကတိမျက်စိဖြင့် မြင်ရသလို ဖူးမြင်နိုင်ခြင်း၊ ပစ္စယပရိဂ္ဂဟ အတိတ်ဘဝများမြင်နိုင်သော သမထ၊ ဝိပဿနာတရားစခန်းကို (၁၃၇၉ ခုနှစ် ကဆုန်လဆန်း ၁၄ရက်) ၉-၅-၂၀၁၇ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါ၍ စခန်းဝင်လိုသူ ရဟန်း၊ သီလရှင်၊ အမျိုးသား အမျိုးသမီးယောဂီများ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။ စခန်းကြေး ဆွမ်းစရိတ် မပေးရပါ။

**သာသနာ့အကျိုးဆောင်အဖွဲ့**

ဖုန်း-၀၉-၂၀၂၃၉၂၂၊ ၀၉-၄၄၂၀၂၃၉၂၂၊ ၀၉-၇၆၆၇၆၂၁၇၆

## မိုးကုတ်မြို့ အ.ထ.က(၁)ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲ

မိုးကုတ်မြို့ အ·ထ·က(၁)၏ မြတ်ဆရာပူဇော်ပွဲကို(၁၄-၅-၂၀၁၇)တွင် ကျင်းပမည်ဖြစ်ရာ အ·ထ·က(၁)တွင် (၃)နှစ် ပညာသင်ပေးဖူးပြီး အသက်(၆၀)နှစ်ပြည့်ပြီးသည့် ဆရာ/ဆရာမကြီးများမှ နေ၍ ဦးထွန်းဦး (၀၉-၆၅၃၈၀၃၁)၊ ဦးထွန်းဝင်းအောင်(ခ)ထွန်းထွန်း (၀၉-၄၀၂၆၆၉၉၉၈)၊ ဦးတင်လေးနိုင်(ခ)ဦးကျား(၀၉-၂၅၈၀၀၉၉၁၀၉၉)၊ ဆရာထက်အောင်ရှင်ထွေး(၀၉-၄၀၀၃၀၄၄၂)၊ ကိုမိုးမင်းနိုင်(ခ)ယုကေး(၀၉-၄၀၂၆၃၅၄၈၇)တို့ထံတွင် (၃၀-၄-၂၀၁၇)နောက်ဆုံးထား၍ ဆက်သွယ်အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ကျောင်းသားဟောင်းများနှင့် မျိုးဆက်သစ်များကိုလည်း အ·ထ·က(၁)မြတ်ဆရာပူဇော်ပွဲသို့ စုံစုံညီညီတက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားလိုက်ရပါသည်။

## မြန်မာဂေါက်သီးရိုက်အသင်းသားများ သိသာရန်

မြန်မာဂေါက်သီးရိုက်အသင်း၏ အသင်းသားအချို့သည် အသင်းသို့ပေးသွင်းရန်ရှိသော လစဉ်/နှစ်စဉ်ကြေးများ ပေးသွင်းခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိရပါသဖြင့် ကြွေးကျန်များကို ၃၁-၅-၂၀၁၇ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း ငွေလက်ခံကောင်တာတွင် ဆက်သွယ်ပေးသွင်းကြပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အသင်းသားစာရင်းမှ ပယ်ဖျက်မည်ဖြစ်ပါကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာဂေါက်သီးရိုက်အသင်း**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း၊ တင်ဒါအမှတ်စဉ် (၁/၂၀၁၇-၂၀၁၈)

မအူပင်ခရိုင်၊ လမ်းဦးစီးဌာနမှ (၂၀၁၇-၂၀၁၈) ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် လမ်းခင်းကျောက်ရွယ်စုံကို လုပ်ငန်းခွင်အရောက် သက်ဆိုင်ရာလမ်းပိုင်းအလိုက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

| | |
|---|---|
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | (၁၅. ၅. ၂၀၁၇) ရက်နေ့။ |
| တင်ဒါပိတ်မည့်ရက်/အချိန် | (၂၂. ၅. ၂၀၁၇) ရက်နေ့၊ (၁၄း၀၀) နာရီ။ |
| တင်ဒါဖွင့်မည့်ရက်/အချိန် | (၂၅. ၅. ၂၀၁၇) ရက်နေ့၊ (၁၃း၀၀) နာရီ။ |
| တင်ဒါဖွင့်မည့်နေရာ | ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ မအူပင်မြို့။ |

တင်ဒါလျှောက်လွှာပုံစံများကို မအူပင်ခရိုင်၊ လမ်းဦးစီးဌာန၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း၊ ၀၄၅-၃၀၃၆၁

### အမည်ပြောင်း

တောင်ကြီးမြို့၊ အထက (၁၁)၊ နဝမတန်း(ဇီဝ)အောင်မှ မောင်နိုင်ထူးဇော်အား ယနေ့မှစ၍ မောင်ချူးဟိုက် ၁၃/ကလတ(နိုင်)၀၃၇၉၃၂ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ချူးဟိုက်**

### အမည်မှန်

ဟိုပုံးမြို့နယ်၊ ပုံချောင်ရွာ၊ အမက (မူလွန်)၊ စတုတ္ထတန်းအောင်မှ နန်းစုစုနဒီအောင်၏ အမည်မှန်မှာ နန်းစုသန္တာခင် ဖြစ်ပါကြောင်း။

**နန်းစုသန္တာခင်**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၆၊ မြေကွက်အမှတ် - ၁၀၇၂၊ မြေကွက်တည်နေရာအမှတ် (၁၀၇၂)၊ ဖားရွှေကျော်လမ်း၊ (၆)ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ (ဦးယုလှိုင်) (၁၂/ရကန(နိုင်) ၀၄၄၀၄၅)အမည်ပေါက် နှစ် (၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးယုလှိုင်အား တရားပြိုင်ထားကာ ဒေါ်ရှောက်စီမှ တရားလိုပြု၍ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်တရားရုံးတွင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိခဲ့ သဖြင့် တရားရှုံးဖြစ်သော ဦးယုလှိုင်ကိုယ်စား ဘီးလစ်ဒေါ်ခင်သန်းအေး (၁၂/သကတ (နိုင်) ၀၁၈၀၀၁)မှ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ် (၂၆/၂၀၁၆)၏ (၂၉-၁၁-၂၀၁၆)ရက်စွဲပါ စီရင်ချက် တရားမဇာရီမှုအမှတ် (၁၂/၂၀၁၆)၏ ခန့်စဉ်မှတ်တမ်းနှင့် ဘီလစ်အရာရှိ ခန့်အပ်ကြောင်း အကြောင်းကြားစာတို့ကို တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်း နှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ပျောက်ဆုံးကြောင်း**

ကျွန်တော်အောင်ကျော်ကျော်မင်း (CDC -၆၃၇၄၃) ၏ 3rd Engineer စာမေးပွဲအောင်စာရင်း (Result Sheet) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၈၇၅၈၀၆၁၆၂**




ထွန်းတရစ် အုတ်ရိုက်စက်
ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
09 4200 35882
09 4200 35884
(၆၀၄)အင်းလေး(၁)လမ်း၊ရပ်(၂)၊တောင်ဒဂုံ။

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၄ယ/၆၉၀၈၅ ယာဉ်လက်ဝယ်ရှိသူ ဦးအဆိုကူးမာရ် ၇/ကတခ(နိုင်)၀၇၁၂၉၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ပြည့်စုံအောင်

### Exclusive Bridal Creations

မေလ(၄)ရက်နေ့တွင် စတင်ဖွင့်လှစ်မည့်သင်တန်းများ

- Basic Course 2 months
- Advanced Level 3 months

ပြင်သစ်နိုင်ငံ Paris American Academy - Art and Fashion Design School တွင် သွားရောက် ပညာသင်ယူလိုပါက ဆက်သွယ်ချိတ်ဆက်ကျောင်းအပ်ပေးပါသည်။

အမှတ်(၂၅၇)၊ ၃၅လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
Ph :01-251166, 01-383789



ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဂျာမနီတပ်မတော်စစ်ဦးစီးချုပ်က ဂုဏ်ပြုတပ်ဖွဲ့ဖြင့်ကြိုဆို



စာ - ၇

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ရုရှားသမ္မတ ပူတင်တို့ မော်စကို၌ တွေ့ဆုံဆွေးနွေး စာ - ၁၀




မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းမည် စာ - ၁၂




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ စုံညီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

# တောင်သူလယ်သမားများ စိုက်ပျိုးရာသီ အချိန်မီစိုက်ပျိုးနိုင်ရန် စိုက်ပျိုးစရိတ်ချေးငွေများ တိုးတက်ထုတ်ချေးနိုင်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၇**

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ စုံညီအစည်းအဝေး (၁/၂၀၁၇)ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ အခန်း ၂၊ ပုဒ်မ ၃ တွင် ဥပဒေ၏ အနှစ်သာရ ရည်ရွယ်ချက် (၅)ရပ်ဖြစ်သည့် အရင်းအနှီးရရှိရေးအတွက် တောင်သူလယ်သမားများအား သင့်လျော်သော ချေးငွေနှင့် အကူအညီများပေး၍ အထောက်အကူပြုရန်၊ ထုတ်လုပ်မှုတိုးတက်ရေးအတွက် တောင်သူလယ်သမားများအား နည်းပညာ၊ သွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာတို့ကို လွယ်ကူအဆင်ပြေစွာ ပံ့ပိုးပေးနိုင်ရေး စီမံဆောင်ရွက်ရန်၊

*စာမျက်နှာ ၅ ကော်လံ ၁* ✻

# အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ဇွဲကပင်အသင်း ဂိုးပြတ်အနိုင်ရ

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

**နေပြည်တော် မေ ၂၇**

၂၀၁၆-၂၀၁၇ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂) နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ ဇွဲကပင်အသင်းက YREO အသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

အဖွင့်ပွဲတွင် ဂိုးပြတ်ရှုံးထားသည့် အသင်းနှစ်သင်း၏ တွေ့ဆုံမှုဖြစ်ပြီး ဇွဲကပင်အသင်းက ဂိုးပြတ်နိုင်ပွဲနှင့်အတူ ပထမဆုံးနိုင်ပွဲရယူနိုင်ခဲ့သည်။ ခြေစွမ်းပိုင်းအရ ဇွဲကပင်အသင်း ပိုကောင်းခဲ့ပြီး ပထမပိုင်းတွင်ရရှိသည့် အခွင့်အရေးများကို အသုံးချနိုင်ခဲ့သောကြောင့် ဂိုးပြတ်သွားခြင်းဖြစ်သည်။

လက်ရွေးစင်ဟောင်းကစားသမားအများစု ပါဝင်သည့် ဇွဲကပင်အသင်းသည် လူငယ်ကစားသမားများဖြင့် ဖွဲ့စည်းထားသည့် YREO အသင်းကို အတွေ့အကြုံပိုင်း အသာရခဲ့သောကြောင့် ခြေအသာဖြင့် ကစားနိုင်ခဲ့သည်။ ပွဲအစ သုံးမိနစ်တွင် ဝါရင့်တောင်ပံကစားသမား အေးနန္ဒာလှိုင်က ဇွဲကပင်အသင်းအတွက် အဖွင့်ဂိုး စတင်သွင်းယူခဲ့ပြီး ၁၁ မိနစ်တွင် စန်းသော်သော်က

*စာမျက်နှာ ၇ ကော်လံ ၅* ❍




ဇွဲကပင်အသင်း YREO အသင်းဘက်သို့ ထိုးဖောက်တိုက်စစ်ဆင်နေစဉ်

# ဧရာဝတီမြစ်ရေ မြစ်ကြီးနားတွင် သုံးရက်အတွင်း ၁၀ ပေ မြင့်တက်

**နေပြည်တော် မေ ၂၇**

ဧရာဝတီမြစ်ရေသည် မေ ၂၇ ရက် နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ မြစ်ကြီးနားမြို့တွင် ၆၂၅ စင်တီမီတာသို့ ရောက်ရှိခဲ့ပြီး မေ ၂၅ ရက်မှ ၂၇ ရက်အထိ သုံးရက်အတွင်း ၁၀ ပေခန့် မြင့်တက်ခဲ့သည်။ အဆိုပါမြစ်ရေသည် ဗန်းမော်မြို့နှင့် ရွှေကူမြို့တို့တွင် နှစ်ရက်အတွင်း ငါးပေမှ ခုနစ်ပေခန့် ကသာမြို့တွင် တစ်ရက်အတွင်း သုံးပေခွဲခန့် မြင့်တက်ခဲ့သည်။

ဧရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သော မြစ်ရေများသည် နောက်တစ်ရက်မှ နှစ်ရက်အတွင်း ဗန်းမော်မြို့တွင် နှစ်ပေခွဲခန့်၊ နောက်တစ်ရက်မှ လေးရက်အတွင်း ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် ငါးပေမှ ခုနစ်ပေခန့်၊ နောက်နှစ်ရက်မှ ခုနစ်ရက်အတွင်း မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ငါးပေမှ ခြောက်ပေခန့်၊ နောက်သုံးရက်မှ ၁၀ ရက်အတွင်း ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတ မြို့နှင့် ဇလွန်မြို့တို့တွင် လေးပေမှ ငါးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက် လာနိုင်သည်။

သို့ဖြစ်၍ မြစ်ကြောင်းများအတွင်း သွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေမြင့်တက်လာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

(မြန်မာ့အလင်း)

'ရလဒ်' ကောင်းဖို့ 'ကျောင်းကောင်း' ရွေးပါ
ပပဲ့ပန်းနိုင် ကြယ်စင်
တည်ထောင်သည့်
ကိုယ်ပိုင်အထက်တန်းကျောင်း
ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်မှတ်ပုံတင်အမှတ် (ကက-၁၃/၄၄/၀၆၂)
ကျောင်းကြီး၊ ကျူရှင်၊ ဝိုင်း တက်စရာ မလိုတော့ပါ။ STUDY GUIDE နှင့် စာသင်၊ စာကျက်၊ စာစစ် စီစဉ်ပေးသည်။
၁၀ တန်း(မတ် ၁၅)၊ ၉ တန်း(မေ ၂၇)၊ ၈၊၇၊၆၊၅ တန်း (မေ ၄) စမည်။ ကျောင်းကား(ကြို/ပို့) ferry စီစဉ်ပေးသည်။
ကျောင်း မြေအမှတ် ၉(ခ)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း ၀၁ ၂၃၀ ၂၀၀၇၊ ၀၁ ၂၃၀ ၂၀၀၉၊ ၀၉ ၂၅၀ ၃၁ ၂၀၂၀
၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက်
ကျောင်းအပ် လက်ခံပါပြီ
[ကြိုအပ်ခြင်းဖြင့် သေချာမှုကို ရယူပါ]
အဆင့်မြင့် ဘော်ဒါ
ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
[မေ ၂၇ ကျောင်းသူ၊ မေ ၂၉ ကျောင်းသား ဘော်ဒါ စ,ဝင်ရမည်]
ဘော်ဒါ အမှတ်(၁၁၁/၁၁၃)၊ ၅၇ လမ်း၊ ပုဇွန်တောင်မြို့နယ်။
ဖုန်း ၀၁ ၃၉၇၉၃၉၊ ၀၉ ၅၁၉ ၇၇၂၆၊ ၀၉ ၅၁၇ ၆၅၄၃၊
FORWARD အဆင့်မြင့် စာသင်ဝိုင်း
၁၀ တန်း၊ ၉ တန်း၊ ၈ တန်း(ဘာသာစုံ)
၁၀ တန်း [ ဉာဏ်ရည်မြင့်(၉)ယောက်ဝိုင်း ] အထူးသီးသန့် ရှိသည်။
၁၀ တန်း(မတ် ၁၅)၊ ၉ တန်း(မေ ၂၇)၊ ၈ တန်း(မေ ၂၉) စ,မည်။
ဝိုင်း အမှတ်(၄၄)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။
ဖုန်း ၀၁ ၂၄၉၆၄၉၊ ၀၁ ၃၈၅ ၀၉၇၊
ကျောင်း(သို့) ဘော်ဒါ (သို့) စာသင်ဝိုင်း ကြိုက်ရာ ရွေးချယ် အပ်နှံနိုင်သည်။
Hot Line: 01 249 649, 01 230 2009, 09 250 31 2020, 09 519 7726